# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ညီညွတ်ခြင်းသည် ချမ်းသာခြင်း**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။

(ဓမ္မပဒ - ၁၉၄)


၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်၊ တနင်္လာနေ့ အတွဲ (၅၆)၊ အမှတ် (၀၃၁)


# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းများ ရေစီးကြောင်းပြောင်းလဲ

# တောင်သာရှိ ဆိတ်ညံမြစ်ရေတင်စီမံကိန်းဓာတ်အားခွဲရုံနှင့်ကျေးရွာများ စိုးရိမ်ရ



**တောင်သာ အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌အောက်တိုဘာလအတွင်း မိုးများအဆက်မပြတ်ရွာသွန်းခဲ့ရာ ဆည်ကန်များ၌ ရေများပြည့်လျှံနေပြီး ရေပိုလွှဲကျော်ခြင်း၊ ဆင်တဲဝချောင်းရေများရေစီးကြောင်း ပြောင်းလဲစီးဆင်း၍ ချောင်းရိုးတစ်လျှောက်ရှိ ကျေးရွာအချို့နှင့် လယ်ယာမြေစိုက်ပျိုးသီးနှံများ ရေလွှမ်းခြင်း၊ နေအိမ်များ ရွှေ့ပြောင်းရခြင်း၊ လမ်းများ ရေတိုက်စားခြင်းတို့ ဖြစ်ပေါ်ခဲ့သည့်အပြင် ဆိတ်ညံမြစ်ရေတင်စီမံကိန်းနေရာရှိ ဓာတ်အားခွဲရုံနှင့် အဆောက်အအုံများပါ ရေတိုက်စားသည့် အန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း သိရသည်။

"ဆင်တဲဝချောင်းရေက ရေလမ်းကြောင်းပြောင်းလာပြီး လက်ပံတောတိုက် တောင်ဘက်နားကနေ ရေတွေဖြတ်စီးလာတာပါ။ အရင်က မဖြစ်ခဲ့ဖူးဘူး။ သဲထုတ်ယူတယ်။သစ်ပင်တွေခုတ်တယ်။ ကြက်သွန်စံကွက်အတွက် ပြုပြင်ရင်းနဲ့ ရေလမ်းက နိမ့်ရာဘက်စီးလာပြီးတော့ အခုလို ရေကျော်မှုတွေဖြစ်လာတာပါ" ဟု အေးရွာမှ ဦးမြင့်ဆွေက ပြောသည်။

ဆင်တဲဝချောင်းရေ ဖြတ်ကျော်စီးဆင်းမှုကြောင့် အိမ်ရာများရွှေ့ပြောင်း


*စာမျက်နှာ ၃ ကော်လံ ၆* ◆


# တောင်တွင်းကြီးမြို့နယ် ငမင်ကြိုးဝိုင်းဒေသ၌ ဧက ၁၂၀ သဘာဝအခြေခံသစ်တောစိုက်ခင်း ထူထောင်မည်

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ငမင်ကြိုးဝိုင်းဒေသ၌ တရုတ်-မြန်မာ ချစ်ကြည်ရေး သဘာဝအခြေခံ သရုပ်ပြသစ်တောစိုက်ခင်းကို လာမည့်နှစ်တွင် ထူထောင်သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုရစ္ဆာန်ဥယျာဉ် သဘာဝသမိုင်းပြတိုက်ခန်းမ၌ကျင်းပသည့် တရုတ်-မြန်မာ ချစ်ကြည်ရေးသဘာဝအခြေခံသရုပ်ပြ သစ်တောစီမံကိန်း စတင်ခြင်းအခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားခဲ့သည်။

"၂၀၁၇ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ၁၀ နှစ်စီမံချက်နဲ့ သယံဇာတနဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မယ့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးရဲ့ ကနဦးပံ့ပိုးကူညီမှုနဲ့ ချစ်ကြည်ရေး သရုပ်ပြသစ်တောစိုက်ခင်းထူထောင်သွားမှာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

အဆိုပါ ကြိုးဝိုင်းအတွင်း၌ လာမည့် ၂၀၁၇ ခုနှစ်မိုးရာသီတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကာ လတ်တလောတွင် မြေနေရာ သတ်မှတ်ထားပြီး ကျွန်းနှင့် သစ်မာမျိုးစုံကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊


*စာမျက်နှာ ၃ ကော်လံ ၁* ❖


## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ (မိုး/ဇလ)




# ဆူးစူး၍ပင် အပ်နှင့်ထွင်သည် ...

“ အမှန်တရားကဖိနပ်စီးနေချိန်တွင် မုသာဝါဒက ကမ္ဘာတစ်ဝက်ခရီး ပေါက်နိုင်ခဲ့လေပြီ”

လိမ်လည်မှုက အမှန်တရားထက်ပို၍လွယ်ကူလျင်မြန်စွာပျံ့နှံ့တတ်သည်။ လူတို့၏သဘာဝက ဏ္ဍဋ္ဌာရုံထက် အနိဋ္ဌာရုံကို ပို၍စိတ်ဝင်စားတတ်သောသဘောရှိသည်။ သတင်းအမှန်ထက်အတင်းအဖျင်းဘက်မှာအားသန်တတ်သည်။ လူ့သဘောလူ့မနောကို ပြက်ပြက်ထင်ထင်ဖော်ပြနေသောအထက်ပါဆိုရိုးစကားကို မတ်က်တွိန်း၊ ဝင်စတန်ချာချီ၊ သောမတ်စ်ဂျက်ဖာဆင်စသောကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများက ၎င်းတို့၏စာပေများ၊ မိန့်ခွန်းများတွင် ကိုးကားခဲ့ကြဖူးသည်။ သို့ရာတွင် အချို့သောမုသာဝါဒများ၊ လိမ်လည်မှု များက အတင်းအဖျင်းသက်သက်သာမဟုတ်ဘဲ နောက်ကွယ်တွင် ရည်ရွယ်ချက်များရှိနေကြသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၉ ရက်က ရခိုင်ပြည်နယ်မြောက်ပိုင်းနယ်စပ်ဒေသ မောင်တောခရိုင်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်ကိုးဦးကျဆုံးခဲ့ပြီး လက်နက် ၅၀ ကျော် ပါရှိသွားခဲ့ရသော အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် အဆိုပါဒေသကို စစ်ဆင်ရေးနယ်မြေအဖြစ်သတ်မှတ်ကာ နယ်မြေရှင်းလင်းမှုများပြုလုပ်ခဲ့ရသည်။ ပြည်ပအခြေစိုက် အကြမ်းဖက် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တို့၏ကူညီထောက်ပံ့မှု၊ အကွက်ချစီမံမှုများဖြင့် အချိန်ကိုက်ဆောင်ရွက်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများမှာ ၎င်းတို့၏ မဟာဗျူဟာရည်မှန်းချက် အတော်များများ ပေါက်မြောက်အောင်မြင်ခဲ့သည်ဟု သုံးသပ်တွေ့ရှိနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များအား ပုံပျက်ပန်းပျက်ဖြစ်စေကာ လမ်းကြောင်း လွဲချော်သွားစေရေး၊ နှောင့်နှေးရပ်တန့်သွားစေရေးနှင့် ဒေသခံတိုင်းရင်းသားများအကြောက်တရားဖြင့် နယ်မြေစွန့်ခွာထွက်ပြေးသွားစေရေးတို့ကို ရည်ရွယ်၍အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့က နယ်မြေရှင်းလင်းမှုများပြုလုပ်သည့်အခါတွင်မူ အမျိုးသမီးများမတရားပြုကျင့်ခံရကြောင်း၊ ဘာသာရေးအဆောက်အအုံများအတွင်း မဖွယ်မရာပြုလုပ်ခြင်း၊ ပစ္စည်းဥစ္စာများလုယက်ခြင်း၊ နေအိမ်များကိုမီးရှို့ခြင်းအပါအဝင် လူ့အခွင့်အရေးချိုးဖောက်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း စသည်ဖြင့် ဘာသာရေး၊ လူမျိုးရေးအခြေခံဝါဒီအကြမ်းဖက်သမားတို့နှင့် ချိတ်ဆက်တည်ဆောက်ထားသည့် မီဒီယာကွန်ရက်က ကမ္ဘာသို့ အချိန်မဆိုင်းဘဲထုတ်လွှင့်ခဲ့ကြသည်။

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ပြဿနာကိုအကောင်းဆုံးဖြစ်အောင်၊ မျှမျှတတဖြစ်အောင်တရားဥပဒေစိုးမိုးရေးနည်းလမ်းဖြင့်ဖြေရှင်းနိုင်ရေးကြိုးပမ်းနေသည်ဆိုသည်ကို ကမ္ဘာ့နိုင်ငံများအားလုံးသို့ အသိပေးပြောကြားလိုကြောင်း၊ လူ့အခွင့်အရေးနှင့်ပတ်သက်၍ မြန်မာအစိုးရအနေဖြင့် အကောင်းဆုံးကြိုးစားဖြေရှင်းနေပါကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုတိုင်ကြားချက်များအပေါ် စုံစမ်းစစ်ဆေးမှုများ စနစ်တကျပြုလုပ်နေပါကြောင်း၊ နိုင်ငံတိုင်း၌ လူ့အခွင့်အရေးပြဿနာမှာအနည်းနှင့်အများ ရှိကြပါကြောင်း၊ လူ့အခွင့်အရေးအဓိပ္ပာယ်မှာ ကျယ်ပြန့်သည်ဆိုသည်ကို အားလုံးနည်းလည်သဘောပေါက်ရန် လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ရရှိရေးအတွက် အစိုးရက အကောင်းဆုံးလုပ်ဆောင်လျက်ရှိကြောင်း အောက်တိုဘာ ၁၂ ရက်က ကျင်းပသည့် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မောင်တောနှင့်ရသေ့တောင်ဒေသတို့တွင် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက် သတ်ဖြတ်မှုဖြစ်စဉ်များကြောင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသာမက နယ်မြေရှင်းလင်းရေးပြုလုပ်စဉ်တပ်မတော်သားများလည်း ကျဆုံးခဲ့ရသည်။ ဒေသတွင်းလူနည်းစုဘဝကို ရောက်နေရပြီဖြစ်သော ဌာနေတိုင်းရင်းသားမိသားစုများမှာလည်း အိုးပစ်၊ အိမ်ပစ်၊ လယ်ယာမြေများကိုပစ်၍ ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ သစ်ခုတ်ဝါးခုတ်သွားသူ ဒေသခံများမှာလည်း ပစ်ခတ်သတ်ဖြတ်မှုကိုခံကြရသည်။ အဆိုပါအခြေအနေများကို ဖုံးကွယ်သွားစေရေးအတွက် အကြမ်းဖက်သမားတို့နှင့် လက်ဝါးရိုက်ထားသည့်မီဒီယာများ၊ လူမှုကွန်ရက်များက ၎င်းတို့၏ ဝါဒဖြန့်ချိရေးသတင်းအတုအယောင်များကို အစစ်အမှန်များနှင့် ပုံမှားရိုက်ထုတ်လွှင့်နေသကဲ့သို့ နိုင်ငံတကာမှမီဒီယာအချို့ကလည်း အတည်ပြုစိစစ်မှု အားနည်းလှစွာသောအချက်အလက်များကို စုစည်းကာ သတင်းအဖြစ်ထုတ်လွှင့်ဖော်ပြမှုများပြုလုပ်နေကြသည်ကိုတွေ့ရသည်။

စင်စစ်အားဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးသည် ဘာသာရေး၊ လူမျိုးရေးမဟုတ်၊ မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်နက်ကို ထိပါးလာသည့်အရေးဖြစ်သည်။ ရခိုင်တိုင်းရင်းသားတို့သည်လည်း ဘာသာခြား၊လူမျိုးခြားတို့ကို ရန်လိုနေသူများမဟုတ်။ အစ္စလာမ်ဘာသာဝင်ကမန်လူမျိုးတို့ကို ညီနောင်တိုင်းရင်းသားများအဖြစ်လက်ခံ၍ နှစ်ပရိစ္ဆေဒများစွာကြာအောင် ချစ်ခင်ရင်းနှီးစွာ အတူယှဉ်တွဲ၍နေထိုင်လာခဲ့သော အစဉ်အလာရှိခဲ့သူများဖြစ်သည်။ အချုပ်အခြာအာဏာကိုထိပါးလာခြင်း၊ တိုင်းရင်းသားပြည်သူလူထု ၏အသက်အိုးအိမ်စည်းစိမ်တို့ကိုထိပါးလာခြင်း၊ တရား ဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ထိပါးလာခြင်းတို့မှာမူ နိုင်ငံတော်အနေဖြင့် မဖြစ်မနေရှင်းလင်းရမည့်တာဝန်ရှိသည်။

တစ်နည်းအားဖြင့်ဆိုရလျှင် ဆူးစူး၍ပင် အပ်နှင့်ထွင်ရခြင်းဖြစ်ပါသည်။




# မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး) သက်ကြီးဆရာဝန်ကြီးများ ပူဇော်ကန်တော့

**မန္တလေး အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သဟာယအဖွဲ့က စီစဉ်ကျင်းပသည့် (၁၁) ကြိမ်မြောက် အသက် ၇၀ နှစ်အထက် သက်ကြီးဆရာဝန်ကြီးများ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို မန္တလေးမြို့၃၁ လမ်းနှင့် လမ်း ၇၀ ထောင့်ရှိမြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) သုံးထပ်ဆောင် မြေညီထပ်ခန်းမ၌ အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မောင်မြင့်က ဂါရဝပြုနှုတ်ခွန်းဆက်စကားပြောကြားပြီး သဟာယအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မာလာဝင်းက သက်ကြီးဆရာဝန်ကြီးများ ပူဇော်ကန်တော့ပွဲ ဖြစ်မြောက်ရေးကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကန်တော့ခံသက်ကြီးဆရာဝန်ကြီးများအား သက်ငယ်ဆရာဝန်များက ဦးချကန်တော့၍ ဂါရဝပြုကန်တော့ပစ္စည်းများ ပေးအပ်ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျေးရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**လွိုင်ကော် အောက်တိုဘာ ၃၀**

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါပေါ်ကလဲကျေးရွာအုပ်စု ထေးငှါးလျားကျေးရွာ ထေးငှါးလျားဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၂၉ ရက်က ဒေသခံပြည်သူများအား လွိုင်ကော်တပ်နယ် တပ်နယ်မှူးရုံးမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် လွိုင်ကော်တပ်နယ် တပ်နယ်မှူးရုံး အမှတ် (၃၅၆) အမြောက်တပ်ရင်းမှ တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး သန်းတင့် ဦးစီးသောဆေးဝန်ထမ်း ငါးဦးသည် ထေးငှါးလျားကျေးရွာရှိ ထိခိုက်ရှနာအထွေထွေရောဂါနှင့် ဆီးချို၊ သွေးချိုရှိသည့် ရောဂါသည်ဝေဒနာရှင်များအား အခမဲ့ဆေးကုသမှုနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**



# ပြင်သစ်နိုင်ငံ အဆင့်မြင့်ပညာရေးပြပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံး ပြင်သစ်ယဉ်ကျေးမှုဌာနနှင့် ပြင်သစ်အဆင့်မြင့်ပညာရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ပြင်သစ်အဆင့်မြင့်ပညာရေးပြပွဲ ၂၀၁၆ ကို နိုဝင်ဘာ ၈ ရက်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်းရှိ ပြင်သစ်ယဉ်ကျေးမှုဌာနနှင့် နိုဝင်ဘာ ၁၀ ရက်တွင် မန္တလေး Hotel Morvel တို့၌ နံနက် ၉ နာရီမှ မွန်းလွဲ ၁နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြင်သစ်နိုင်ငံရှိ တက္ကသိုလ်ကောလိပ်ခြောက်ခုတို့မှ နိုင်ငံရေးသိပ္ပံပညာ၊ ယဉ်ကျေးမှု၊ အင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်များ၊ ပညာသင်ဆုများအကြောင်း၊ အခမဲ့ ပြင်သစ်စာသင်တန်းများနှင့် ပြင်သစ်နိုင်ငံပညာရေးအကြောင်းတို့ကို လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ ပြင်သစ်ယဉ်ကျေးမှုဌာန လက်ထောက်ယဉ်ကျေးမှုဆိုင်ရာ သံအရာရှိ ဆေဘတ်(စ်) တီယံဘရီးက “ကမ္ဘာတစ်ဝန်းက ကျောင်းသားကျောင်းသူတွေအနေနဲ့ ပြင်သစ်စာသင်ကြားမှုကို ပိုပြီးစိတ်ဝင်တစား ရှိတာတွေ့ရတယ်။ ပြင်သစ်နိုင်ငံပညာရေးစနစ်က ကမ္ဘာပေါ်မှာ စတုတ္ထမြောက် အကောင်းဆုံးဖြစ်ပါတယ်။ အင်္ဂလန်နဲ့ အမေရိကန်ပြည်ထောင်စုပြီးရင် အင်္ဂလိပ်စကားမပြောတဲ့ နိုင်ငံတွေကြား ရေပန်းအစားဆုံးဖြစ်တဲ့အပြင် တက်ရောက်ရာမှာ ပြင်သစ်စာကျွမ်းကျင်ဖို့မလိုဘဲ ကျောင်းသင်ခန်းစာတွေကို အင်္ဂလိပ်ဘာသာနဲ့ သင်ကြားပေးလျက်ရှိပါတယ်” ဟုပြောသည်။

ပြင်သစ်နိုင်ငံသို့ နှစ်စဉ်နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူ သုံးသိန်းနီးပါး လာရောက်ပညာသင်ကြားလျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစရိတ်သက်သာခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများရရှိခြင်းတို့ ခံစားနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှလည်း ကျောင်းသား ကျောင်းသူ ၃၀ ခန့် ပြင်သစ်နိုင်ငံရှိ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**မွန်းဦးနဒီ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၃၀-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

### ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၀၀၀ |

### စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

### နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၁ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၇ ・ ၈၉ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၄၇၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၁၃၈ |
| တရုတ် | တစ်ယွမ် | ၁၈၈ ・ ၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၂၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ ဂယောင်းဘို့နန်းတော်နှင့် ပြတိုက်သို့ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၃၀**

ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဆိုးလ်မြို့ရှိ ဂယောင်းဘို့နန်းတော်နှင့်ပြတိုက်သို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက နန်းတော်နှင့်ပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သွားရောက်လေ့လာ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဆိုးလ်မြို့ရှိ ဂယောင်းဘို့နန်းတော်နှင့် ပြတိုက်၌ လေ့လာကြည့်ရှုစဉ်
(သတင်းစဉ်)




# ယနေ့အထိ ပြည်သူ ၅၄၈၈၅ ဦးအား မူခင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၃၀**

တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများသည် မူခင်းပညာပေးပြခန်းယာဉ်များဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအား မူခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် လှည့်လည်ပြသလျက်ရှိရာ အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီခွဲ၌ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် နှစ်ကိုင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ ကွမ်သတ်ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးရှေ့နှင့် ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာလမ်းဆုံတို့၌ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူနှင့် ပြည်သူများ စုစုပေါင်း ၄၃၉ ဦးအား မူခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပြသခဲ့သည်။



အလားတူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ မူခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို မူခင်းပညာပေးပြခန်းယာဉ်များဖြင့် လှည့်လည်ပညာပေးပြသခဲ့ကြောင်း သိရသည်။ စက်တင်ဘာ ၁၂ ရက်မှ ယနေ့အထိ ပြည်သူ၊ ဆရာ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ၊ ကြက်ခြေနီမီးသတ်တပ်ဖွဲ့ဝင်၊ တပ်မတော်သားနှင့် မိသားစုဝင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များ စုစုပေါင်း ၅၄၈၈၅ ဦးအား ပညာပေး ဆောင်ရွက်နိုင်ခဲ့ပြီး တပ်ဖွဲ့ဝင်များက မူခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**

◆ *ရှေ့ဖုံးမှ*

နေထိုင်ရပြီး လူမှုဒုက္ခများပါ တွေ့ကြုံနေရကြောင်း သိရသည်။

"ချက်ပြုတ်စရာတွေယူပြီး သူများအိမ်ကို သွားချက်ရတယ်။ တစ်လလောက်ရှိပြီ။ အလုပ်အကိုင်ရှိဖို့ထက် နေထိုင်စားသောက် သွားလာနေရတာကိုက ခက်ခဲပါတယ်"ဟု အေးရွာဒေသခံတစ်ဦးက ပြောသည်။

ထို့အပြင် ဆိတ်ညံ့ရေဝတီမြစ်ရေစီမံကိန်းရှိ ဓာတ်အားပေးရုံနှင့် ရှင်းလင်းဆောင်များမှာလည်း ရေတိုက်စားမှုအန္တရာယ်ကြောင့် စိုးရိမ်ဖွယ်ဖြစ်နေပြီး စိုက်ပျိုးကေများအတွက် ရေပေးဝေနိုင်မှု မရှိမည်ကို စိုးရိမ်ရကြောင်းသိရသည်။

"မိုးရွာတာများတာရယ်၊ ဆင်တဲဝချောင်းကမကောင်းတော့ဘူး။ ရေစီးကြောင်းပြောင်းပြီး ဒီဘက်ကိုချောင်းရေကဦးတည်ဝင်လာတော့ အခုလို ဖြစ်တာပါ။ အရင်မကြုံဖူးပါဘူး။ မရိုးကျေးရွာ၊ အေးရွာတွေကိုဖြတ်စီးလာတာဆိုတော့ ပျက်စီးမှုရှိပါတယ်။ ရေရှည်မှာ ထိန်းသိမ်းဖို့လိုလာပါပြီ။ ထရန်စဖော်မာနေရာနဲ့ ရှင်းလင်းဆောင် ကြံ့ခိုင်မှုဖြစ်ဖို့ လောလောဆယ် ဝါးထရံတွေနဲ့ ကမ်းကာစပါးတန်းတွေလုပ်ပြီး ပြင်ဆင်မှုလုပ်ထားပါတယ်။ သက်ဆိုင်ရာကိုတင်ပြထားပြီးဖြစ်ပါတယ်။ ဒီစီမံကိန်းကစပါးစိုက်ဧက ၁၁၂၀ အခြားသီးနှံ ၃၇၈ ဧက ရှိနေတော့ တောင်သူတွေအတွက် မနှစ်နာအောင် အချိန်မီ ပြုပြင်ဖို့တော့လိုပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုနှင့်အတူ ဆင်တဲဝချောင်း၏ရေစီးကြောင်း ပြောင်းလဲမှုကြောင့် မြို့နယ်တွင်းကျေးရွာများနှင့် ပတ်ဝန်းကျင်နေရာများ ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိရာ သက်ဆိုင်ရာမှ အချိန်မီတားဆီးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ **လင်းလက်ကြယ်(တောင်သာ)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

❖ *ရှေ့ဖုံးမှ*

အဆိုပါနေရာသည် နေပြည်တော်နှင့် ၄၅ မိုင်ခန့်သာဝေးသော နေရာဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်က "လာမယ့်နှစ်မှာ အပင်ပေါင်းလေးသောင်းနှစ်ထောင်ခန့်ကို ဧကပေါင်း ၁၂၀ မှာ ငွေကျပ်သိန်းငါးထောင်ကို အသုံးပြုပြီး စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တာဟာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်နဲ့ ရာသီဥတုပြောင်းလဲခြင်းမှာ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို လျှော့ချပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံအစိုးရနှင့် တရုတ်နိုင်ငံအစိုးရတို့အကြား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် နားလည်မှုစာချွန်လွှာတစ်ရပ်ရေးထိုးပြီး သစ်တောသယံဇာတ တရားမဝင်ထုတ်လုပ်မှုများအားထိရောက်စွာကာကွယ်ရေး၊ တရားဝင်ကုန်သွယ်မှု မူဝါဒလုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသက်မွေးဝမ်းကျောင်းနှင့်လူနေမှုစနစ်များ မြှင့်တင်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ထို့ပြင် တရုတ်သိပ္ပံအကယ်ဒမီ (CAS) နှင့် ငါးနှစ်သက်တမ်းရှိသော နားလည်မှုစာချွန်လွှာရေးထိုးကာ ပညာရပ်ဆိုင်ရာသုတေသနလုပ်ငန်းများ၊ ပညာပေးအစီအစဉ်များနှင့် သတင်းအချက်အလက်ဖလှယ်ခြင်း လုပ်ငန်းများတွင် ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။



ယခုကျင်းပသည့် အခမ်းအနားကို တရုတ်သံရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ Global Environmental Institute (GEI)၊ Blue Moon Fund နှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအဖွဲ့များ တက်ရောက်ခဲ့ကြပြီး အမှတ်တရသစ်ပင် ၃၂ ပင်ကို သဘာဝသမိုင်းပြတိုက်ခန်းမအနီး၌ စုပေါင်း၍ အမှတ်တရစိုက်ပျိုးခဲ့ကြသည်။ **(ဝဲပုံ)**

**သတင်း - မြတ်စန္ဒီ၊ ဓာတ်ပုံ - ရဲထွဋ်**



**ရန်ကုန်မြို့တွင်း မူခင်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေး Pilot Project အစီအစဉ်အရ ရဲနှင့် ပြည်သူပူးပေါင်း၍လုံခြုံရေးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက်က ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်အခြေပြုအဖွဲ့သို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်းဦးဆောင်၍ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်သိန်းဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်အောင်တို့ လာရောက်အားပေးစဉ်**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ Shan Xi ပြည်နယ်ရှိ ဗုဒ္ဓမြတ်စွာဘုရား၏ လက်ရိုးတော်အား ဖူးမြော်ကြည်ညို

နေပြည်တော် အောက်တိုဘာ ၃၀

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့အား ယမန်နေ့ညက Shan Xi ပြည်နယ် စစ်ဒေသမှူး Maj. Gen. Gao Longfu က Xian မြို့ Hyatt Regency ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စကြာမုနိ လက်ရိုးတော်ဘုရား၌ အလှူငွေ လှူဒါန်းစဉ်

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Xian မြို့တွင်းရှိ Tang Le Gong ကပွဲရုံသို့ သွားရောက်ပြီး Tang မင်းဆက်ခေတ်ကာလ အဆိုအက ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များအား ကြည့်ရှုအားပေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် Shan Xi ပြည်နယ် Bao Ji မြို့ရှိ စကြာမုနိ လက်ရိုးတော်ဘုရား(Fa Man Si)သို့ သွားရောက်ပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဗုဒ္ဓမြတ်စွာဘုရား၏ လက်ရိုးတော်အား ဖူးမြော်ကြည်ညိုကာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ရှီအန်းမြို့မှ ပေကျင်းမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိပြီး သံရုံးဧည့်ခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားများ၊ သံရုံး/စစ်သံရုံးမိသားစုများအား တွေ့ဆုံ အမှာစကား ပြောကြားကာ အမှတ်တရပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့အား သံရုံးမိသားစုများက ညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**



ဗုဒ္ဓမြတ်စွာဘုရား၏ လက်ရိုးတော်

# မြန်မာနိုင်ငံကင်းထောက် ရာပြည့်အထိမ်းအမှတ် ကျင်းပရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံကင်းထောက်ရာပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၉ ရက်က ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံကင်းထောက်ရာပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကင်းထောက် အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်၊ ကင်းထောက်ကြီးများနှင့် ဆပ်ကော်မတီများအလိုက် နိုင်ငံတကာမှ ကင်းထောက်အဖွဲ့များ ဖိတ်ကြားရေး ကင်းထောက်ကြီးများတွေ့ဆုံပွဲ၊ ကင်းထောက်လှုပ်ရှားမှုကျောင်း၊ ခရိုင်အလိုက် စွမ်းရည်ပြိုင်ပွဲများကျင်းပရေး၊ အထိမ်းအမှတ်ပစ္စည်းများပြုလုပ်ရောင်းချပြီး ရန်ပုံငွေရှာဖွေရေး၊ ဂီတဖျော်ဖြေပွဲကျင်းပရေး၊ ရာပြည့်အထိမ်းအမှတ် သတင်းနှင့်ဆောင်းပါးများ ရေးသားဖော်ပြရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရာပြည့်အခမ်းအနားများ ကျင်းပရေးတို့ကို ဆွေးနွေးကြသည်။ မြန်မာနိုင်ငံကင်းထောက်ရာပြည့်အထိမ်းအမှတ်အကြိုအခမ်းအနားကို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ကင်းထောက်အဖွဲ့များက နိုဝင်ဘာ ၂၇ ရက်တွင် ရန်ကုန် စိန်ရတုခန်းမ၌ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ **ကိုလတ်(သတင်းစဉ်)**

# စစ်ဘေးရှောင်ကျောင်းသား ကျောင်းသူများအား ခေါင်းစွပ်အနွေးထည်များ ထောက်ပံ့လှူဒါန်း

**ကျောက်မဲ အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက စစ်ဘေးရှောင်ကျောင်းသား ကျောင်းသူများအား ခေါင်းစွပ်အနွေးထည်များကို အောက်တိုဘာ ၂၉ ရက်က ထောက်ပံ့လှူဒါန်းခဲ့သည်။

အဆိုပါလှူဒါန်းပွဲတွင် မြို့နယ်စစ်ဘေးရှောင် ဦးစီးကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်က အမှာစကား ပြောကြားပြီး ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာ ဖောင်ဒေးရှင်းကိုယ်စား ကျောက်မဲမြို့ ကမ္ဘောဇဘဏ်ခွဲ တာဝန်ခံ ဒေါ်နန်းကျော့သန္တာအေးက ကျောက်မဲမြို့ရှိ အောင်ဆုပန်ကျောင်းတိုက်၊ အေးမေတ္တာ ကျောင်းတိုက်၊ ကျားငါးကောင်ဆေးတိုက်နှင့် မိဘဆွေမျိုးများထံ နေထိုင်၍ ပညာသင်ကြားနေကြသော စစ်ဘေးရှောင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် ခေါင်းစွပ်အနွေးထည်များကို ထောက်ပံ့ပေးအပ်လှူဒါန်းရာ မြို့နယ်စစ်ဘေးရှောင် ဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စစ်ဘေးရှောင် ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများ ကိုယ်စား လက်ခံယူခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**





ဝက်ဆီဖတ်စက်ရုံ မီးခိုးတိုင်များကိုတွေ့ရစဉ်

# ပတ်ဝန်းကျင်ပြည်သူများ ကျန်းမာရေးထိခိုက်စေသော ဝက်ဆီဖတ်စက်ရုံ စည်ပင်သို့တိုင်ကြားသော်လည်းထူးခြားမှုမရှိကြောင်း ရပ်ကွက်ပြည်သူများ ပြောကြား

**ရန်ကုန် အောက်တိုဘာ ၃၀**

ပတ်ဝန်းကျင်ပြည်သူများကို အနံ့အသက်၊ မီးခိုးများဖြင့် အနှောင့်အယှက်ဖြစ်စေသော သာကေတမြို့နယ် ရန်နိုင်ဆွေ (၂) လမ်းရှိ ဝက်ဆီဖတ်စက်ရုံကို ပတ်ဝန်းကျင်ရှိပြည်သူများက ကျန်းမာရေးအရ ထိခိုက်မှုများရှိလာသဖြင့် သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သို့ တိုင်ကြားသော်လည်း ထူးခြားမှုမရှိဘဲ ဆက်လက်လုပ်ဆောင်နေကြောင်း အနီးဝန်းကျင်နေ ပြည်သူတစ်ဦးက ပြောကြားသည်။

“ဒီဝက်ဆီဖတ်စက်ရုံနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ပတ်ဝန်းကျင်ပြည်သူတွေ တော်တော်လေး အနံ့အသက်ဆိုးတွေကို ခံနေရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပတ်ဝန်းကျင် ပြည်သူတွေအနေနဲ့ ရန်ကုန်မြို့တော်စည်ပင်ကို အကြိမ်ကြိမ် တိုင်ကြားခဲ့ပြီးပါပြီ။ ထူးခြားမှု လုံးဝမရှိပါဘူး။ ကျွန်တော်တို့ ကြားတာကတော့ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ လုပ်ငန်းရပ်ဆိုင်းထားတယ်၊ လိုင်စင်လည်း ပိတ်သိမ်းထားတယ်လို့ သိရပါတယ်။ ဒီစက်ရုံရဲ့ မီးခိုးငွေ့တွေ၊ အနံ့အသက်တွေက တော်တော်လေးကိုဆိုးရွားပါတယ်။ ဒါကြောင့် ကျွန်တော်တို့လည်း ဒီဝက်ဆီဖတ်စက်ရုံ ပိုင်ရှင်နဲ့ သွားညှိနှိုင်းပါတယ်။ အခုလို အချိန်ပြည့် မလုပ်ဖို့နဲ့ အချိန်ပိုင်းပြောင်းလုပ်ဖို့။ ဒါပေမယ့် သူတို့က ညှိနှိုင်းလို့မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ပတ်ဝန်းကျင်နေ ပြည်သူတွေလည်း ပြီးခဲ့တဲ့ မတ်လကတည်းက စပြီးတိုင်တန်းခဲ့တာပါ။ ဒါပေမယ့်လည်း ခုချိန်ထိ ထူးခြားမှု မရှိသေးဘဲ စက်ရုံက ဆက်လက်လည်ပတ် လုပ်ဆောင်နေဆဲပါ”ဟု ဝက်ဆီဖတ်စက်ရုံ အနီးဝန်းကျင်နေသူတစ်ဦးက ပြောသည်။

အဆိုပါ ဝက်ဆီဖတ်စက်ရုံ၏ အညော်နံ့နှင့် မီးခိုးပြာများကြောင့် ပတ်ဝန်းကျင်ရှိပြည်သူများ ကျန်းမာရေးထိခိုက်မှုများ ရှိလာသဖြင့် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် မတ်လတွင် တစ်ကြိမ်၊ ယခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ်၊ မတ်လတွင် တစ်ကြိမ်နှင့် ဇွန်လတွင် တစ်ကြိမ် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ စာဖြင့် သင့်တော်သလို ဖြေရှင်းဆောင်ရွက်ပေးပါရန် တင်ပြခဲ့ကြောင်း သိရသည်။ ယင်းတင်ပြတိုင်တန်းချက်များကြောင့် ဝက်ဆီဖတ်စက်ရုံသို့ အသိပေးအကြောင်းကြားခဲ့သော်လည်း ထူးခြားမှုတစ်စုံတစ်ရာမရှိခဲ့ပေ။ ယခုအခါ အဆိုပါ ဝက်ဆီဖတ် စက်ရုံမှာ နေ့ရော၊ ညပါ အဆက်မပြတ် လည်ပတ်လျက် ရှိခြင်းကြောင့် ပတ်ဝန်းကျင်ပြည်သူ တချို့မှာ ကျန်းမာရေး ထိခိုက်လာသဖြင့် သင့်လျော်ရာသို့ ပြောင်းရွှေ့နေထိုင်နေရကြောင်း သိရသည်။

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**

# ရွှေတိဂုံစေတီတော်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၀

**ရွှေတိဂုံစေတီတော်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စေတီတော်ရင်ပြင်ရှိ ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရွှေတိဂုံစေတီတော်၏ လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့် ရွှေသင်္ကန်းကပ်လှူရေးတို့အတွက် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းကိစ္စရပ်များ၊ စေတီတော်မြတ်ကြီး၏ ကြံ့ခိုင်မှုနှင့် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက ဂေါပကအဖွဲ့ စည်းမျဉ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စေတီတော်ဂေါပကအဖွဲ့ဝင်များက ဂေါပကအဖွဲ့၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ အဆိုပါရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် စေတီတော် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်တို့အား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော် ဖူးမြော်ကြည်ညိုသည်။

**(သတင်းစဉ်)**





# စာပေပရိယတ္တိသင်ကြားလျက်ရှိသော တိုင်းရင်းသား၊ တိုင်းရင်းသူ သာမဏေ၊ သီလရှင်များအား စားသောက်ကုန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ကျောင်းများဖြစ်သည့် ကလေးဝတောရ၊ ပိတောက်ရွှေဝါ၊ ရတနာ့ဗိမာန်ကျောင်းများ၌ စာပေပရိယတ္တိသင်ကြားလျက်ရှိသော နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးစု ၂၂ စုမှ သာမဏေ၊ သီလရှင်၊ ကျောင်းသား၊ကျောင်းသူများအတွက် ၁၉၉၃ ခုနှစ်မှစတင်၍ ၂၀၁၆ ခုနှစ် ယနေ့အထိ လစဉ် ဆန်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်းခဲ့သည်မှာ ၂၃ နှစ် ရှိခဲ့ပြီးဖြစ်သည်။

ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါစာသင်တိုက်များသို့ ဆန်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်းပွဲကို နာဂလိုဏ်ဂူရှိ ကလေးဝတောရစာသင်တိုက်၌ ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ဒွိပိဋကရ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယ ကလေးဝဆရာတော် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသက အနုမောဒနာတရားတော်ကို ဩွပရိသတ်များအား ချီးမြှင့်တော်မူပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆရာတော်များထံ ဆန်၊ ဆီ၊ ဆား၊ ပဲများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

လှူဒါန်းရာတွင် မရမ်းကုန်းမြို့နယ် ပရိယတ္တိစာသင်တိုက်သုံးကျောင်းရှိ တိုင်းရင်းသား၊ တိုင်းရင်းသူ သာမဏေ၊ သီလရှင်၊ ကျောင်းသား ကျောင်းသူ ၁၅၆၅ ဦးအတွက် ဆန် ၂၄၃ အိတ်၊ ဆီ ၂၃၅ ပိဿာ၊ ဆား ၂၃၅ ပိဿာ၊ ကုလားပဲ ပိဿာ ၄၇၀ တို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗိုလ်တထောင်စေတီနှင့် ရွှေဘုန်းပွင့်စေတီတို့၌ မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်နှင့် ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတို့၌ (တန်ဆောင်မုန်းလပြည့်) နိုဝင်ဘာ ၁၆ ရက် နံနက်အရုဏ်တွင် စေတီတော်မြတ်ကြီးများနှင့် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်ကာ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများ မသိုးရွှေကြာသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

ဆက်ကပ်လှူဒါန်းမည့် မသိုးရွှေကြာသင်္ကန်းတော်များကို (တန်ဆောင်မုန်းလဆန်း ၁၄ ရက်) နိုဝင်ဘာ ၁၃ ရက် ညတွင် ညတွင်းချင်း ယှဉ်ပြိုင်ရက်လုပ်၍ ချုပ်လုပ်ပြီးစီးသည့် ရွှေကြာသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းကြမည် ဖြစ်သည်။ မသိုးရွှေကြာသင်္ကန်းတော်များ ယှဉ်ပြိုင်ရက်လုပ်ရန် လျှောက်လွှာများ ခေါ်ယူထားပြီးဖြစ်သည်။

လျှောက်လွှာ ခေါ်ယူထားရာတွင် ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့ရုံးသို့ အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ရက်ကန်းခတ်ကျွမ်းကျင်သူ အမျိုးသမီးများသည် အောက်တိုဘာ ၃၀ ရက် (တနင်္ဂနွေ)နေ့ ညနေ ၃ နာရီ မတိုင်မီနှင့် ရွှေဘုန်းပွင့် စေတီတော်ဂေါပကအဖွဲ့ရုံးသို့ အသက် ၁၆ နှစ်မှ ၅၀ အတွင်းရှိ ရက်ကန်းခတ်ကျွမ်းကျင်သူ အမျိုးသမီးများသည် အောက်တိုဘာ ၃၁ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်းနှင့် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပွဲတွင် ဆုရရှိသူများအား ဆုတံဆိပ်နှင့် ဆုငွေထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

# ရွှေတိဂုံစေတီတော်၌ မသိုးသင်္ကန်းတော်ကပ်လှူပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၃၀**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် (၃၂)ကြိမ်မြောက် မသိုးသင်္ကန်းတော်ကပ်လှူပူဇော်ပွဲကို (၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်) နိုဝင်ဘာ ၁၄ ရက် အရုဏ်တွင် အာရုံခံတန်ဆောင်းများရှိ ဗုဒ္ဓရုပ်ပွားတော် လေးဆူ၊ အထက်ပစ္စယာ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်နှင့် ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ပြီးစီးသည့် မသိုးသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်း ပူဇော်မည်ဖြစ်သည်။

နိုဝင်ဘာ ၁၃ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက် အဖိတ်နေ့) ညနေ ၄ နာရီတွင် ဂေါပကအဖွဲ့က ဦးဆောင်ကာ ဘာသာရေးဝတ်အသင်းများ၊ ဘုရားဖူးလာပြည်သူများက စေတီတော်ရင်ပြင်၌ လှည့်လည်ပွဲများကျင်းပပြီး ရာဟုထောင့် အောင်မြေ၌ မသိုးသင်္ကန်းတော်များ ယှဉ်ပြိုင်ရက်လုပ်ပွဲ စတင်မည်ဖြစ်သည်။ (တန်ဆောင်မုန်းလပြည့်) နံနက် ၁ နာရီတွင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၌ ဆုရရှိသော အသင်းများနှင့် ပါဝင်ယှဉ်ပြိုင်မည့် အသင်းများအား ဆုများချီးမြှင့်မည်ဖြစ်သည်။

မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပွဲတွင် ရက်ကန်းခတ်ကျွမ်းကျင်သူ အမျိုးသမီးအသင်း ကိုးသင်း ပါဝင်မည်ဖြစ်ပြီး ပထမဆုငွေကျပ် ၃၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၀၀၀၊ တတိယဆု ငွေကျပ် ၂၅၀၀၀၀၊ စတုတ္ထဆုငွေကျပ် ၂၀၀၀၀၀ နှင့် နှစ်သိမ့်ဆုရ အသင်းများအား တစ်သင်းလျှင် ငွေကျပ် ၁၅၀၀၀၀ စီ ချီးမြှင့်မည်ဖြစ်သည်။

မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲတွင် အများပြည်သူတို့ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ညအိပ်ကုသိုလ်ပြုကြမည့် ဘုရားဖူးပြည်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ပါတည်းယူဆောင်လာကြပါရန် စေတီတော်ဂေါပကအဖွဲ့က အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ကိုချစ်**

# ရန်ကုန်မြို့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ စက်ဘီးစီးဝါသနာရှင်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်မြို့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့ နံနက် ၅ နာရီခွဲက ရန်ကုန်မြို့ ကန်တော်ကြီး ကန်ပတ်လမ်းတွင် ပြုလုပ်ရာ စက်ဘီးစီးဝါသနာရှင် ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

အဆိုပါ စုပေါင်းစက်ဘီးစီးနင်းပွဲကို အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်က သေနတ်ပစ်ဖောက် တာလွှတ်ပေးရာ ရန်ကုန်မြို့ရှိ စက်ဘီးစီးအသင်းအဖွဲ့များမှ စက်ဘီးစီးဝါသနာရှင်ပြည်သူ ၄၀၀ ကျော်တို့ ကန်တော်ကြီး ကန်ပတ်လမ်းအား နှစ်ပတ်လှည့်လည်၍ စီးနင်းခဲ့ကြသည်။

“အခုလို ပွဲမျိုးတွေရှိလာတာ အလွန်ကောင်းပါတယ်။ အဖွဲ့လိုက်စီး ဖြစ်လာတဲ့အတွက် မိတ်ဆွေအပေါင်းအသင်းတိုးလာတဲ့အပြင် စုပေါင်းဆောင်ရွက်လိုစိတ်တွေ ပိုဖြစ်လာပါတယ်။ ကျန်းမာရေးအတွက်ဆိုရင်လည်း အများကြီးအထောက်အကူဖြစ်စေတဲ့အတွက် မကြာခဏ လုပ်ပေးသင့်ပါတယ်”ဟု အဆိုပါပွဲတွင် ပါဝင်ဆင်နွှဲသူ Bicycle Network Myanmar စက်ဘီးစီးအသင်းမှ ကိုကျော်က ပြောသည်။

အဆိုပါပွဲကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ဦးဆောင်ပြုလုပ်ခြင်းဖြစ်ပြီး လူသားအားလုံး ကျန်းမာကြံ့ခိုင်ရေး၊ လောင်စာဆီခြိုးခြံချွေတာရေး၊ လေထုညစ်ညမ်းမှု စုပေါင်းလျှော့ချရေးနှင့် ယာဉ်ကျပ်တည်းမှု စုပေါင်းလျှော့ချရေးတို့အတွက် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လူထု စုပေါင်းစက်ဘီးစီးနင်းပွဲကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယခုနှစ်ဇွန်လမှစတင်၍ လစဉ်နောက်ဆုံးအပတ်၏ တနင်္ဂနွေနေ့တိုင်း ပြုလုပ်လေ့ရှိပြီး ခရိုင်လေးခရိုင်အတွင်း အလှည့်ကျ လှည့်လည်ကျင်းပလေ့ရှိရာ ယခုအကြိမ်မှာ ပဉ္စမမြောက် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**



# ပြင်ဦးလွင် ဝိုင်အမ်ဘီအေ နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် ကဗျာရှည်၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများကြေညာ

**ပြင်ဦးလွင် အောက်တိုဘာ ၃၀**

ပြင်ဦးလွင်မြို့ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းခေါ် ဝိုင်အမ်ဘီအေ အသင်းကြီး၏ နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် အလွတ်တန်းကဗျာရှည်၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်းကို အောက်တိုဘာ ၁၂ ရက်က ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အလွတ်တန်းကဗျာရှည်ပြိုင်ပွဲတွင် ကျော်ဝင်းမောင်(ကျောက်မဲ)က ပထမ၊ စောငယ်ငယ်(မိုးညှင်း)က ဒုတိယ၊ ချမ်းမြဆောင်း(ကလော)က တတိယ၊ မင်းသစ်ဝင်း(ကျောက်တံခါး)က အထူးဆု(၁)၊ သန်းထွန်း(စက်မှု)က အထူးဆု(၂)တို့ကို လည်းကောင်း၊ အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ကျော်ဝင်းမောင်(ကျောက်မဲ)က ပထမ၊ ပန်းမြိုင်လယ်စိန်ဝင်းက ဒုတိယ၊ ကြာနီ(မန္တလေး)က တတိယ၊ မြမျိုးလုံ(ကလော)က အထူးဆု(၁)၊ ဘုန်းရဲနိုင်(ဂန့်ဂေါ)က အထူးဆု(၂) တို့ကို လည်းကောင်း၊ အလွတ်တန်း ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူး ဆု (၁)ဆုတို့ကိုရရှိဆွတ်ခူးသူ မရှိဘဲ “ကျိုင်းတောင်းမြေကို သက်သေတည်” ဝတ္ထုတိုဖြင့် စိုင်းထွန်းဦး(ကျိုင်းတောင်း) က အထူးဆု (၂)ကို ရရှိခဲ့ကြကြောင်း သိရသည်။

ဆုရရှိသူများအား ပြင်ဦးလွင် ဝိုင်အမ်ဘီအေအသင်း နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက် ဖွင့်ပွဲအခမ်းအနားတွင် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သဖြင့် ဆုရရှိသူများက ပွဲတော်ကျင်းပမည့်ရက်မတိုင်မီ ကြိုတင်၍ ဦးသက်နိုင်(သက်နိုင်-ပြင်ဦးလွင်) အတွင်းရေးမှူး၊ ဝိုင်အမ်ဘီအေအသင်း ပြင်ဦးလွင်မြို့ ဖုန်း-၀၉-၄၀၀၄၄၅၂၃၇ ထံသို့ ဆက်သွယ်သတင်းပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# လူ့စွမ်းအားအရင်းအမြစ်နှင့် တိုးတက်သောနိုင်ငံတော် တည်ဆောက်ရေး

နိုင်အောင်(Conqueror)

ယနေ့ခေတ်အခါ မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်(Human Resources-HR)ဟူသော စကားလုံးသည် ခေတ်စားတွင်ကျယ် လူသိများလာပါသည်။ လုပ်ငန်းတစ်ခု ဆောင်ရွက်ရန်နှင့် အောင်မြင်တိုးတက်မှု ရရှိရန်အတွက် ရင်းနှီးမြုပ်နှံရာတွင် သဘာဝအရင်းအမြစ်၊ ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်များနှင့် ၎င်းအရင်းအမြစ်များကို သုံးစွဲစီမံ ခန့်ခွဲဆောင်ရွက်မည့် လူသားအရင်းအမြစ်များ စသည်ဖြင့်ပါဝင်ကြရာ လူသားအရင်းအမြစ်၏စွမ်းအား တစ်နည်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်သည် အရေးအကြီးဆုံး အရင်းအနှီးတစ်ခု ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်၏ အရေးပါပုံကို နားလည်သိရှိ သဘောပေါက်လာသည်နှင့်အညီ ဌာနများ၊ ကုမ္ပဏီများ၊ စက်ရုံအလုပ်ရုံများတွင် HR ဌာန၊ HR မန်နေဂျာများ သီးသန့်ဖွဲ့စည်းခန့်အပ် တာဝန်ပေးကြခြင်းများကို အလေးထားဆောင်ရွက်လာကြသည်ဖြစ်၍ HR ဟူသော လူ့စွမ်းအားအရင်းအမြစ်ဆိုသည့် စကားလုံးကို မြန်မာနိုင်ငံတွင် လူသိများ ထင်ရှားလာရခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ ပြည်တွင်းတွင် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍအား အလေးထား ဆောင်ရွက်လာမှုများကို တွေ့မြင်ရသောအခါ တစ်ချိန်တစ်ခါက စာရေးသူ ဒုတိယညွှန်ကြားရေးမှူးရာထူးဖြင့် ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရင်း မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်သော မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skill Standard Authority-NSSA)အစီအစဉ်ဖြင့် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့ရစဉ်က တွေ့မြင်လေ့လာခဲ့ရ သော ကိုရီးယားနိုင်ငံ၏ တိုးတက်မှုအခြေအနေများ၊ အလေးထားဆောင်ရွက်နေ သော HR ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကိုရီးယားတို့၏ တိုးတက်သော နိုင်ငံတည်ဆောက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်၏ အရေးပါပုံအပေါ် ထားရှိကြသည့် စိတ်ထားတို့ကို ပြန်ပြောင်းအမှတ်ရမိပါသည်။

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ဆိုသည်မှာ မြန်မာနိုင်ငံ၏လုပ်သားများ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ အရည်အချင်း ကျွမ်းကျင်မှုပြည့်ဝသော မြန်မာလုပ်သားတို့အား သတ်မှတ်ထားသော စာတွေ့လက်တွေ့စစ်ဆေးမှုများဖြင့် စစ်ဆေးအကဲဖြတ်ကာ အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရန်အတွက် ၂၀၀၇ ခုနှစ်ကပင် စတင်ဖွဲ့စည်းထားခဲ့သော အဖွဲ့အစည်းဖြစ်သည်။ ဥက္ကဋ္ဌအဖြစ် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ ပြင်ပအသင်းအဖွဲ့များ (ဥပမာ- မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း( MES )၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်( UMFCCI )တို့မှ ဥက္ကဋ္ဌများ)ပါဝင်ကာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် ပါဝင်ဖွဲ့စည်းထားသည့် အာဏာပိုင်အဖွဲ့အစည်းတစ်ခုဖြစ်သည်။

အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ဦးစားပေးရေိယာအလိုက် အလုပ်အကိုင် ကျွမ်းကျင်မှုစံများ ရေးဆွဲပြုစုရေး၊ ပုဂ္ဂလိကကဏ္ဍအသီးသီး အပါအဝင် ကဏ္ဍတိုင်းမှ လေ့ကျင့်ရေးသင်တန်းဌာနများနှင့် အကဲဖြတ်စစ်ဆေးရေးဌာနများအား တရားဝင် အသိအမှတ်ပြု မှတ်ပုံတင်ပေးရေး၊ နိုင်ငံအဆင့် ကျွမ်းကျင်မှုဘောင်နှင့်အညီ အဆင့်တိုင်းအတွက် စစ်ဆေးရေးနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးစနစ်ကို ကြီးကြပ်ခြင်းတို့ ဖြစ်သည်။

အဖွဲ့၏လုပ်ငန်းစဉ်များ လှုပ်ရှားသက်ဝင်ရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ယူ၍ အလုပ်အကိုင် ကျွမ်းကျင်မှုစံများ ရေးဆွဲပြုစုခြင်း၊ နည်းပြသင်တန်းများပေးခြင်းတို့ကို ၂၀၀၇ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ်ခန့်တွင် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုစံ ကော်မတီ ၁၄ ခု (စက်မှု၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ မွေးမြူရေး၊ ဆောက်လုပ်ရေး စသည်ဖြင့်)ဖွဲ့စည်းခြင်း၊ ပြည်တွင်း၊ ပြည်ပ(စင်ကာပူနိုင်ငံ)တို့တွင် ကျွမ်းကျင်မှုစံ ရေးဆွဲပြုစုရေးသင်တန်း၊ သင်ရိုးညွှန်းတမ်း ရေးဆွဲပြုစုခြင်း၊ သင်တန်းနှင့် မွမ်းမံသင်တန်းများ စီစဉ်ဖွင့်လှစ်သင်ကြားပေးခြင်း၊ ကျွမ်းကျင်မှုစံ ၁၇၃ ခု ရေးဆွဲပြုစုခြင်းတို့ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ သင်တန်းဖွင့်လှစ်သင်ကြားခြင်းကိစ္စများတွင် စင်ကာပူနိုင်ငံမှ TEMASEK Poly Technics နှင့် ITE ပညာရေးဝန်ဆောင်မှုအဖွဲ့တို့မှ နည်းပညာအထောက်အပံ့များပေး၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်တွင် ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)၏ အကူအညီ ဝင်ရောက်လာပြီး ငွေကြေး၊ နည်းပညာ အလုံးအရင်း ထောက်ပံ့၍ ဆောင်ရွက်ချိန်မှစတင်ပြီး NSSA လုပ်ငန်းစဉ်များ ပိုမိုသွက်လက်မြန်ဆန်အရှိန်ရလာခဲ့သည်။ GIZ မှ သက်မွေးပညာဌာန အတိုင်ပင်ခံ မြန်မာအမျိုးသမီး ဒေါ်နိုင်ရည်မာ၏ စေတနာပါသောအားထုတ်မှု၊ စိတ်ရှည်သည်းခံဇွဲရှိမှု၊ ပေါင်းစပ်ညှိနှိုင်းမှုများနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်(ယခု အမြဲတမ်းအတွင်းဝန်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)၊ ကျောင်းအုပ်ကြီး ဒေါ်ခင်မာအေး(အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)၊ စက်မှုဝန်ကြီးဌာနမှ ဦးကိုကိုလွင်(ယခု အမြဲတမ်းအတွင်းဝန်၊ စက်မှုဝန်ကြီးဌာန)၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဦးကိုကိုကြီး(ယခု ဒုတိယဥက္ကဋ္ဌ)၊ TRC ဟိုတယ်သင်တန်းကျောင်းမှ ဦးကျော်ကျော်ဆင့် (ယခု ဥက္ကဋ္ဌ၊ မြန်မာ့ခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း)၊ AKI အင်ဂျင်နီယာသင်တန်းကျောင်းမှ ဦးအေးမင်းမင်း(ယခု ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးပညာသင်ကျောင်း လုပ်ငန်းရှင်များအသင်း)နှင့် စာရေးသူတို့ ဝိုင်းဝန်းညှိနှိုင်း ကြိုးပမ်းအားထုတ်၍ လက်တွေ့အကောင်အထည်ဖော်ခဲ့ကြရာ ယနေ့အချိန်အခါတွင် NSSA ၏ လုပ်ငန်းစဉ်များသည် အတိုင်းအတာတစ်ခုအထိ ခရီးပေါက်အောင်မြင်ခဲ့ပြီဖြစ်သည်။

၂၀၁၄-၂၀၁၅ မှစ၍ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး ရှေ့ပြေးစီမံချက် ပထမအကြိမ်၊ ဒုတိယအကြိမ်တို့ဖြင့် အလုပ်အကိုင်အချို့(ဥပမာ- ပရိဘောဂလက်သမား၊ ဂဟေဆက်လုပ်သား၊ အထည်ချုပ်ကျွမ်းကျင်သူများ)အား စစ်ဆေးအကဲဖြတ်၍ ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးနိုင်ခဲ့သည်မှာ ယခုအချိန်ထိ ကျွမ်းကျင်လုပ်သား ၆၀၀ ကျော်ရှိခဲ့ပြီဖြစ်ပြီး ယခု ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း အလုပ်အကိုင် ၂၅ မျိုး၏ ကျွမ်းကျင်မှုများကို တတိယအကြိမ် စစ်ဆေးအကဲဖြတ် လက်မှတ်ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဤရှေ့ပြေးစီမံချက်များတွင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သော ဆွစ်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SDC)ကလည်း ပါဝင်အားဖြည့် ကူညီခဲ့ပါသည်။

NSSA ၏ လုပ်ငန်းစဉ်များသည် လုပ်သားများ၏ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာလုပ်သားဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်ရေးဖြစ်၍ နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်တွင် ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ) အကူအညီ ဝင်ရောက်လာပြီးချိန် NSSA လုပ်ငန်းစဉ်များ သွက်လက်မြန်ဆန်လာစေရန် ဌာနဆိုင်ရာများနှင့် ပြင်ပအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများအား စုစည်း၍ လုပ်ငန်းအကောင်အထည်ဖော်အဖွဲ့(Technical Working Group)များဖွဲ့ကာ ကျွမ်းကျင်မှုစံများ ပြုစုခြင်း၊ စစ်ဆေးအကဲဖြတ်လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံများ ပြုစုခြင်း၊ ရန်ပုံငွေရရှိရေး၊ သတင်းအချက်အလက်များ အများသိရှိအောင်ပြန်ကြားရေးလုပ်ငန်းစဉ်များကို အရှိန်မြှင့်ဆောင်ရွက်ခဲ့ကြသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် အကောင်အထည်ဖော်အဖွဲ့ဝင်များအနေဖြင့် လုပ်သားများ ကျွမ်းကျင်မှုစံဆိုင်ရာ အဖွဲ့အစည်းများ၊ သင်တန်းကျောင်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု နိုင်ငံတကာအတွေ့အကြုံများ လေ့လာနိုင်ရန် ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ)အထောက်အပံ့ဖြင့် NSSA မှ စီစဉ်စေလွှတ်သော ထိုင်းနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံခရီးစဉ် စီစဉ်ခဲ့ပြီး စာရေးသူ လိုက်ပါခွင့်ရခဲ့ရာမှ တောင်ကိုရီးယားနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ကို အရေးထားမှု၊ စနစ်တကျ စီမံသုံးစွဲမှုနှင့် လူ့စွမ်းအားအရင်းအမြစ်အပေါ်ထားရှိသည့် သဘောထားများကို မမေ့နိုင် အောင်မှတ်သားသတိရနေမိခြင်း ဖြစ်ပါသည်။

စာရေးသူတို့အဖွဲ့အား တောင်ကိုရီးယားတွင် နေထိုင်တည်းခိုရန် စီစဉ်ပေးထားသောနေရာမှာ အင်ချွန်းမြို့ရှိ The Global Institute for Transferring Skills(GIFTS) နိုင်ငံတကာ နည်းပညာတက္ကသိုလ်ဖြစ်ပြီး နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများ အသက်မွေးဝမ်းကျောင်း ပညာရပ်အမျိုးမျိုး(ပရိဘောဂလုပ်ငန်း၊ တွင်ခုံလုပ်ငန်း၊ ဂဟေလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်းစသည်များ)ကို စာတွေ့လက်တွေ့သင်ကြားလေ့ကျင့်နေကြသည်ကို တွေ့မြင်ခဲ့ပါသည်။ ကမ္ဘာ့ဘဏ် (World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank)ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ကမ္ဘာတစ်ဝှမ်းသို့ အသက်မွေးဝမ်းကျောင်းပညာရပ် ထွန်းကားပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရှိခဲ့ရပါသည်။

ထိုနည်းပညာတက္ကသိုလ်သည် ကိုရီးယားလူ့စွမ်းအားအရင်းအမြစ်ဌာန(HRD Korea)၏ အုပ်ချုပ်မှုအောက်ရှိ တက္ကသိုလ်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ကို အလေးထားသော တောင်ကိုရီးယားနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်နှင့်ပတ်သက်သော နည်းပညာတက္ကသိုလ်များ၊ လုပ်ငန်းကျွမ်းကျင်မှုတိုးတက်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဌာန၊ အကဲဖြတ်စစ်ဆေးရေးဌာန၊ နိုင်ငံတကာ အလုပ်အကိုင်ဌာနများကို စုစည်း၍ လူ့စွမ်းအားအရင်းအမြစ်ဌာန အဖွဲ့အစည်းကြီး၏ အုပ်ချုပ်မှုအောက်တွင် ဖွဲ့စည်းစီမံထားရှိပါသည်။

အထူးသဖြင့် ရင်ထဲစွဲမြဲမှတ်သားမိသောအချက်မှာ ပါမောက္ခ Dr. Myong Hoon Shi ရှင်းလင်းပြောကြားခဲ့သည့် Power Point Presentation တွင် လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ ခန့် ကိုရီးယားစစ်ပွဲအပြီး အားလုံးပျက်စီးဆုံးရှုံးကာ အုတ်ကျိုးနှင့်ပြာပုံဘဝသာ ကျန်ရှိပုံနှင့် ယနေ့ ကမ္ဘာ့စီးပွားရေး ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ် တိုးတက်ထွန်းကားနေပုံတို့ကို နှိုင်းယှဉ်ပြသပြီး ဤအခြေအနေသို့ရောက်ရှိအောင် ခက်ခဲစွာရုန်းထတိုးထွက် အောင်မြင်လာနိုင်သည့် အဓိကအချက်မှာ မိမိနိုင်ငံသားတို့၏ စွမ်းအား၊ လူ့စွမ်းအားအရင်းအမြစ်တို့ပင်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ကို ကောင်းမွန်မှန်ကန်စွာ စီမံခန့်ခွဲထိန်းသိမ်းနိုင်လျှင် နိုင်ငံတိုးတက်မည်မှာ မလွဲမသွေဟု ယုံကြည်ပါကြောင်းနှင့် မိမိတို့ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ကို များစွာအလေးထားပါကြောင်းဆိုသည့် အချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ယခုအခါ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များ အမျိုးမျိုးဆောင်ရွက်နေကြပြီဖြစ်သည်။ အထူးသဖြင့် ပညာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနများ သီးခြားထားရှိပြီး အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ အုပ်ချုပ်မှုအတတ်ပညာသင်တန်းများ အမျိုးမျိုးကို စီစဉ်ဖွင့်လှစ်သင်ကြားပေးကာ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိသည်။ အခြားဝန်ကြီးဌာနများ၌လည်း မိမိတို့ဌာနအလိုက် ဝန်ထမ်းများ သက်ဆိုင်ရာနည်းပညာ ကျွမ်းကျင်ရေးအတွက် လိုအပ်သောသင်တန်းအမျိုးမျိုးကို စီစဉ်ဖွင့်လှစ်ကြသည်များ ရှိကြပါသည်။

ထို့အတူ မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌လည်း သင်တန်းများ ဖွင့်လှစ်လျက်ရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာန၌ စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများ၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၌ ရာထူးအဆင့်ဆင့် (လက်ထောက်ဦးစီးမှူးမှ လက်ထောက်ညွှန်ကြားရေးမှူးအထိ) လုပ်ငန်းဝင်သင်တန်းများ၊ မွမ်းမံသင်တန်းများ၊ စက်မှုပိုင်းဆိုင်ရာ စက်ပြင်၊ စက်ယန္တရားမောင်း၊ လျှပ်စစ်၊ ဂဟေသင်တန်းများ၊ စက်မှုလယ်ယာဦးစီးဌာန၌ လယ်ယာသုံးစက်ကိရိယာပြင် / မောင်း သင်တန်းများ ၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၌ စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း နည်းပညာသင်တန်း၊ ထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းမောင်းနှင်နည်းနှင့် ပညာပေးသင်တန်း စသည်ဖြင့် သင်တန်းအမျိုးအစား အမျိုးမျိုးဖြင့် ဝန်ထမ်းများ၏ စွမ်းရည်မြင့်မားအောင်၊ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိပါသည်။

ပြင်ပလုပ်ငန်းရှင်များမှလည်း အင်ဂျင်နီယာဒီပလိုမာ သင်တန်းကျောင်းများ၊ စာရင်းအင်းဆိုင်ရာ သင်တန်းကျောင်းများ၊ အုပ်ချုပ်မှုဆိုင်ရာ သင်တန်းကျောင်းများ၊ ကွန်ပျူတာပညာ သင်တန်းကျောင်းများ အများအပြား ဖွင့်လှစ်လာကြခြင်းဖြင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြပါသည်။ တိုးတက်ဖွံ့ဖြိုးသော မြန်မာနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန်အတွက် များစွာလိုအပ်နေသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် စာရေးသူသည် မိမိတတ်နိုင်သော တစ်ထောင့်တစ်နေရာမှ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ပေးနေပါသည်။

ဖော်ပြခဲ့ပြီးသော နိုင်ငံတော်အဆင့် အဖွဲ့အစည်းကြီးဖြစ်သော မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံ သတ်မှတ်ပြဋ္ဌာန်းရေး အဖွဲ့အစည်းကြီး(NSSA) ပီပြင်စွာ လှုပ်ရှားဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်တွင် အကောင်အထည်ဖော်အဖွဲ့ (Technical Working Group) အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊ အကြံပြုအဖွဲ့ (Advisory Group) အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊ မိခင်ဝန်ကြီးဌာနဖြစ်သည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုစံ ကော်မတီတွင် အတွင်းရေးမှူးအဖြစ်သော်လည်းကောင်း လက်ရှိတာဝန်ယူ၍ လုပ်သားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများပြုစုခြင်း ၊ လက်တွေ့ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ လျာထားခြင်း ၊ အကောင်အထည်ဖော်ခြင်း၊ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မိမိတာဝန်ယူရသည့် ညွှန်ကြားရေးမှူးရုံး စက်မှုတိုင်း(၂) ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တောင်ငူမြို့ရှိ အင်ဂျင်နီယာဝန်ထမ်းများအား နည်းပညာများ ပိုမိုလေ့လာဆည်းပူး၍ အင်ဂျင်နီယာစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်အတွက် တစ်ဦးချင်းအနေဖြင့် အင်ဂျင်နီယာနည်းပညာ၊ နိုင်ငံခြားဘာသာ၊ ကွန်ပျူတာနည်းပညာများ တိုးတက်အောင် လေ့လာအားထုတ်ကြစေရန် အားပေးတိုက်တွန်းခြင်း၊ လက်လှမ်းမီ လွယ်ကူစွာ လေ့လာနိုင်စေရေးအတွက် နည်းပညာစာအုပ်စာတမ်း၊ CD ခွေများ ငှားယူနိုင်သည့် နည်းပညာစာကြည့်တိုက် (Technical Library) တည်ထောင်ဖွင့်လှစ်ပေးထားခြင်း၊ ပညာမျှဝေဆွေးနွေးမှုများ စသည်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နေပါသည်။

မျက်မှောက်ကာလသည် ပညာခေတ်(Knowledge) ဖြစ်သည်။ လူများသည် ပညာကို သဲကြီးမဲကြီး လေ့လာဆည်းပူးလျက်ရှိကြသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံတွင် ပညာရှိများ၊ ပညာတတ်များ ဦးရေမည်မျှရှိသည်ဟူသော အခြေအနေပေါ်တွင် မူတည်နေပေသည်။ နိုင်ငံနှင့် လူမျိုးအကျိုး၊ ပတ်ဝန်းကျင်အကျိုးကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သည့် ပညာရှိများ၊ ပညာတတ်များ ပေါ်များလာသည်နှင့်အမျှ ထိုနိုင်ငံသည်လည်း ကမ္ဘာတွင် ထိပ်တန်းနိုင်ငံဖြစ်လာသည်သာမက ကမ္ဘာ့နိုင်ငံများအလယ်တွင် ဂုဏ်ယူဝံ့ကြွားစွာ ရပ်တည်နိုင်မည်ဖြစ်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး(Human Resources-HR )အခန်းကဏ္ဍမှာ ထိပ်ဆုံး၌ ပါလာခဲ့သည်။

အထူးသဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဗြိတိသျှသမိုင်းပညာရှင် အက်ဒွပ်ဂစ်ဗန်း(Edward Gibbon)၏ အယူအဆတစ်ရပ်ဖြစ်သည့် 'လူတိုင်း၌ ပညာသင်ယူမှုနှစ်မျိုးရှိသည်။ ပထမသည် သူတစ်ပါးက မိမိအား သင်ကြားပေးခြင်းဖြစ်၍ နောက်တစ်မျိုးကမူ မိမိကိုယ်မိမိ သင်ကြားပေးခြင်းဖြစ်သည်'ဟူသော အချက်ကို ထည့်သွင်းစဉ်းစားလာကြသည်။

နိုင်ငံတော်တည်ဆောက်ရေးအတွက် အားထားရမည့် ကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များသည် နည်းပညာကျွမ်းကျင်မှုနှင့် ဉာဏ်ရည်ကောင်းမွန်မှုပြည့်စုံရုံမျှမကဘဲ ကောင်းမွန်သည့်ခံယူချက်သဘောထား(Good Attitude)ရှိသူများဖြစ်ရန်လည်း လိုအပ်ပါသည်။ မိမိပတ်ဝန်းကျင်အပေါ်၊ အဖွဲ့အစည်းအပေါ်၊ မိမိနိုင်ငံအပေါ်တွင် ကောင်းစေလိုသော၊ အကောင်းမြင်သော၊ တိုးတက်စေလိုသော၊ တိုးတက်ရန်အတွက် လိုအပ်လျှင် အနစ်နာခံပေးဆပ်နိုင်သော စိတ်သဘောထား၊ ခံယူချက်ရှိသူများသာလျှင် ထိုသူ၏ ပတ်ဝန်းကျင်၊ အဖွဲ့အစည်း၊ နိုင်ငံတိုးတက်စေရေးအတွက် အထောက်အကူဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ပါမည်။

မိမိတာဝန်ယူရသည့် အဖွဲ့အစည်းအတွင်းမှလူသားများ သဘောထား ခံယူချက်မှန်ကန်ရေး၊ အဖွဲ့အစည်းနှင့် နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြရေးတို့အတွက် အသိပညာပေးရန်၊ လမ်းညွှန်ရန်၊ စည်းရုံးလှုံ့ဆော်ရန်မှာ အသိစိတ်ဓာတ်မှန်ကန်သော ခေါင်းဆောင်ကောင်းတို့၏တာဝန်ဖြစ်သည်ဟု မှတ်ယူပါသည်။ ထို့ကြောင့် စာရေးသူအနေဖြင့် မိမိ ညွှန်ကြားရေးမှူးရာထူးဖြင့် တာဝန်ယူရသော အဖွဲ့အစည်းတွင်းမှ ဝန်ထမ်းများအား အဖွဲ့အစည်းနှင့် နိုင်ငံအပေါ်တွင် မှန်ကန်သောအမြင်၊ စိတ်သဘောထား၊ ခံယူချက်ထားရှိနိုင်ရေး၊ စိတ်စွမ်းရည်မြင့်မားရေးအတွက် အခါအားလျော်စွာ တိုက်တွန်းပြောဆိုခြင်းများအပြင် လစဉ်ရုံးအကြီးအကဲနှင့် ဝန်ထမ်းများတွေ့ဆုံပွဲ(ဒါဘာ)၌ အသိပညာရပြီး အကျိုးရှိအသုံးဝင်စေမည့်အကြောင်းအရာများ(ဥပမာ-စိတ်ထားသဘောထား(Attitude)၊ အောင်မြင်သူနှင့်ရှုံးနိမ့်သူ(Winner & Loser)၊ ဉာဏ်ရည်နှင့်နှလုံးရည်(IQ & EQ) စသည်တို့)ကို ရွေးချယ်၍ ရှင်းလင်းပြောကြား အသိပညာမျှဝေမှုများ ပြုလုပ်ဆောင်ရွက်ပါသည်။

နိုင်ငံတော်ဟူသည် နိုင်ငံသားတစ်ဦးချင်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်ဖြစ်၍ နိုင်ငံသားတစ်ဦးချင်း၏ စိတ်ဓာတ်များကောင်းမွန်ပြီး စွမ်းရည်များဖွံ့ဖြိုးတိုးတက်နေလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလျင်အမြန် တည်ဆောက်နိုင်ပါမည်။

နိုင်ငံတော်မှ လမ်းညွှန်ချမှတ် အကောင်အထည်ဖော်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး(Human Resources Development) လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ကြခြင်းနှင့်အတူ နိုင်ငံသားတစ်ဦးချင်းကလည်း မိမိတစ်ဦးချင်း စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် လေ့လာဆည်းပူးနေရန်လိုအပ်ကြောင်း နားလည်သဘောပေါက်ပြီး သက်ဆိုင်ရာပညာရပ်၌ ပိုမိုကျွမ်းကျင်တတ်သိစေရန် စဉ်ဆက်မပြတ် လေ့လာသင်ယူကြိုးစားကြခြင်း၊ အဖွဲ့အစည်းအသီးသီး၏ ခေါင်းဆောင်များကလည်း မိမိအဖွဲ့အစည်းတွင်းမှ အဖွဲ့ဝင်များ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန် ပညာပေးခြင်း၊ လေ့ကျင့်ခြင်းများဖြင့် တစ်ဦးချင်းတိုးတက်ခြင်း၊ အဖွဲ့အစည်းအလိုက်တိုးတက်ခြင်းမှသည် အဖွဲ့အစည်းများ စုစည်းထားသည့် မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်ကြသင့်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

● ကျောဖုံးမှ

အတွက် လယ်ယာလုပ်ငန်းခွင်နဲ့ တခြားလုပ်ငန်းတွေလုပ်ဖို့ အခက်အခဲရှိနေသေးတယ်လို့ ဒေသခံတွေထံမှ သိရပါတယ်။

"အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့တဲ့အကြမ်းဖက်မှုကို စုံစမ်းလေ့လာဖို့အတွက်လည်း ရခိုင်ပြည်နယ်လွှတ်တော်ကနေ အောက်တိုဘာ ၂၄ ရက်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးပါဝင်တဲ့ စုံစမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့တယ်" လို့ စုံစမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောပါတယ်။

"ပထမအချက်က အကြမ်းဖက်မှုကနေ ကြောက်ရွံ့ထိတ်လန့်ပြီး နေရပ်စွန့်ခွာထွက်ပြေးလာသူတွေကို မောင်တော၊ စစ်တွေ၊ ဘူးသီးတောင်မြို့နယ်တွေမှာ တွေ့ရတယ်။ နေရပ်ပြန်ဖို့ အခက်အခဲရှိနေကြတယ်။ စိုးရိမ်ကြောင့်ကြမှုများနေကြတယ်။ အကြမ်းဖက်သူတွေလက်ထဲမှာ သေနတ်တွေပါသွားတဲ့အတွက် ကိုယ့်နေရာ၊ ကိုယ့်ဒေသကိုပြန်ဖို့ အတော်လေး စိုးရိမ်နေကြတယ်" ဟု စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

အကြမ်းဖက်မှုဖြစ်ပွားပြီးနောက်ပိုင်း အကြမ်းဖက်သူတွေကို ဖမ်းဆီးရမိဖို့နဲ့ ပါသွားတဲ့လက်နက်တွေ ပြန်ရဖို့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေက အပူတပြင်း ဆောင်ရွက်နေပြီး ကျေးရွာတွေမှာလည်း လုံခြုံရေးကို ယခင်ကထက် တိုးမြှင့်ချထားတယ်လို့ တာဝန်ရှိသူတွေထံမှ သိရပါတယ်။

အောက်တိုဘာ ၂၈ ရက်က မောင်တောမြို့နယ်ရှိ ကျေးရွာများမှ ဒေသခံတွေနဲ့တွေ့ဆုံရာမှာ ရဲမှူးချုပ်သူရစန်းလွင်က "ကိုယ့်ရွာကိုကာကွယ်ဖို့ သင်တန်းတွေပေးသွားမယ်။ ဥပဒေနဲ့အညီ၊ နိုင်ငံတကာစည်းမျဉ်းနဲ့အညီ သင်ကြားပေးသွားမယ်။ လက်နက်ကိုင်ပြီး လုပ်ချင်တိုင်းတော့ လုပ်လို့မရဘူး" လို့ ပြောပါတယ်။

ဒေသအခြေအနေကို ကျီးကန်းပြင်ဌာနချုပ်သွားရာလမ်းရှိ လောင်းလုံရွာမှ ဒေါ်အေးအေးခိုင်က "အကြမ်းဖက်မှုကြောင့် ပြေးလည်း မပြေးဘူး။ ပြေးဖို့အတွက် ပိုက်ဆံလည်းမရှိဘူး။ ကြောက်ကြောက်နဲ့ပဲ နေရတယ်။ အနီးအနားမှာရှိတဲ့ ဘာသာခြားရွာတွေမှာ ယောကျ်ားတွေ မရှိကြဘူး။ မိန်းမနဲ့ကလေးတွေပဲရှိကြတယ်။ ယောကျ်ားတွေက သဲချောင်းဘက်သွားကြတယ်" ဟု ပြောပါတယ်။

လက်ရှိအချိန်မှာ အကြမ်းဖက်မှုဖြစ်ပွားရာဒေသတွေက စာသင်ကျောင်းတချို့ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သော်လည်း စာသင်ကျောင်းအများစုက ပိတ်ထားရဆဲဖြစ်တယ်လို့ ဒေသခံတွေထံမှ သိရပါတယ်။

အကြမ်းဖက်မှု ဖြစ်ပွားစဉ်အခါက အကြမ်းဖက်သူတွေကို ဖမ်းဆီးအရေးယူဖို့အတွက် ရဲတပ်ဖွဲ့နဲ့ တပ်မတော်တပ်ဖွဲ့ဝင်တွေသွားရာ လမ်းတစ်လျှောက်မှာ သစ်ပင်ကြီးတွေကိုခုတ်လှဲပြီး သူတို့နောက်လိုက်လို့မရအောင် ဆောင်ရွက်ထားခဲ့တယ်လို့ ဒေသခံတွေထံမှ သိရပါတယ်။


မောင်တောမြို့နယ်၌ ရဲတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ်

"စုံစမ်းရေးကော်မတီ သွားရောက်စစ်ဆေးတဲ့အခါ ဖြစ်စဉ်ဖြစ်ပွားရာသွားရာလမ်းတစ်လျှောက်မှာတော့ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ကျေးရွာတွေမှာရှိတဲ့ နေအိမ်တွေမှာ အမျိုးသမီးတွေနဲ့ ကလေးတွေပဲတွေ့ရပြီး ယောကျ်ားသားတွေကို မတွေ့ရဘူးလို့ပြောပါတယ်။ နောက်ပြီး မနက်နဲ့ နေ့ခင်းပိုင်းတွေမှာ လူမရှိဘဲ ညနေစောင်းမှ ရောက်လာတယ်" ဟု စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

ကျီးကန်းပြင်ဌာနချုပ်အနီးမှာရှိတဲ့ ဝါးပိတ်ကျေးရွာဟာ အစ္စလာမ်ဘာသာဝင်တွေနေကြပြီး တချို့ အကြမ်းဖက်မှုဖြစ်စဉ်မှာ ပါဝင်တယ်။ သူတို့ကိုယ်တိုင် ကိုယ့်ရွာကိုလည်း မီးရှို့ထားပြီး တပ်မတော်နဲ့ ရဲတပ်ဖွဲ့က မီးရှို့ထားသယောင် ဖန်တီးထားတယ်လို့ စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

မောင်တောမြို့နယ် ကျေးရွာများမှ ဒေသခံများနှင့်တွေ့ဆုံစဉ် ရဲမှူးချုပ်သူရစန်းလွင်က "တပ်မတော်၊ ရဲတပ်ဖွဲ့ဝင်တွေဟာ တပ်ကချမှတ်ထားတဲ့ ဥပဒေကိုလိုက်နာရသလို အရပ်ဘက်ဥပဒေကိုလည်း လိုက်နာရပါတယ်။ လက်နက်ကိုင်ထားသော်လည်း လုပ်ချင်သလို လုပ်လို့ မရပါဘူး။ ဥပဒေမဲ့ ပြုမူ လုပ်ကိုင်ရင် ဥပဒေနဲ့အညီ အရေးယူပါတယ်" ဟု ပြောပါတယ်။

"အကြမ်းဖက်မှု ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်က ဘာကိုဖော်ပြသလဲဆိုရင် ရည်မှန်းချက်ရှိရှိနဲ့ လုပ်ခဲ့တယ်ဆိုတာ ဖော်ပြနေတယ်။ ရေရှည်စီမံကိန်းနဲ့လုပ်ပြီး တစ်ပြိုင်နက်တည်း ဌာနချုပ်စခန်းတွေ ဝင်စီးခဲ့တယ်ဆိုတဲ့ သဘောရှိတယ်" ဟု စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

အကြမ်းဖက်သမားတွေရဲ့ နောက်ကွယ်မှာ RSO တွေနဲ့ ဆက်စပ်နေတယ်။ ပြည်ပထောက်ပံ့မှုတွေ ရှိနေတယ်။နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဆက်စပ်နေတယ်။ သူတို့မှာ ရည်ရွယ်ချက်ရှိတယ်။ ရိုဟင်ဂျာဆိုတဲ့လူမျိုးတစ်မျိုးကို ဖန်တီးမယ်။ ရိုဟင်ဂျာနယ်မြေတစ်ခုဖန်တီးမယ်။ ခေတ်အဆက်ဆက်ကလည်း ကြိုးပမ်းခဲ့တယ်။ ရိုဟင်ဂျာဆိုတဲ့ အသိုင်းအဝိုင်းကို မြန်မာနိုင်ငံက အသိအမှတ်မပြုခဲ့လို့ တိုက်ခိုက်ရေးဘက်ကို ဦးတည်လာတာဖြစ်တယ်လို့ စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

"အခုဖြစ်တဲ့ပြဿနာက ဒီဒေသမှာရှိတဲ့ လူ့အဖွဲ့အစည်းနှစ်ခု ပြဿနာမဟုတ်ဘူး။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကိုထိပါးလာတဲ့ လုပ်ရပ်ဖြစ်တယ်။ ဌာနချုပ်ကို ဝင်စီးတယ်ဆိုတာ နိုင်ငံတော်ကို ပုန်ကန်တာပဲ" ဟု စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

ကျီးကန်းပြင် ဌာနချုပ်အနီးမှာ အိမ်ခြေ ၅၀ လောက်ရှိတဲ့ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ဝါးပိတ်ကျေးရွာကို လေ့လာရာမှာ နေထိုင်သူတွေမရှိတော့ဘဲ အိုးခွက်ပန်းကန်တွေနဲ့ ဓားတွေကို ယူဆောင်သွားတာဟာ အကြံအစည်ရှိနေပြီး ဌာနချုပ်က မီးရှို့သလိုမျိုးဖန်တီးထားပြီး ဝါဒဖြန့်နေကြောင်း စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

"ဒေသခံတိုင်းရင်းသားကျေးရွာတွေ တည်မြဲဖို့ဆိုတာ လုံခြုံရေးက အဓိကပါ။ လုံခြုံရေးမရှိရင် ဒေသခံတိုင်းရင်းသားတွေနေထိုင်ဖို့ မတည်မြဲနိုင်ဘူး။ တချို့ တိုင်းရင်းသားရွာတွေက ဘာသာခြားတွေနေတဲ့ ရွာတွေကြားမှာရှိနေတယ်။ တိုင်းရင်းသားတွေရှိတဲ့ ရွာတွေကို လုံခြုံရေးအင်အားဖြည့်တင်းပေးဖို့တော့ လိုတယ်။ ကျေးရွာတွေကိုလည်း မကြာခဏ ကင်းလှည့်ပေးဖို့လိုတယ်" ဟု စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

"အနောက်တံခါး လုံခြုံရေးက သံဆူးကြိုးကာရုံနဲ့ မပြီးဘူး။ ကာထားတဲ့ သံဆူးကြိုးက ပလာယာတစ်ချောင်းရှိရင် ဖြတ်ပြီးဝင်လို့ရတဲ့ အနေအထားမှာရှိတယ်။ အုတ်တံတိုင်းကာဖို့ လိုအပ်တယ်။ နယ်ခြားစောင့် ရဲတပ်ဖွဲ့ကိုလည်း စွမ်းရည်မြှင့်တင်ပေးဖို့လိုတယ်။ ရခိုင်ကျေးရွာတွေကိုလည်း လုံခြုံရေးတပ်ဖွဲ့တွေ ဖွဲ့ပေးဖို့လိုတယ်။ လက်နက်တပ်ဆင်ပေးဖို့ လိုတယ်။ တိုင်းရင်းသားကျေးရွာတွေ ရေရှည်တည်မြဲဖို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ လုပ်နိုင်ဖို့ အစိုးရက ဖန်တီးပေးဖို့လိုပါတယ်" လို့ စုံစမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောပါတယ်။

စုံစမ်းရေး ကော်မတီအနေနဲ့ လေ့လာတွေ့ရှိချက်တွေကို နှစ်ပတ်အတွင်း အစီရင်ခံစာပြုစုပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအဆင့်ထိ တင်ပြသွားမည်ဖြစ်ပြီး စုံစမ်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များသည် ဒီဇင်ဘာ ၃၀ ရက်တွင် ပြီးစီးသွားမည်ဖြစ်ကြောင်း စုံစမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောပါတယ်။

အကြမ်းဖက်မှုဖြစ်ပွားလို့ ဒေသခံတွေ စိုးရိမ်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးသွားပေမယ့် ရခိုင်တိုင်းရင်းသားတွေ၊ ဟိန္ဒူဘာသာဝင်တွေ၊ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ မောင်တောခရိုင်အတွင်းမှာရှိတဲ့ ကြိမ်ချောင်းကျေးရွာမှာ ဘာပြဿနာမှမရှိဘဲ သူတို့ ကျေးရွာက အေးအေးချမ်းချမ်းရှိနေတယ်လို့ ကျေးရွာသားတွေထံက သိရပါတယ်။

"၂၀၁၂ ခုနှစ်တုန်းကလည်း တခြားနေရာတွေမှာသာ ပြဿနာတွေဖြစ်တာ။ ဒီရွာမှာက ဘာပြဿနာမှ မဖြစ်ခဲ့ဘူး။ အခုလည်း အေးအေးချမ်းချမ်းပါပဲ။ အကြမ်းဖက်လုပ်ရပ်တွေကို မကြိုက်ဘူး။ အေးအေးဆေးဆေးပဲ လုပ်ကိုင်စားသောက်ချင်ပါတယ်" လို့ ကြိမ်ချောင်းကျေးရွာမှ အစ္စလာမ်ဘာသာဝင် ရော်ဘီအာလောင်က ပြောပါတယ်။

ထို့အတူ မောင်တောမြို့ဈေးကြီးတွင် အထည်ဆိုင်ဖွင့်လှစ်နေသည့် ဦးစူတင်က "ပြဿနာတွေဖြစ်တော့ အရောင်းအဝယ်လည်း မကောင်းတော့ဘူး။ နယ်မြေအေးချမ်းတုန်းကတော့ တော်တော်ရောင်းရတယ်။ အဝေးကျေးရွာတွေက လာဝယ်ကြတယ်။ နယ်မြေမအေးချမ်းတော့ မလာကြတော့ဘူး။ ပြဿနာတွေ မဖြစ်စေချင်ဘူး" လို့ ပြောပါတယ်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနက တစ်ဖက်နိုင်ငံနဲ့ နီးစပ်နေတဲ့ မောင်တောဒေသမှာ တိုင်းရင်းသားလူမျိုးတွေ အခြေချနေထိုင်နိုင်ဖို့နဲ့ နယ်စပ်ဒေသတွေကိုကာရံထားနိုင်အောင် နတလကျေးရွာပေါင်း ၃၆ ရွာကို မောင်တောနဲ့ ဘူးသီးတောင်ဒေသတွေမှာ တည်ထောင်ပေးခဲ့သော်လည်း အလုပ်အကိုင်ရှားပါးမှုကြောင့် နေထိုင်သူဦးရေ နည်းပါးလာတယ်လို့ အရပ်ဘက်အဖွဲ့အစည်းတွေထံက သိရပါတယ်။

"နယ်စပ်ဒေသတွေမှာ ရှိတဲ့ တိုင်းရင်းသားကျေးရွာတွေ ရေရှည်တည်တံ့ဖို့ အလုပ်အကိုင်တွေ ဖန်တီးပေးဖို့လိုပါတယ်။ တစ်ဖက်ကလည်း တိုင်းရင်းသား လုပ်ငန်းရှင်တွေအနေနဲ့ ဒီဒေသတွေမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုတွေ လုပ်စေချင်တယ်။ ဒါမှ ဒီဒေသမှာရှိတဲ့ တိုင်းရင်းသားကျေးရွာတွေ တည်မြဲမှာပါ" ဟု လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် စစ်တွေဒေသခံ ဦးသန်းရွှေက ပြောပါတယ်။

လက်ရှိအချိန်မှာတော့ အကြမ်းဖက်မှုဖြစ်ပွားရာ မောင်တောနဲ့ရသေ့တောင်ဒေသတွေမှာ နယ်မြေအေးချမ်းလာပြီဖြစ်လို့ နေရပ်စွန့်ခွာသူတွေဟာ မိမိတို့ရဲ့နေရပ်ကို ပြန်လည်သွားရောက်နေပြီဖြစ်လို့၊ ဒုက္ခသည်စခန်းတွေမှာရှိတဲ့ လူဦးရေဟာ တဖြည်းဖြည်း နည်းပါးလာပြီဖြစ်တယ်လို့ ပြည်နယ်အစိုးရတာဝန်ရှိသူတွေထံက သိရပါတယ်။

မောင်တောခရိုင်အတွင်းရှိ ဖားဝပ်ချောင်းကျေးရွာသား အသက် ၆၅ နှစ်အရွယ် ဦးမောင်မြစိန်က "စိုက်ပျိုးစရာမြေလည်းမရှိဘူး။ စိုးရိမ်ကြောက်ရွံ့ရပေမယ့် စားဖို့အတွက် မနက်ဖြန် ဖားရှာ၊ ကဏန်းရှာ ထွက်ရဦးမယ်" လို့ ပြောပါတယ်။


မောင်တောမြို့နယ်၌ နယ်မြေပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ ထင်းခွေပြီးပြန်လာသော ဒေသခံများကို တွေ့ရစဉ်

## ခရီးသည်အမျိုးသမီးထံမှ ရွှေဆွဲကြိုးလုယက်ယူဆောင်သွားသူ အငှားယာဉ်မောင်းအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့)မြို့နယ်နေ အသက် (၃၁ နှစ်) ရှိ အမျိုးသမီးသည် နာရေးကူညီမှုအသင်းသို့သွားရန် အောက်တိုဘာ ၂၇ နံနက် ၁၁ နာရီခန့်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၄၆ လမ်းဆုံတွင် အငှားယာဉ်အား ငှားရမ်းစီးနင်းလာခဲ့ကြောင်း၊ ၄၅ ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမပေါ်ရှိ ဆီဆိုင်၌ ဆီဝင်ဖြည့်ပြီး ဆက်လက်မောင်းနှင်လာစဉ် အထက(၄)ကျောင်းရှေ့အရောက် ယာဉ်ကို ရပ်တန့်ခဲ့ကြောင်း၊ ယာဉ်မောင်းက နောက်ခန်းသို့ရောက်လာပြီး အဆိုပါအမျိုးသမီး၏ အလေးချိန် ငါးမူးသားခန့်ရှိ ရွှေဆွဲကြိုးအား လုယူပြီး ယာဉ်ကိုမောင်းနှင်ထွက်ပြေးသွားကြောင်း တိုင်တန်းချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့်ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်း ဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ မောင်းနှင်သည့်ယာဉ်မှာ AA/---- TOYOTA CALDINA ယာဉ်ဖြစ်ကြောင်းသိရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူ ယာဉ်မောင်း ဆံရှည်(ခ)ကိုကိုမောင် (၃၅ နှစ်) မြောက်ဥက္ကလာပမြို့နယ်နေသူအား အောက်တိုဘာ ၂၈ ရက် ညနေ ၄ နာရီခွဲတွင် ရွှေပေါက်ကံမြို့သစ် ဗိုလ်တေဇလမ်း ရေခဲစက်မှတ်တိုင်ကားဂိတ်၌ ယာဉ်နှင့်အတူ အချိန်တိုအတွင်း ဖမ်းဆီးရမိသည်။

စစ်ဆေးချက်အရ ၎င်းမှာ အဆိုပါအမှုအား ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့ပြီး သက်သေခံရွှေဆွဲကြိုးအား ပေါင်နှံထားသည့်အပေါင်ဆိုင်မှ ပြန်လည်သိမ်းဆည်းကာ ၎င်းအား ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# တက္ကသိုလ်ဘောလုံးသမားဟောင်းများအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ညီလာခံကျင်းပ



**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာ့ဂုဏ်ဆောင်လက်ရွေးစင် ဘောလုံးအားကစားသမားများမွေးထုတ်ပေးခဲ့သော ရန်ကုန်တက္ကသိုလ်များ ဘောလုံးအသင်းသားများပါဝင်သည့် တက္ကသိုလ်ဘောလုံးသမားဟောင်းများအသင်း(ရန်ကုန်)၏ ပထမအကြိမ် အသင်းညီလာခံကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၁ နာရီက ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ(RC)ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားကို တက္ကသိုလ်ဘောလုံးသမားဟောင်းများအသင်း (ရန်ကုန်) ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ပူးတွဲကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ် အသင်းညီလာခံ၌ သဘာပတိအဖွဲ့အား ရွေးချယ်တင်မြှောက်ခဲ့သည်။ သဘာပတိအဖွဲ့ဝင် ဦးငွေကိုင်က တက္ကသိုလ်အားကစားပွဲများ ဖြစ်ပေါ်လာပုံ၊ ကျောင်းများတွင် ကာယပညာနှင့် အားကစားပွဲများ ဖြစ်ပေါ်လာပုံ၊ နိုင်ငံ့ဂုဏ်နှင့် အမိတက္ကသိုလ်တို့၏ဂုဏ်ကို ဆောင်ခဲ့သော အားကစားသမားများနှင့် ရန်ကုန်တက္ကသိုလ်၏ မြန်မာ့ဂုဏ်ဆောင်ကြယ်ပွင့်များဖြစ်ခဲ့သော ဘောလုံးအားကစားသမားများ၏ အတိတ်သမိုင်းပုံရိပ်တို့ကို လက်ရှိပုံရိပ်တို့ဖြင့် နှိုင်းယှဉ်ပြောကြားကာ တက္ကသိုလ်ကျောင်းသား ဘောလုံးကစားသမားများအား လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းရန်နှင့် ကျင့်ဝတ်၊ စည်းကမ်း၊ ယဉ်ကျေးသိမ်မွေ့စွာဖြင့် အားကစားသမားကောင်းများ ဆက်လက်ပေါ်ထွန်းလာစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

တက္ကသိုလ်ဘောလုံးသမားဟောင်းများ အသင်းညီလာခံ၌ တက်ရောက်သော တစ်ချိန်က မြန်မာ့လက်ရွေးစင်ဟောင်းတစ်ဦးဖြစ်သည့် အသက်(၇၄ နှစ်)ရှိဦးအောင်ခင်က "ကျွန်တော်တို့ ၁၉၆၆ ခုနှစ် အာရှအားကစားပြိုင်ပွဲမှာ မြန်မာ့ဘောလုံးက ပထမရခဲ့တယ်။ အဲ့ဒီနိုင်ပွဲက တစ်လုံးတည်းသောဂိုးနဲ့ အီရန်ကို နိုင်ခဲ့တာပါ။ ကျွန်တော်ဂိုးသွင်းလိုက်တာနဲ့ မြန်မာပရိသတ်တွေဟာ အီရန်ပရိသတ်တွေရှေ့မှာ ကခုန်ပြနေတာကို အခုထိ မျက်လုံးထဲက မထွက်ဘူး။ ပြီးတော့ ကစားသမားတွေအားလုံး တစ်ဦးနဲ့တစ်ဦး ပွေ့ဖက်ကြတဲ့ခံစားမှုဟာ ဒီနေ့ သူတို့တစ်တွေကို ဒီအချိန်မှာ ပြန်တွေ့ရတော့ ဟိုတစ်ချိန်က အောင်ပွဲဟာ မနေ့တစ်နေ့ကလိုပဲ ပြန်ခံစားပြီး ပီတိဖြစ်ရပါတယ်။ နိုင်ငံအတွက်၊ အမိတက္ကသိုလ်အတွက် သမိုင်းရေးထိုးနိုင်ခဲ့ပါတယ်။ အဲ့ဒီအတွက် ဂုဏ်လည်းယူတယ်"ဟု ရွှင်လန်းအားမာန်ပါသည့် စကားသံဖြင့် ပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်ဘောလုံးသမားဟောင်းများအသင်း(ရန်ကုန်) အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ခြင်းကို ဦးသန်းတိုးအောင်က ဖတ်ကြား၍ သဘာပတိက တက်ရောက်လာသူများထံ အတည်ပြုချက်ရယူရာ အသင်းဥက္ကဋ္ဌအဖြစ် ဦးဘန်နီတင်အောင်ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**သတင်း-သန်းထိုက်၊ ထင်ပေါ်ဝင်း၊ ဓာတ်ပုံ-မျိုးမင်းသိန်း**

# တက္ကသိုလ်ဘောလုံးသမားဟောင်းကြီးများ၏ လက်ရှိ မြန်မာ့ဘောလုံးလောကအပေါ်အမြင်

ရန်ကုန် အောက်တိုဘာ ၃၀

**တက္ကသိုလ်ဘောလုံးသမားဟောင်းများအသင်း(ရန်ကုန်)က ကြီးမှူးကျင်းပသည့် ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် အသင်းညီလာခံအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ(RC)၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာသည့် တက္ကသိုလ်ဘောလုံးသမားဟောင်းကြီးများ၏ လက်ရှိ မြန်မာ့ဘောလုံးလောကအပေါ် အမြင်အသီးသီးကို စုစည်း၍ ဖော်ပြလိုက်ရပါသည်။**



ဦးမော်သန်း



ဦးစိုးမြင့်



ဦးသန်းတိုးအောင်



ဦးတိတ်လှိုင်



ဦးစောဦး

**ပြည်ထောင်စုစာရင်းစစ်ချုပ်**
**ဦးမော်သန်း**

မြန်မာဘောလုံးလောကက ပြီးခဲ့တဲ့ ၁၉ နှစ်ကစပြီးတော့ စိတ်ဓာတ်အားဖြင့် အလွန်တက်လာပြီ။ အခုဟာက မြန်မာနေရှင်နယ်လိဂ်ဆိုပြီးတော့ ပွဲတွေလည်း ကျင်းပတယ်။ အဲဒီမှာ ပြည်ပက ထူးချွန်တဲ့ပုဂ္ဂိုလ်တွေလည်း ပါလာတယ်။ ပြည်ပပွဲတွေလည်း ကြည့်ခွင့်ရလာတယ်။ အဲဒီလို ကြည့်ခွင့်ရလာတော့ ကျွန်တော်တို့က ပြန်ပြီးတော့ နိုးထတော့မယ်။ နိုးထတော့မယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဘောလုံးလောက အောင်မြင်ဖို့က အာရှချန်ပီယံအဖြစ် ရွှေထီးဆောင်းခဲ့တယ်။ ရွှေထီးဆောင်းခဲ့ပြီးတဲ့ နောက်ပိုင်းမှာ လုပ်ရပ်တွေ မှားတာတွေ အများကြီးရှိခဲ့တယ်။ အဲဒီမှားတာတွေကို သင်ခန်းစာယူပြီးတော့ အဲဒီအမှားတွေကို ပြန်ပြီးထပ်မမှားဖို့ပါ။ ဥပမာအားဖြင့် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းကြီးမှာ ဘောလုံးကန်တယ်။ တိုင်းနဲ့ ပြည်နယ် လက်ရွေးစင်တွေက ရန်ကုန်မြို့ အောင်ဆန်းကွင်း လာရတယ်ဆိုရင် အင်္ဂလန်က ဝင်ဘလေကွင်းကြီး သွားရတဲ့အတိုင်းပဲ၊ အင်မတန်မှ သူတို့ ဂုဏ်ယူတယ်။ ဂုဏ်ယူပြီးတော့ ရှိသမျှအားကို အကုန်ထုတ်တယ်။ အစိုးရအသီးသီးလက်ထက်မှာ ငြိမ်းချမ်းရေးကို ရှေ့တန်းတင်ပြီးတော့ ပွဲတွေကို နယ်တွေမှာ ကျင်းပလိုက်တယ်။ နယ်တွေမှာ ကျင်းပလိုက်တော့ တစ်နည်းအားဖြင့် ပရိသတ်ရဲ့အား ပျောက်သွားတာပေ့ါ။ ရေကြည်တို့၊ မုံရွာတို့ သွားလုပ်တယ်။ ပွဲကြည့်ပရိသတ်မရှိဘူး။ ပွဲကြည့်ပရိသတ်မရှိတော့ ကန်ရတဲ့သူကလည်း အားမရှိဘူး။ နောက်ပြီးတော့ ဘောလုံးလောကရဲ့ ပတ်ဝန်းကျင်ကိုလည်း ပြင်ဖို့လိုတယ်။ နောက်ပြီး စနစ်က အကုန်လုံးပတ်လည်ရိုက်နေတယ်။ အခုဆိုရင် ကလေးတွေရယ်၊ အားကစား ကစားတဲ့သူရယ် သိပ်ပြီးနည်းသွားတယ်။ အဲဒီပတ်ဝန်းကျင်ကြီးကို ပြောင်းလဲပစ်ဖို့လိုတယ်။ တစ်ဦးချင်း တစ်ယောက်ချင်းအဆင့်မှာ နိုင်ချင်တဲ့ဆန္ဒ၊ နိုင်ချင်တဲ့စိတ်၊ လုံ့လဝီရိယစိုက်မှုနဲ့ ပညာပါ၊ အဲလိုလုပ်ဖို့ လိုပါတယ်။

**ဦးစိုးမြင့် (တက္ကသိုလ်ဘောလုံးအသင်းခေါင်းဆောင်၊ ၁၉၆၅)**

မြန်မာဘောလုံးလောက အောင်မြင်ဖို့ဆိုရင် အများကြီးလုပ်ရမယ်။ အချိန်ပေးရမယ်။ ကျောင်းတွေကအစ ပြန်လုပ်ရမယ်။ ကလေးတန်းတွေကအစ ပြန်လုပ်ရမယ်။ ကလေးတွေကို များများကစားခိုင်းရမယ်။ သူများတွေက လုပ်နေပြီ။ ထိုင်းတို့၊ ဗီယက်နမ်တို့ တက်လာပြီ။ ကိုယ်က အောက်မှာကျန်ခဲ့တယ်။ တစ်ချိန်က ကိုယ်တို့အောက်ကပဲ။ ဘာမှပူစရာမလိုဘူး။ အခု သူတို့က ကိုယ်တို့အထက်က၊ သူတို့ကို သရေကျအောင် မနည်းကစားနေရတယ်။ ကျောင်းတွေက ပြန်စရမယ်။ ဘောလုံးက အပေါ်က ဖြတ်လုပ်လို့မရဘူး။ အဲဒါ အရေးကြီးတယ်။ အခု မြန်မာနေရှင်နယ်လိဂ်လို့ ပြောင်းလဲလိုက်လို့ ဒီလောက်လိုက်မီတာ၊ မပြောင်းလဲဘူးဆိုရင် အရင်ကအတိုင်း ဝန်ကြီးဌာနလောက်နဲ့ သွားနေရင် ဒီထက်ဆိုးသွားမယ်။ သူများနိုင်ငံတွေက သိပ်တိုးတက်နေတာ၊ အခု လုပ်လိုက်လို့ မနည်းလိုက်မီနေတာ။ အများကြီး တိုးတက်လာပါတယ်၊ တိုးတက်လာတယ်ဆိုတာ ကျွန်တော်တို့က လက်တွေ့စမ်းခဲ့လို့၊ လက်တွေ့သိမြင်နေလို့ ပြောရဲတာ။

**ဦးသန်းတိုးအောင် (မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း)**

လက်ရှိ မြန်မာ့ဘောလုံးလောကအခြေအနေကိုပြောရရင် အမျိုးသားလက်ရွေးစင်အသင်းနဲ့ ပြောရမှာပါ။ တိုးတက်တယ် မတိုးတက်ဘူးဆိုတာ ဆုဖလားကြီးဖလားမှာ သက်သေပြပါမယ်။ လောလောဆယ် အရင်ကထက်တော့ နည်းနည်းပိုတက်လာတယ်။ ဥရောပခရီးတွေ ဘာတွေသွားထားတဲ့အခါကျတော့ အရင်ထက်စာရင် အများကြီး တိုးတက်လာတယ်။ ဘယ်လောက်တိုးတက်လဲဆိုတာ ပြောရုံနဲ့မပြီးဘူး။ လက်တွေ့အနေနဲ့ နိုဝင်ဘာ ၁၉၊ ၂၀ မှာ ကျင်းပမယ့် ဆုဖလားကြီးအိမ်ရှင်မှာ ကျွန်တော်တို့အသင်း ဘယ်လောက်တိုးတက်လာလဲဆိုတာ ပြည်သူတွေ တွေ့ရမှာပါ။ အဲဒီအတွက် ကျွန်တော်တို့ အကောင်းဆုံးပြင်ဆင်နေတယ်။ ကြိုးစားနေတယ်။ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း အောင်မြင်ဖို့ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးမှာ ဘောလုံးအားကစားသမားကောင်းတွေအများကြီး ပေါ်ထွက်လာအောင် အကယ်ဒမီတွေလည်း လုပ်ရမယ်။ ကျောင်းတွေမှာလည်း ဘောလုံးကစားရမယ်။ ကျောင်းတွေဆိုတဲ့နေရာမှာ အခြေခံပညာမူလတန်းကျောင်းတွေ၊ အလယ်တန်းကျောင်းတွေ၊ အထက်တန်းကျောင်းတွေ၊ တက္ကသိုလ်တွေမှာ ဘောလုံးကစားရမယ်။ နောက်စစ်တပ်မှာလည်း ဘောလုံးကစားရမယ်။ ဘာကြောင့်လဲဆိုရင် မြန်မာ့ဘောလုံးလောကကို အရင်တုန်းက တက္ကသိုလ်နဲ့ တပ်မတော်(ကြည်း)တွေက ဦးဆောင်ခဲ့တာကိုး။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဘောလုံးအားကစားကို ကစားမှ နောက် ငါးနှစ်၊ ၁၀နှစ်မှာ ဒီထက်ကောင်းတဲ့ ကစားသမားကောင်းတွေ ထွက်လာမှာပါ။ နောက် ကျွန်တော်တို့ရဲ့ လိဂ်ပါ၊ မြန်မာနေရှင်နယ်လိဂ်ကြီးဟာ ဒီထက်ပိုပြီးတော့မှ တောင့်တင်းပြီးကောင်းမွန်လာဖို့ လိုတယ်။ ဒီထက်ပိုပြီး ပရိသတ်များလာဖို့ လိုတယ်။ ဒါဆို ဘောလုံးလောက တိုးတက်ဖို့အတွက် အဲဒါတွေက အထောက်အကူပြုပါလိမ့်မယ်။

**ဦးတိတ်လှိုင်**
**(တက္ကသိုလ်ဘောလုံးသမားဟောင်း)**

ကျောင်းတွေမှာ ကျယ်ကျယ်ပြန့်ပြန့် အားကစားပြိုင်ပွဲလေးတွေ လုပ်ပေးရင် ကျွန်တော်တို့တိုင်းပြည်အတွက် ကစားသမားတွေ အများကြီးထွက်လာမယ်။ အခု ရွေးထားတဲ့သူက တိုင်းဒေသကြီးနဲ့ ပြည်နယ်က မဟုတ်ဘူး။ ဘောလုံးသမားဆိုတာက ပင်ကိုအရည်အချင်းဆိုတာ သိပ်ကိုအရေးကြီးတယ်။ သူ့မှာပါတဲ့ အရည်အချင်း။ အေးမောင်ကြီးတို့လို ကျောင်းသားတိုင်းကနေ ပါလာတာ။ သူ့ပင်ကိုအရည်အချင်းပါလာတာ။ ကျွန်တော်တို့က လူတစ်ယောက်ကို အရပ် ငါးပေခွဲ ခြောက်ပေဖြစ်ရင် လေ့ကျင့်ပေးလို့ မရဘူးလားဆိုတော့ ရတယ်။ ဒါပေမယ့် မထူးချွန်ဘူး။ ဘောလုံးသမားတော့ဖြစ်မယ် မထူးချွန်ဘူး။ ကျယ်ကျယ်ပြန့်ပြန့်လုပ်ပြီး ပင်ကိုအရည်အချင်းရှိတဲ့ ဘောလုံးသမားတွေ ဆွဲထုတ်လိုက်မယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည်အတွက် အားကစားသမားတွေ ပေါ်ထွန်းလာမှာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ကျောင်းသားဒိုင်းတွေက အဓိကပါ။ ဟိုတုန်းက တက္ကသိုလ်လက်ရွေးစင် ဘာလို့ကောင်းလဲ၊ ဒီတိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ ကစားတဲ့ ဘောလုံးသမားတွေက ဆယ်တန်းအောင်ပြီးရင် တက္ကသိုလ်ရောက်လာတယ်။ ဒီဘောလုံးသမားတွေကို ပြန်စုစည်းလိုက်တဲ့အခါ ကျတော့ ဒီဘောလုံးသမားတွေက တက္ကသိုလ်မှာလာပြီး စုနေတာ။ အဲဒီအချိန်မှာ တက္ကသိုလ် ဘောလုံးအသင်းလည်း ကောင်းလာတယ်။ အခုကတော့ ဘယ်မှာသွားစုမလဲ၊ တက္ကသိုလ်လာတဲ့ သူတွေထဲက ကစားတဲ့သူက အနည်းအကျဉ်းပဲရှိတယ်။ လူက နည်းတော့ ရွေးရတာလည်း ခက်တယ်။

**ဦးစောဦး**
**တက္ကသိုလ်ဘောလုံးအသင်း(နည်းပြ)**

လက်ရှိ ဘောလုံးလောကကို ကျွန်တော့်အမြင်ပြောရရင် အခုမှ ခြေလှမ်းစလှမ်းတယ်လို့ မြင်တယ်။ အခုအချိန်ကစပြီး အားပေးမှုတွေ များလာတယ်။ ပြိုင်ပွဲတွေလည်း အခုများလာတယ်။ များလာတဲ့အတွက်ကြောင့် တစ်ချိန်ချိန်မှာတော့ မြန်မာ့ဘောလုံးလောက တိုးတက်လာမယ်လို့ ထင်ပါတယ်။ ဒီထက်တိုးတက်လာဖို့က နိုင်ငံတော်က စီးပွားရေးရော တိုင်းပြည်ချမ်းသာတာပါ အများကြီးလိုအပ်ပါတယ်။ နောက်တစ်ခါ ပံ့ပိုးမယ့် စိတ်ဝင်စားမယ့် ပုဂ္ဂိုလ်ကြီးတွေလည်း အများကြီးလိုပါတယ်။ အခုဟာ ဝိုင်းပြီးတော့ တက်ညီလက်ညီ လုပ်နေတယ်လို့ ကျွန်တော်ထင်တယ်။ နောင်တစ်ချိန်မှာတော့ မြန်မာ့ဘောလုံးလောက တိုးတက်လာမယ်လို့ ကျွန်တော်မြင်ပါတယ်။ ပံ့ပိုးမှုအပိုင်းမှာ ကျွန်တော့်စိတ်အထင်တော့ မလိုအပ်တော့ဘူးလို့ ထင်တယ်။ ဒီအခြေအနေက အများကြီးကောင်းနေတဲ့အချိန်ပါ။ ကောင်းနေတဲ့အချိန်မှာ အားကစားသမားတွေက စိတ်ဓာတ်ပဲလိုတယ်။ စိတ်ဓာတ်နဲ့ အများအတွက် လုပ်ပေးမယ်ဆိုတဲ့ စိတ်ဆန္ဒလေးပထမ၊ အားကစားလောကထဲဝင်တာနဲ့ ငါ့အတွက် ကစားမယ့်အစား ငါ့နိုင်ငံအတွက် ငါ့အသင်းအတွက် ငါ့ကစားသမားတွေအတွက် ကစားမယ်ဆိုတဲ့ အားကစားစိတ်ဓာတ်လေး ပါလာမယ်ဆိုရင် ကျွန်တော့်စိတ်ထင် ဘောလုံးလောက တိုးတက်လာမယ်လို့ ထင်ပါတယ်။

**သတင်းနှင့် ဓာတ်ပုံ- မျိုးမင်းသိန်း**
**ထင်ပေါ်ဝင်း**

# မိုးရွာသွန်းမှုကြောင့် မလှိုင်မြို့နယ်အတွင်းရှိ မြင်းတွင်းကန် ကျိုးပေါက်

**မလှိုင် အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ အောက်တိုဘာ ၂၉ ရက် ည၁၀ နာရီခန့်ကစတင်၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် မြင်းတွင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၇)ရှိမြင်းတွင်းကန် ကန်ပေါင်ကျိုးပေါက်ခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းမှုကြောင့် မြင်းတွင်းကန် ကန်ပေါင် အလျား ပေ ၈၀ ၊ အမြင့် ၁၂ ပေ၊ ထိပ်ပြင်အကျယ် ၁၄ ပေ ခန့် ကျိုးပေါက်ခဲ့ပြီး ရေများလျှံထွက်လျက်ရှိသည်။ ကန်ပေါင်ကျိုးပေါက်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု မရှိကြောင်းနှင့် စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည် ။ အဆိုပါကန်မှာ အလျား ပေ ၁၀၈၀၊ အမြင့် ၁၂ ပေ၊ ထိပ်ပြင်အကျယ် ၁၄ ပေရှိပြီး ကျေးလက်ရန်ပုံငွေဖြင့် တူးဖော်ပေးထားသော သောက်သုံးရေကန်ဖြစ်သည်။

"ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၁၆၀၊ လူဦးရေ ၈၀၀ ခန့်ရှိပြီး ဒီကန်အောက်ဘက်ရှိ ရေတွင်းက သောက်ရေအဖြစ် တစ်ရွာလုံး အသုံးပြုနေတာပါ။ ရေတွင်းက ဒီတစ်တွင်းတည်းရှိတာပါ။ ကျွဲ၊ နွား တိရစ္ဆာန် သောက်ရေအတွက်လည်း ဒီကန်ကိုပဲ အားကိုးနေရတာပါ။ ကန်ရေရှိမှ ရေပေါများကာ ကန်ရေမကုန်အောင် ဝိုင်းပြီးပိတ်ဆို့နေတာပါ။ ဒါ့အပြင် သောက်သုံးရေသာမက ကန်ရေပြည့်လျှင် တစ်ပိုင်တစ်နိုင် ရေတင်စက်နဲ့ ရေသွယ် စိုက်ပျိုးလို့ရတဲ့အတွက်လည်း ကျွန်တော်တို့ကျေးရွာအတွက် အားထားရတဲ့ ကန်ဖြစ်ပါတယ်"ဟု ဒေသခံ ဦးလှသောင်းက ပြောသည်။

အဆိုပါနေ့က ကန်ပေါင်ကျိုးပေါက်ရာ နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး ၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ ရဲတပ်ဖွဲ့ ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ပြီး ဒေသခံများနှင့်အတူ သဲအိတ်များ ကူညီချပေးခဲ့ကြောင်း သိရသည်။ **အောင်ဋ္ဌေး(မလှိုင်)**



# မိုးသည်းထန်မှုကြောင့် သာစည်မြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်အချို့ ရေများဝင်ရောက် ကျေးရွာများ၌စိုက်ပျိုးထားသည့် မိုးထောင်ငရုတ်ခင်းများ ရေဝင်ပျက်စီး

**သာစည် အောက်တိုဘာ ၃၀**

သာစည်မြို့နယ်၌ အောက်တိုဘာ ၂၉ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်မှ စတင်ပြီး ညနေ ၄ နာရီအထိ ရွာသွန်းခဲ့သော မိုးကြောင့် မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် အမှတ်(၆) အရှေ့ပိုင်းရပ်ကွက်၊ အမှတ်(၇) ရပ်ကွက်၊ အမှတ်(၁)ရပ်ကွက် အရှေ့တောင်ဘက်ပိုင်း၊ အမှတ်(၂) ရပ်ကွက်တို့ရှိ လူနေအိမ်ခြံဝင်းများထဲသို့ ရေများဝင်ရောက်ခဲ့သည်။ **(ဓဲပုံ)**



မိုးသည်းထန်မှုကြောင့် မြို့နယ်အတွင်းရှိ အုတ်ကုန်း၊ ထနောင်းကုန်း၊ ထနောင်းကန်၊ ကြာဘက်ကုန်း၊ ပိုးမဲဇာကုန်း၊ အုတ်ဖို၊ အုတ်သျှစ်ကုန်း၊ ကန့်ဖြူ၊ သမန်းကန်၊ ညောင်တို၊ ပေါက်တော၊ ဆင်ဝင်၊ အင်းရွာတို့၌ တောင်သူများ စိုက်ပျိုးထားသည့် မိုးထောင် ငရုတ်ခင်းများနှင့် ငရုတ်ပွခင်းများ မိုးရေများ ဝင်ရောက်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြင်းတွင်းကျေးရွာအတွင်း တောင်ကျရေများဝင်ရောက်

**ကျောက်ဆည် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ အောက်တိုဘာ ၂၉ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်နီမတောင်တန်းအခြေရှိ မြင်းတွင်းကျေးရွာတွင် ညနေ ၄ နာရီခန့်က တောင်ကျရေများ သုံးပေခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရေများဝင်ရောက်သည့် မြင်းတွင်းကျေးရွာသည် အိမ်ခြေ ၅၂ အိမ်ရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုနှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ရေဝင်ရောက်သည့် အိမ်များမှပြည်သူများကို ရေလွတ်သည့် ရွာဦးဘုန်းကြီးကျောင်းသို့ လည်းကောင်း၊ တောင်ခြေရှိ တဲများသို့ လည်းကောင်း ပြောင်းရွှေ့ပေးခဲ့ပြီး အိမ်ခြေ ၂၀ မှာ အမြင့်အိမ်များ ဖြစ်သောကြောင့် ပြောင်းရွှေ့ရန် မလိုကြောင်း သိရသည်။

အဆိုပါရေဝင်ရောက်မှုမှာ တောင်ကျ ရေများ တစ်ရှိန်ထိုး ငပြောင်မြောင်းအတွင်းသို့ဝင်ရောက်ပြီး မြောင်းပေါင်ကျိုးကျကာ ကျေးရွာအနီးနှင့် လယ်ကွင်းများသို့ ရေများဝင်ရောက်ခဲ့သည်။ လူနှင့်တိရစ္ဆာန်များ သေပျောက်မှုမရှိကြောင်း သိရသည်။

ပြောင်းရွှေ့ အိမ်များအတွက် သောက်ရေနှင့် ကျန်းမာရေးအတွက် ယာယီဆေးခန်း ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# တောင်တွင်းကြီးမြို့တွင် ရွှေဝယ်ယူရန်ဟန်ဆောင်ပြီး ရွှေဆွဲကြိုးခိုးသူအား ဖမ်းဆီးရမိ

**တောင်တွင်းကြီး အောက်တိုဘာ ၃၀**

တောင်တွင်းကြီးမြို့ရွှေအိုး(၁)ရပ်ကွက်ရှိ ရွှေဆိုင်တစ်ဆိုင်၌ ရွှေဝယ်မည်ဟု ပြောပြီး ရွှေဆွဲကြိုးခိုးယူသူကို အောက်တိုဘာ ၂၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရွှေအိုး(၁) ရပ်ကွက်နေ ကျော်ကျော်ခိုင်သည် အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြို့မဈေးကြီးအပြင်ဘက်ရှိ ၄င်းပိုင် လှဆန်းယဉ်ရတနာရွှေဆိုင်၌ အရောင်းအဝယ်ပြုလုပ်နေစဉ် အမျိုးသမီးတစ်ဦး (သုံးနှစ်)အရွယ် ကလေးနှင့်အတူ ရောက်ရှိလာရာ ရွှေဆွဲကြိုးဝယ်ယူလိုကြောင်းပြောသဖြင့် ရွှေဆွဲကြိုး (အကြီး၊ အသေး) ငါးကုံးကို အကြိမ်ကြိမ်ပြသခဲ့ရာ ၁၅ မိနစ်ခန့်အကြာ နောက်မှ အော်ဒါလာယူမည်ဟုပြောပြီး ရွှေဆွဲကြိုးတစ်ကုံးအား ၄င်းရှေ့၌ချထားသည့် လက်ဆွဲခြင်းအတွင်းသို့ ပစ်ချလိုက်သည်ကို ဦးကျော်ကျော်ခိုင်က တွေ့မြင်ရသဖြင့် ထိုအမျိုးသမီးကို ခဏထိုင်ခိုင်းထားပြီး ဈေးခေါင်းရုံးသို့ အကြောင်းကြားရာ ဈေးတာဝန်ခံနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး လက်ဆွဲခြင်းအတွင်း ရှာဖွေရာ ရွှေဆွဲကြိုး ၁၅ ပဲရည်(၈ပဲ ၁ရွေး) တစ်ကုံး၊ တန်ဖိုး ငွေကျပ် ၅၀၀၀၀၀ ခန့်ကို ပြန်လည် တွေ့ရှိပြီး ၄င်းမှာ မခင်စန္ဒာသက်(ခ) မကေ (၃၁နှစ်) ဘော်ကျေးရွာ တပ်ကုန်း မြို့နယ်နေသူ ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မခင်စန္ဒာသက်(ခ) မကေအား တောင်တွင်းကြီးမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ထိုင်းနိုင်ငံ နိုဗိုဒုက္ခသည်စခန်းမှ မွန်ပြည်နယ်သားတစ်ဦး မိဘထံပြန်လည်ပို့ဆောင်

**မော်လမြိုင် အောက်တိုဘာ ၃၀**

ထိုင်းနိုင်ငံ နိုဗိုဒုက္ခသည်စခန်းမှ ကရင်ပြည်နယ် မြဝတီမြို့ ကြိုဆိုလက်ခံရေးစခန်းသို့ လာရောက်ပို့ဆောင်သော မြန်မာနိုင်ငံသား ၆၅ ဦးအနက် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝသုန်ချောင်းကျေးရွာမှ ဒုက္ခသည် ကိုကျော်ထူး (၄၀ နှစ်)ကို ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဦးသောင်းရွှေ ဦးဆောင်သောအဖွဲ့က အောက်တိုဘာ ၂၆ ရက်ညနေ ၃ နာရီက လက်ခံခေါ်ဆောင်ခဲ့ပြီး အောက်တိုဘာ ၂၇ ရက် ညနေ ၅ နာရီတွင် ဝသုန်ချောင်းကျေးရွာရှိ ၎င်း၏မိသားစုထံ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ကိုကျော်ထူးအား ဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေကျပ် သုံးသိန်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ငွေကျပ်တစ်သိန်းထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# သုံးခွမြို့နယ်၌ ကျေးရွာချင်းဆက်တံတား ဆောက်လုပ်ရန် ကွင်းဆင်းတိုင်းတာဆောင်ရွက်

**သုံးခွ အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိကျေးရွာများ၌ ဒေသခံပြည်သူများ ကုန်စည်ကူးသန်းရောင်းဝယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများတွင် ပိုမိုအဆင်ပြေစေရေးအတွက် ထုံးကြီးကျေးရွာတာနှင့် သရောဘုတ်ကျေးရွာတို့သို့ ဆက်သွယ်ထားသော မြေသားတာလမ်းပေါ်၌ တံတားတည်ဆောက်မည်ဖြစ်ရာ အဆိုပါ ကျေးလက်တံတားတည်ဆောက်ရန် မြေအနေအထားကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က အောက်တိုဘာ ၂၉ ရက်က ကွင်းဆင်းစစ်ဆေး တိုင်းတာမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**



# ပါဝါအိတ်ဇောတပ်ယာဉ်တစ်စီး သိမ်းဆည်းရမိ

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်မြို့တာမွေမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးလှဘုန်းကျော်နှင့် ရဲတပ်ဖွဲ့ဝင်များသည် တာမွေမြို့နယ် တာမွေမီးသတ်ရှေ့တွင် သမိန်ဗရမ်းလမ်းအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာသော မော်တော်ယာဉ်များအား အောက်တိုဘာ ၃၀ ရက် နံနက်က ယာဉ်စစ်ပိတ်ဆို့ တာဝန်ဆောင်ရွက်နေစဉ် သမိန်ဗရမ်းလမ်းအတိုင်း အရှေ့မှ အနောက်သို့ ပါဝါအိတ်ဇောတပ် ယာဉ်တစ်စီးကိုမောင်းနှင်လာသဖြင့် တားဆီးစစ်ဆေးခဲ့သည်။

အဆိုပါယာဉ်မှာ 7D/ ---- တိုယိုတာမတ်တူး (ကိုယ်ပိုင်ယာဉ်)ဖြစ်ပြီး ဝဏ္ဏသူ (၃၃နှစ်) အိမ်အလှဆင်လုပ်ငန်း သမိန်ဗရမ်းလမ်း တာမွေမြို့နယ်နေသူက မောင်းနှင်လာကြောင်း ယာဉ်ကိုစစ်ဆေးရာ ပါဝါအိတ်ဇော တပ်ဆင်ထားသဖြင့် ယာဉ်လိုင်စင်(ဗီးတက်)ပိတ်သိမ်းနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပို့အပ်စစ်ဆေးပြီး ယာဉ်မောင်းအား မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

## မိုးပိုလာနိုင်

၃၀-၁၀-၂၀၁၆

နေပြည်တော်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၌ မိုးပိုလာနိုင် သည်။

**(မိုး/ဇလ)**

# တောင်ကိုရီးယားသမ္မတအား ရာထူးမှ နုတ်ထွက်ရန်ဆန္ဒပြတောင်းဆို

**ဆိုးလ် အောက်တိုဘာ ၃၀**
တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ ထောင်ပေါင်းများစွာသော လူအုပ်ကြီးသည် စုဝေးလျက် တောင်ကိုရီးယားသမ္မတပတ်ဂွန်ဟေးရာထူးမှ နုတ်ထွက်ရေးကို တောင်းဆိုနေကြသည်။

မစ္စပတ်ဂွန်ဟေးသည် နိုင်ငံရေးဟောပြောမှုများအတွက် ၄င်း၏ မိတ်ဆွေဟောင်းတစ်ဦးအား ပြင်ဆင်တည်းဖြတ်မှုများ ပြုလုပ်ခွင့်ပေးခဲ့ကြောင်း ဝန်ခံခဲ့ပြီးနောက် ၄င်း၏ အကြီးတန်းအကြံပေးအဖွဲ့ဝင် ၁၀ ဦးကို နုတ်ထွက်ရန် အမိန့်ထုတ်ပြန်လိုက်ရာမှ ဆန္ဒပြဆန္ဒကျင်မှု ပေါ်ထွက်လာခြင်းဖြစ်သည်။

အစိုးရဝန်ထမ်းမဟုတ်သူ ချိုင်ဆွန်ဆီသည် ၄င်းနှင့် သက်ဆိုင်ခြင်းမရှိသည့် မူဝါဒရေးဆွဲမှုကိစ္စရပ်များတွင် ဝင်ရောက်နှောင့်ယှက်နေပြီး သမ္မတနှင့် ၄င်း၏ ရင်းနှီးမှုကို အခွင့်ကောင်းယူကာ ငွေရေးကြေးရေး အမြတ်ထုတ်နေသူ အဖြစ်စွပ်စွဲခံထားရသည်။ ဆန္ဒပြဆန့်ကျင်သူများသည် စနေနေ့က သမ္မတရုံးဆိုင်ရာ အဖွဲ့ဝင်များ၏ နေအိမ်အချို့ကို စီးနင်းဝင်ရောက်ခဲ့ကြသည်။

၄င်းတို့သည် မစ္စချိုင်းနှင့် အလိုတူအလိုပါ၊ ပူးပေါင်းပါဝင်သည်ဟု သံသယရှိသူများ၏ ကွန်ပျူတာများနှင့်ဖိုင်များကိုသိမ်းဆည်းခဲ့ကြသည်။ စနေနေ့ညနေခင်းတွင် ဆန္ဒပြလူအုပ် ၈၀၀၀ တို့သည် လမ်းမများပေါ်၌ နေရာယူခဲ့ကြသည်။ ဆန္ဒပြဆန့်ကျင်သူများသည် ပတ်ဂွမ်ဟေးကို ဖြုတ်ချဟူသော စာတန်းပါ ဆိုင်းဘုတ်များကို ကိုင်ဆောင်ထားကြသည်။



"မစ္စပတ်ဂွန်ဟေးဟာ လုပ်ပိုင်ခွင့်အာဏာဆုံးရှုံးသွားတဲ့အပြင် တိုင်းပြည်ကို အုပ်ချုပ်နိုင်တဲ့အရည်အချင်းမရှိဘူးဆိုတာကို ပြလိုက်တာပါပဲ" ဟု အတိုက်အခံနိုင်ငံရေးပါတီမှ ဂျယ်မြောင်လီက အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

**(ဘီဘီစီ)**

# အင်္ဂလန်ဘဏ်အကြီးအကဲ နုတ်ထွက်မည်ဟု သတင်းများ ထွက်ပေါ်

**လန်ဒန် အောက်တိုဘာ ၃၀**
အင်္ဂလန်ဘဏ်၏ အကြီးအကဲဖြစ်သူ မာခ့်ကာနေသည် ဗဟိုဘဏ်၌ သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ရမည့် ၄င်း၏ ရာထူးနေရာကိုဆက်လက် တာဝန်ထမ်းဆောင်လိုခြင်းမရှိတော့ကြောင်းနှင့် ၄င်း၏ ဆုံးဖြတ်ချက်ကို လာမည့်ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ဗြိတိန်သတင်းစာတွင် စနေနေ့က ဖော်ပြခဲ့သည်။

ကာနေက အင်္ဂလန်ဘဏ် (BOE)သို့ ၄င်းစတင်ဝင်ရောက်ခဲ့သည့် ၂၀၁၃ ခုနှစ် ဇူလိုင်လမှ စတင်ကာ ငါးနှစ်ကျော်လွန်သည်အထိ တာဝန်ထမ်းဆောင်မည်ဟု ကတိကဝတ်ပြုခဲ့သည့်အတိုင်း ဆက်လက်ထမ်းဆောင်ရန် ရှိ မရှိကို နှစ်မကုန်မီ ဆုံးဖြတ်ချက်ချသွားမည်ဟု လူထုအားပြောကြားခဲ့သည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ၄င်း၏ သဘောထားကို သုံးလတစ်ကြိမ်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားမည်ဟု ဆိုသည်။

ကာနေနှင့်သိကျွမ်းသည့်ဘဏ်မှ အကြီးတန်းအရာရှိများက ကာနေသည် ၂၀၁၈ တွင် ကနေဒါဘဏ်သို့ပြန်သွားရန်မျှော်လင့်ကြောင်း ပြောကြားသည်။ ကာနေသည် ၂၀၀၃ ခုနှစ် ဩဂုတ် ၅ ရက်က ကနေဒါဘဏ်၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**(ရိုက်တာ)**

# ယီမင်၌ အာရပ်မဟာမိတ် လေကြောင်းတိုက်ခိုက်မှုကြောင့် အကျဉ်းသားများအပါအဝင် လူ ၄၅ ဦး သေဆုံး

**ဆာနား အောက်တိုဘာ ၃၀**
ယီမင်နိုင်ငံ ဟိုဒေဒက်မြို့တွင်းရှိ အကျဉ်းထောင်ကို အာရပ်မဟာမိတ်စစ်လေယာဉ်များက လေကြောင်းတိုက်ခိုက်မှုကြောင့် အကျဉ်းသားများအပါအဝင် လူ ၄၅ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များ၊ ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များနှင့် ဟူသီသူပုန်တို့ထိန်းချုပ်ထားသည့် ပင်လယ်နီဆိပ်ကမ်းမှ သတင်းမီဒီယာများက တနင်္ဂနွေနေ့တွင်ဖော်ပြသည်။

အယ်လ်ဇေဒီရပ်ခရိုင်အတွင်းရှိ အကျဉ်းထောင်အတွင်း၌ အကျဉ်းသား ၈၄ ဦးကျော်ကို ထိန်းသိမ်းထားပြီး အဆိုပါအကျဉ်းထောင်အား စနေနေ့နှောင်းပိုင်းတွင်သုံးကြိမ်တိုင်တိုင် လေကြောင်းတိုက်ခိုက်ခံခဲ့ရကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

ဆော်ဒီဦးဆောင်သည့် မဟာမိတ်များသည် ၂၀၁၅ ခုနှစ် မတ်လကတည်းက သမ္မတဟောင်း အဗ္ဗဒူလ်ရာဘူလ်မန်ဆောဟာဒီအား ပြန်လည်ခေါ်ယူနိုင်ရန် ဟူသီသူပုန်များအား လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်လာခဲ့သည်။ သမ္မတ မန်ဆောဟာဒီသည် ၂၀၁၄ ခုနှစ်တွင် အီရန်မဟာမိတ်များကြောင့် ရာထူးမှ လျှော့ကျခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မဟာမိတ်များထံမှ ဝေဖန်ချက်တစ်စုံတစ်ရာထွက်ပေါ်လာခြင်း မရှိသေးပေ။

စနေနေ့က တိုက်စ်ပြည်နယ်တောင်ပိုင်းတွင် မဟာမိတ်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၇ ဦး သေဆုံးခဲ့သည်။ **(ရိုက်တာ)**

# ဒုက္ခသည်ကလေးငယ်များအား ခွဲဝေတာဝန်ယူပေးရန် ဗြိတိန်အား ပြင်သစ်သမ္မတတိုက်တွန်း

**ပါရီ အောက်တိုဘာ ၃၀**
ဒုက္ခသည် တဲစခန်းများကို ရှင်းလင်းဖယ်ရှားခဲ့ပြီးသည့်နောက် ကာလိုက်စ်တွင် ကျန်ရှိနေသည့် ရွှေ့ပြောင်းဒုက္ခသည်ကလေးငယ်များကို ဗြိတိန်နိုင်ငံက ခွဲဝေတာဝန်ယူရန် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းက ဗြိတိန်အား တိုက်တွန်းပြောကြားခဲ့သည်။

အဖော်အပေါင်းမရှိဘဲ ရောက်ရှိလာကြသည့် အသက်မပြည့်သေးသူကလေးငယ် ၁၅၀၀ တို့သည် ယခုအချိန်အထိ ဆိပ်ကမ်းမြို့အတွင်း သောင်တင်နေဆဲဖြစ်ပြီး ၄င်းတို့အား ခိုလှုံရာ စခန်းများသို့ အမြန်ဆုံးခေါ်ဆောင်သွားရမည်ဖြစ်ကြောင်း သမ္မတ ဖရန်ဆွာဟော်လန်းက ပြောသည်။

စစ်ပွဲနှင့်ဆင်းရဲငတ်မွတ်ခေါင်းပါးမှုတို့ကြောင့် ထွက်ပြေးလာခဲ့ကြသည့် ဒုက္ခသည်များသည် ညစ်ပတ်ရှုပ်ပွနေသည့်တဲများကို ခေတ္တခိုလှုံရာ စခန်းအဖြစ်အသုံးပြုလျက် ဗြိတိန်သို့ရောက်ရှိရေး ကြိုးပမ်းနေကြသည်။ အဆိုပါတဲစခန်းများမှ ကလေးငယ်အယောက် ၂၅၀ ကို လက်ခံပေးရန် ဗြိတိန်သည် မကြာသေးမီကပင် သဘောတူညီခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်မှ စတင်ကာ ရင်ဆိုင်လာရသည့် အဆိုးရွားဆုံး ဒုက္ခသည်ပြဿနာကို ဥရောပအနေဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိတော့သည်ကို ဒုက္ခသည်တဲစခန်းများက ဖော်ပြလျက်ရှိသည်။

ပြည့်သိပ်ကျပ်ညပ်နေသည့် ရွက်ဖျင်တဲများတွင် အသက်မပြည့်သေးသည့် ကလေးငယ် ၁၅၀၀ ထက်မနည်းနေထိုင်လျက်ရှိပြီး ကလေးငယ်အများစုသည် ဆင်းရဲပင်ပန်းကြီးစွာ အိပ်စက်နေကြရသည်။ ဗြိတိန်နိုင်ငံအတွင်း၌ ၄င်းတို့အား အိမ်ရာပြန်လည်ထူထောင်ပေးရန်နှင့် ပြင်သစ်နိုင်ငံအတွင်း ဆက်လက်ခိုလှုံခွင့်ပေးထားရန် ကိစ္စရပ်များနှင့်ပတ်သက်၍ မစ္စတာဟော်လန်းနှင့် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေတို့က ဗြိတိန်အာဏာပိုင်များနှင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ဘီဘီစီ)**



# အာဖရိကအလယ်ပိုင်းတွင် လူမျိုးရေးပဋိပက္ခများဖြစ်ပွားပြီး ၂၅ ဦး သေဆုံး



**ဂျီနီဗာ အောက်တိုဘာ ၃၀**
အာဖရိက အလယ်ပိုင်းနိုင်ငံတွင် နှစ်ရက်ကြာဖြစ်ပွားခဲ့သည့် ပဋိပက္ခအတွင်းလူ ၂၅ ဦး သေဆုံးခဲ့ရပြီဖြစ်ကြောင်း ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးမစ်ရှင်အဖွဲ့က ပြောကြားခဲ့သည်။

ကြာသပတေးနေ့က ဆီလီကာ စစ်သွေးကြွအဖွဲ့ဟောင်းမှ အစ္စလာမ်တိုက်ခိုက်ရေးအဖွဲ့များနှင့် ဘာလာကာ အဖွဲ့ကို ဆန့်ကျင်သည့် ခရစ်ယာန်ဘာသာဝင်အုပ်စုများအကြား ပဋိပက္ခများဖြစ်ပွားခဲ့ရာ လူ ၁၅ ဦး သေဆုံးသွားခဲ့သည်။

သောကြာနေ့တွင် ရဲအရာရှိခြောက်ဦးနှင့် အရပ်သားလေးဦး ချုံခိုတိုက်ခိုက်ခံရပြီး သေဆုံးခဲ့သည်။ ၂၀၁၃ ခုနှစ်မှ စတင်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ဘာသာရေးနှင့် လူမျိုးရေးပဋိပက္ခများကြောင့် ပြိုကွဲပျက်စီးခဲ့ရသည်။

ဘာလာကာ ဆန့်ကျင်ရေးအဖွဲ့နှင့် ဆီလီကာအဖွဲ့ဟောင်း၏ အုပ်စုဝင်များအကြား ရန်းရင်းဆန်ခတ်ဖြစ်ပွားမှုကြောင့် ၁၅ ဦး သေဆုံးကာ အများအပြားဒဏ်ရာရရှိခဲ့ကြောင်း မိုင်နပ်စ်ကာမစ်ရှင်အဖွဲ့က ပြောကြားခဲ့သည်။ ကုလသမဂ္ဂမစ်ရှင်အဖွဲ့က အတောမသတ်နိုင်သည့် တိုက်ခိုက်မှုများနှင့် လက်စားချေတုံ့ပြန်မှုများကို ရပ်တန့်ကရပ်ကြရန် လက်နက်ကိုင်အုပ်စုများက တိုက်တွန်းထားသည်။

ဆီလီကာသူပုန်အဖွဲ့သည် ၂၀၁၃ ခုနှစ် မတ်လတွင် အာဏာသိမ်းခဲ့ပြီး ခရစ်ယာန်ဘာသာဝင်သမ္မတ ဖရန်ကွိုက်ဘိုဇီဇီကို ရာထူးမှဖြုတ်ချခဲ့သည်။ လူထောင်ပေါင်းများစွာသေဆုံးခဲ့ပြီး ရာပေါင်းများစွာတို့ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ယခုအခါ နိုင်ငံအတွင်း ကုလသမဂ္ဂငြိမ်းချမ်းရေးလိုလားသူ ၁၂၀၀၀ ကျော်ကို ဖြန့်ကြက်ထားသည်။

**(ဘီဘီစီ)**

# ROSS ပင်လယ်အတွင်းက ဘေးမဲ့ဇုန်

## ကလျာမိုးမြင့်

**အလက်စကာလောက်နီးပါး ကြီးမားကျယ်ပြန့်လှတဲ့ ပင်လယ်သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုကို အန္တာတိကတိုက်မှာရှိတဲ့ ရော့စ်ပင်လယ်အတွင်းမှာ တည်ထောင်ထားရှိဖို့အတွက် နိုင်ငံပေါင်း ၂၄ နိုင်ငံက ကိုယ်စားလှယ်တွေနဲ့ ဥရောပသမဂ္ဂတို့ ဩစတြေးလျမှာ ဆွေးနွေးခဲ့ကြတာဟာ သောကြာနေ့မှာ သဘောတူညီမှုအဆင့်ကို ရောက်ရှိခဲ့ကြပြီဖြစ်ပါတယ်။**



မူဝါဒရေးဆွဲသူတွေနဲ့ကျွမ်းကျင်သူပညာရှင်များက ပင်လယ်ရဲ့စတုရန်းမိုင် ၆၀၀၀၀၀ အထိ လွှမ်းခြုံပါဝင်နိုင်မယ့် ဇုန်တစ်ခုကိုဖန်တီးဖို့ တစ်ခဲနက် သဘောတူညီလိုက်ပါတယ်။ အဲဒီသတ်မှတ်နယ်မြေတစ်ခုလုံးမှာ စီးပွားရေးအရ ငါးဖမ်းခြင်းကို လုံးဝပိတ်ပင်သွားမှာဖြစ်ပြီး ၂၈ ရာခိုင် နှုန်းကိုတော့ သုတေသနဇုန်အဖြစ် သတ်မှတ်ရေးဆွဲသွားမှာပါ။ အဲဒီသုတေသန ဇုန်အတွင်းမှာ ကျွမ်းကျင်သူပညာရှင်တွေဟာ ဝေလငါး၊ ပင်ဂွင်းငှက်၊ ပင်လယ်ဖျံနဲ့ အခြားသောရေနေ တိရစ္ဆာန်တွေရဲ့ အစာဖြစ်တဲ့ ငါးတွေ၊ ရေမှော်စားသုံးတဲ့ ခရုကမာတွေနဲ့ ကျောရိုးမဲ့သတ္တဝါတွေကို ခွင့်ပြုထားတဲ့ ပမာဏအထိသာ ဖမ်းဆီးနိုင်မှာ ဖြစ်ပါတယ်။

**ပင်လယ်သဘာဝဘေးမဲ့ဇုန်ထူထောင်ဖို့ အမေရိကန်နဲ့ နယူးဇီလန်က ကိုယ်စားလှယ်တွေဟာ ပထမဆုံး အဆိုတင်သွင်းခဲ့ကြတာပါ။ ဒါပေမယ့် ရုရှားရဲ့အတည်ပြုထောက်ခံချက်ကို မရရှိသေးတဲ့အတွက် ရှေ့မဆက်နိုင်ဖြစ်နေခဲ့ရာကနေ သောကြာနေ့အရောက်မှာတော့ စိတ်ချရတဲ့ အခြေအနေတစ်ခုကို ရရှိခဲ့**

ရော့စ်ပင်လယ်ရဲ့ ရေခဲလွှာတွေနဲ့ အများဆုံး ထိတွေ့မှုရှိတဲ့ ဒီနယ်နိမိတ်ဟာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ တစ်ရက်နေ့မှာ ကာကွယ်မှုနယ်နိမိတ်အောက် လုံးဝကျရောက်မှာဖြစ်ပြီး သဘာဝဘေးမဲ့ဇုန်အဖြစ် ၃၅ နှစ်ကြာ တည်ရှိနေမှာဖြစ်ပါတယ်။ ဟိုဘတ်နဲ့ တက်စမေးနီးယားတို့မှာပြုလုပ်တဲ့ အန္တာတိက ပင်လယ်နေသက်ရှိ ရေသယံဇာတထိန်းသိမ်းမှု ကော်မရှင်စည်းဝေးပွဲမှာ သဘောတူညီမှုအဆင့် ရောက်ရှိခဲ့တာပါ။

ဒါဟာ အန္တာတိကတစ်ခုတည်းအတွက်သာမဟုတ်ဘဲ နိုင်ငံတကာနဲ့ သက်ဆိုင်နေတဲ့ ရေသယံဇာတထိန်းသိမ်းရေးရဲ့ အရေးကြီးတဲ့ ခြေလှမ်းတစ်ခုဖြစ်တယ်လို့အမေရိကန် ကိုယ်စားပြုအကြီးအကဲ အီဗန်ဘလုမ်းက ပြောပါတယ်။

သိသာထင်ရှားတဲ့အချက်က ကာကွယ်ရေးလုပ်ဆောင်ထားတဲ့ ရေပိုင်နက်ဧရိယာဟာ ဖမ်းဆီးခွင့် ရယူခွင့်မရှိတဲ့ နေရာတွေဖြစ်ပြီး ဒီစီမံကိန်းမှာ ၂၅ နိုင်ငံ ပါဝင်ပတ်သက်နေတဲ့အပြင် နှစ်ရှည်ကြာတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့ရတယ်ဆိုတဲ့အချက်ပါ။ ဒါဟာ နိုင်ငံတကာအဖွဲ့အစည်းတွေအတွက် အကြီးမားဆုံးခြေလှမ်းတစ်ခုဖြစ်တယ်လို့ သမုဒ္ဒရာနဲ့ အာကာသဆိုင်ရာ ရုံးအဖွဲ့ဒါရိုက်တာ မစ္စတာဘလုမ်းက တယ်လီဖုန်းအင်တာဗျူးတစ်ခုမှာ ပြောကြားခဲ့ပါတယ်။

တောင်သမုဒ္ဒရာမှာရှိတဲ့ ရော့စ်ပင်လယ်ကို ကာကွယ်ထိန်းသိမ်းရေးဟာ ခြောက်နှစ်လောက်ကြာတဲ့အထိ ကော်မရှင်အဖွဲ့ရဲ့ အစီအစဉ်တွေထဲမှာ ရှိနေခဲ့ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေအနေနဲ့လည်း အဲဒီနေရာမှာ ငါးမဖမ်းရဇုန် သတ်မှတ်ဖို့အရေး ၁၀ စုနှစ်တစ်ခုကြာတဲ့အထိ အငြင်းပွားခဲ့ကြရတယ်လို့ ဝါရှင်တန်မှာရှိတဲ့ တောင်သမုဒ္ဒရာ ဘေးမဲ့လှုပ်ရှားမှုအသင်းမှ ဒါရိုက်တာအင်ဒရီရာကာဗာနတ်ကပြောကြားခဲ့ပါတယ်။

ပင်လယ်သဘာဝဘေးမဲ့ဇုန် ထူထောင်ဖို့ အမေရိကန်နဲ့ နယူးဇီလန်က ကိုယ်စားလှယ်တွေဟာ ပထမဆုံး အဆိုတင်သွင်းခဲ့ကြတာပါ။ ဒါပေမယ့် ရုရှားရဲ့ အတည်ပြုထောက်ခံချက်ကို မရရှိသေးတဲ့အတွက် ရှေ့မဆက်နိုင်ဖြစ်နေခဲ့ရာကနေ သောကြာနေ့အရောက်မှာတော့ စိတ်ချရတဲ့ အခြေအနေတစ်ခုကို ရရှိခဲ့ပါပြီ။

ပြီးခဲ့တဲ့နှစ်က ပြုလုပ်တဲ့ ဆွေးနွေးပွဲမှာ သက်ဆိုင်ရာနိုင်ငံတွေအားလုံးရဲ့ တစ်ခဲနက် သဘောတူထောက်ခံမှု လိုအပ်တဲ့ ပင်လယ်သဘာဝဘေးမဲ့ဇုန် ထူထောင်ရေးကို ရုရှားက ပိတ်ပင်တားဆီးခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ကမ္ဘာမြောက်ဘက်ကျွန်းရဲ့ ကွင်းဆက်တစ်ခုအဖြစ်နဲ့ ပါဝင်လာနိုင်ဖို့အတွက် ရုရှားအမျိုးသားဥယျာဉ်ကို အာတိတ်ဒေသအတွင်းမှာ တိုးချဲ့တည်ဆောက်လာခြင်းနဲ့ သဘာဝပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်တွေအတွက် ရုရှားက အစိုးရအကြံပေးတစ်ဦးကို ခန့်အပ်လိုက်ခြင်းက ယခုနှစ်အတွက် အခြေအနေတွေကိုပြောင်းလဲသွားစေခဲ့တယ်လို့ ဗာနတ်က ပြောပါတယ်။ ရုရှားနဲ့အတူ လုပ်ငန်းစဉ်တွေ ရှေ့ဆက်လုပ်ဆောင်သွားနိုင်မယ့်အရိပ်အယောင်တွေမြင်နေရပြီလို့ ၎င်းက ဆိုပါတယ်။

ကောင်စီဟာ ရော့စ်ပင်လယ်ကနေ ဖမ်းဆီးရယူနိုင်တဲ့ ငါးတန်ချိန်ပမာဏကို လျှော့ချခဲ့ခြင်းမရှိပေမယ့် ဝေလငါးတွေ၊ ပင်လယ်ငါးကြီးတွေ၊ ပင်ဂွင်းငှက်တွေနဲ့ အခြားသော ပင်လယ်ငှက်တွေ မျိုးပွားပေါက်ပွားရာ၊ အစာရှာဖွေစားသောက်ရာနေရာတွေ အပါအဝင် စီးပွားရေးအရ သိသာထင်ရှားတဲ့နေရာတွေကိုမဝင်ရောက်ဖို့ ရေယာဉ်တွေကို အထူးသတိပေးနှိုးဆော်ထားပါတယ်။ ဒါဟာ ခေါင်းအေးအေးထားပြီး နည်းပရိယာယ်ကြွယ်ဝစွာ ဖြေရှင်းနိုင်မှုနဲ့ တရားနည်းလမ်းကျကျ ခက်ခဲပင်ပန်းကြီးစွာ ကြိုးစားခဲ့မှုရဲ့ အသီးအပွင့်တွေပါပဲလို့ နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး မာရေးမက်ကာလီက ပြောကြားသွားခဲ့ပါတယ်။ အခက်အခဲပေါင်းများစွာရှိနေပြီး နိုင်ငံရေးဆိုင်ရာမတူကွဲပြားမှုများစွာ ဖြစ်ပွားနေချိန်မှာ ရုရှားနဲ့ ဒီလိုသဘောတူညီမှုအဆင့်ထိရောက်ရှိခဲ့တာဟာ အားရကျေနပ်ဖွယ် အခြေအနေတစ်ရပ်ဖြစ်နေခဲ့ပါတယ်။

ပင်လယ်သယံဇာတ ထိန်းသိမ်းမှုနယ်နိမိတ်အတွင်းမှာ ရော့စ်ပင်လယ်ရဲ့ သဲသောင်တွေ၊ ကျောက်စွန်းတွေ၊ ဘယ်လီနိုင်ကျွန်းတွေနဲ့ စကော့တ်လို့ အမည်တွင်တဲ့ ပင်လယ်ရေအောက်ကျောက်ဆောင်တန်းအပါအဝင် ရေအောက် ကျောက်ဆောင် ကျောက်တန်းနှစ်ခုရှိတဲ့ အနီးတစ်ဝိုက်နေရာတွေကို ထည့်သွင်းသတ်မှတ်ထားပါတယ်။

ရေအောက် ကျောက်ဆောင်ကျောက်တန်းတွေဟာ နို့တိုက်သတ္တဝါတွေ၊ ငှက်တွေ၊ ငါးတွေ၊ ဝက်ဒယ်လ်ဖျံတွေနဲ့ ဝေလငါးတွေအပြင် ပင်ဂွင်းငှက်ကြီးတွေအတွက်ပါ အစာရှာဖွေစုဆောင်းရာ စားကျက်ဖြစ်ပါတယ်။

ကောင်စီဟာ အန္တာတိကဒေသရဲ့ ဂေဟစနစ်အတွက် အသက်သွေးကြောသဖွယ်ဖြစ်တဲ့ ကဏန်း၊ ပုစွန်ဖမ်းဆီးမှုကို ကန့်သတ်ခြင်းလုပ်ငန်းစဉ်ကို ခြောက်နှစ်ကြာအောင် အသစ်ပြန်လည်ရေးဆွဲခဲ့ရကြောင်း အမေရိကန်မှာရှိတဲ့ ပင်လယ်သမုဒ္ဒရာနဲ့ လေထုရေးရာ စီမံခန့်ခွဲမှုအဖွဲ့မှ အဏ္ဏဝါဗေဒပညာရှင် ခရစ္စတင်ရိစ်က ပြောကြားခဲ့ပါတယ်။ အတ္တလန္တိတ်တောင်ပိုင်းမှာရှိတဲ့ နယ်နိမိတ်လေးခုအတွက် အကျုံးဝင်မယ့် စည်းမျဉ်းကန့်သတ်ချက်တွေကိုလည်း ချမှတ်ထားပြီဖြစ်ပြီး ရှေ့လမှာ အပြီးသတ် ရေးဆွဲမှာဖြစ်ပါတယ်။

ပုံမှန်ပြုလုပ်နေကျအတိုင်း သုံးနှစ်ကြာ စီမံချက်မဟုတ်ဘဲ ငါးနှစ်အထိ တိုးချဲ့လိုက်ခြင်းက သိပ္ပံနည်းပညာနဲ့ သဘာဝသယံဇာတ ထိန်းသိမ်းမှုကိစ္စရပ်တွေအပေါ်မှာ ပိုမိုအလေးထားအာရုံစိုက်လာစေတဲ့အပြင် သက်တမ်းတိုးမြှင့်ရေးကိစ္စတွေနဲ့ပတ်သက်ပြီး သိပ်ခေါင်းစားစရာမလိုတော့တဲ့အတွက် ရလဒ်ကောင်းတစ်ခုလို့ မှတ်ချက်ချရမှာပါ။

**ကိုးကား- နယူးယောက်တိုင်းမ်**
**(၂၇.၁၀.၂၀၁၆)**



# တရုတ်နိုင်ငံ အရှေ့ဘက်ကမ်းခြေ၌ ငါးဖမ်းလှေနစ်မြုပ်၍ခြောက်ဦးပျောက်ဆုံးနေ

**ဂျီနန် အောက်တိုဘာ ၃၀**

တရုတ်နိုင်ငံအရှေ့ဘက် ရှန်ဒေါင်ပြည်နယ်အတွင်းရှိ ကမ်းခြေ၌ ငါးဖမ်းလှေတစ်စင်းသည် အမည်မသိသင်္ဘောတစ်စင်းနှင့်တိုက်မိပြီး နစ်မြုပ်သွားခဲ့ရာ လှေပေါ်လိုက်ပါလာသူ ခြောက်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

Jinhau 04856 အမည်ရှိသည့် စက်လှေသည် ချန်ရှန်တိုအရှေ့ဘက် မိုင်၅၀ အကွာတွင် ပင်လယ်ရေအောက်သို့ နစ်မြုပ်ခဲ့သည်။ လှေနစ်မြုပ်သည်နှင့်တစ်ပြိုင်နက် လှေပေါ်လိုက်ပါလာသူ ၁၂ ဦးမှာ ရေထဲသို့ ကျသွားခဲ့သည်။

ဒေသတွင်း ငါးဖမ်းလုပ်ငန်းဆိုင်ရာ အာဏာပိုင်များသည် ကယ်ဆယ်ရှာဖွေရေးဆောင်ရွက်ရန် ငါးဖမ်းလှေ ၁၂စင်းကို စေလွှတ်ခြင်းဖြင့် ပူးပေါင်းပါဝင်ခဲ့သည်။ တံငါသည်ငါးဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် ပျောက်ဆုံးနေသူခြောက်ဦးကို ရှာဖွေကယ်ဆယ်နိုင်ရေး အပူတပြင်းကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အိန္ဒိယရှိ လုပ်ငန်းခွင်တစ်ခုတွင် မီးလောင်မှုကြောင့် အရပ်သားလေးဦးသေဆုံး

**နယူးဒေလီ အောက်တိုဘာ ၃၀**

အိန္ဒိယနိုင်ငံရှိ လုပ်ငန်းခွင်တစ်ခုတွင် မီးလောင်မှုကြောင့် အရပ်သားလေးဦးသေဆုံးပြီး အရပ်သားများစွာထိခိုက်ဒဏ်ရာရရှိသွားကြောင်း ပါကစ္စတန်တပ်မတော်က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ဟာပါ၊ ချာပါ၊ ပူခလင်နှင့် ရှာကာဂတ်နယ်နိမိတ်များတွင် စနေနေ့မှစတင်ကာ မီးဆက်တိုက်လောင်ကျွမ်းခဲ့ကြောင်း တပ်မတော်က ပြောကြားခဲ့သည်။ ပါကစ္စတန်နှင့် အိန္ဒိယတို့သည် ၂၀၀၃ ခုနှစ်ကတည်းက ထိန်းချုပ်နယ်နိမိတ်မျဉ်းတစ်လျှောက်နှင့် လုပ်ငန်းခွင်နယ်နိမိတ်တစ်လျှောက် အပစ်အခတ်ရပ်စဲရေး ကြေညာခဲ့သည်။

သို့သော် နှစ်နိုင်ငံအကြားပြီးခဲ့သည့်လအတွင်းက တင်းမာမှုများသည် အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိလာခဲ့သည်ဖြစ်ရာ နှစ်နိုင်ငံလုံးက တစ်ဖက်နှင့်တစ်ဖက် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ချိုးဖောက်သည်ဟု စွပ်စွဲပြောဆိုလျက်ရှိသည်။

**(ဆင်ဟွာ)**

# နတ်မြစ်အတွင်းမှ ဖမ်းဆီးရမိသည့် မသင်္ကာဖွယ်ရာ ဘင်္ဂါလီသုံးဦးနှင့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွင် ပတ်သက်မှုမရှိသူများအား ပြန်လည်လွှတ်ပေး

**နေပြည်တော် အောက်တိုဘာ ၃၀**

တပ်မတော်(ရေ) အထူးတပ်ဖွဲ့များနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အောက်တိုဘာ ၂၇ ရက်က တပ်မတော်(ရေ) အထူးတပ်ဖွဲ့မှ ဖမ်းဆီးရမိခဲ့သည့် လှေ နှစ်စင်းမှ ဘင်္ဂါလီလူမျိုး ငါးဦးအနက် ရှုဂျီးနား၊ ဝါဟဲမူတိုဖာနှင့် မူဟာမက်ဟူပိုက်တို့မှာ အသက်ငယ်ရွယ်ပြီး မိသားစုဝင်များသာ ဖြစ်သောကြောင့် မောင်တောမြို့မရဲစခန်းမှ တာဝန်ရှိသူများက မြို့ဦးကျေးရွာအုပ်စု၊ လသာ



ပြန်လွှတ်ပေးခဲ့သည့် မာမွတ်အီဆု



ကျေးရွာ ရာအိမ်မှူးထံသို့ အောက်တိုဘာ ၂၇ ရက် ညနေ ၆ နာရီခွဲတွင် ပြန်လည်အပ်နှံခဲ့သည်။ **(အပေါ်ပုံ)**

ဖမ်းဆီးရမိသူ ငါးဦးအနက် အဒူဇူပိုင်း(ဘ) ရှုဇိမ်းနာနှင့် ၎င်း၏ဇနီး နူကနိ(ဘ) နူရှုဟာကိန်တို့ကို မောင်တောမြို့မရဲစခန်းက တရားဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၁၄ ရက်က ဇင်ပိုင်ညာကျေးရွာမှ ဖမ်းဆီးရမိခဲ့သည့် မာမွတ်အီဆုအား စစ်ဆေးရာ မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင် ပတ်သက်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြင်ဖြူနယ်မြေရဲစခန်းက အောက်တိုဘာ ၁၅ ရက်တွင် ပြန်လည်လွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# မြိတ်မြို့ ကန်ဖျားရပ်ကွက်၌ မီးစက်ဘလောက်တုံးပေါက်ရာမှ မီးလောင်

**မြိတ် အောက်တိုဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက် ခရူတောတောင်ပေါ်ရှိ ဦးဇော်မင်းဦး ပိုင်ဆိုင်သော ဆာကူရာစားသောက်ဆိုင်၌ ယနေ့ ညနေ ၆ နာရီ ၄၃ မိနစ်က အင်ဂျင်ဘလောက်တုံးပေါက်ရာမှ မီးစက် မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုကို မြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ အရန်မီးသတ်စခန်းများမှ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး စုစုပေါင်း ခြောက်စီးဖြင့် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဆောင်၍ သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ စုပေါင်း၍ အမြှုပ်ဆေးရည်ဖြင့် မီးငြှိမ်းသတ်ခဲ့ကြရာ ညနေ ၆ နာရီ ၅၅ မိနစ်က မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုစတင်ဖြစ်ပွားချိန်တွင် မီးသတ်ဆေးဘူးများဖြင့် ကနဦး မီးငြှိမ်းသတ်ခဲ့ကြကြောင်း၊ မီးလောင်မှုကြောင့် Denyo 123kv အင်ဂျင်ဘလောက်တုံး တစ်ခု ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုတွင် တာဝန်ရှိသူ မီးစက်တာဝန်ခံ ဦးအောင်မျိုးထွန်းအား မြို့မရဲတပ်ဖွဲ့စခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



# သေနတ်များ၊ ကျည်ဆန်မျိုးစုံနှင့် မူးယစ်ဆေးဝါးများကို အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးထံမှ ဖမ်းမိ

**ကျိုက်မရော အောက်တိုဘာ ၃၀**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း မူးယစ်ဆေးဝါးရောင်းချနေသည်ဟု သတင်းရသည့်နေအိမ်သို့ ဝင်ရောက်ရှာဖွေရာမှ သေနတ်များ၊ ကျည်ဆန်မျိုးစုံနှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို အောက်တိုဘာ ၂၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

ကျိုက်မရောမြို့နယ် ကော့ပနားကျေးရွာနေ ဦးကြည်စိုး၏နေအိမ်၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် မူးယစ်တပ်ဖွဲ့စု အမှတ်(၃၈)မှ ဒုရဲမှူး နိုင်ထန်းမနားနှင့် ပြည်နယ်အကူရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်ဆန်းတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဦးကြည်စိုး၏ နေအိမ်သို့ အောက်တိုဘာ ၂၉ ရက် ည ၉ နာရီခန့်က ဝင်ရောက်ရှာဖွေရာ နေအိမ်ပေါ်၌ ဦးကြည်စိုး(၅၂ နှစ်)နှင့်အတူ တစ်ရွာတည်းနေ ဦးကျော်ငွေ(၄၅ နှစ်)နှင့် မအိအိဖြူ(၂၀ နှစ်)တို့ကို တွေ့ရှိပြီး ၎င်းတို့ထံမှ AK-47 သေနတ်တစ်လက်၊ M-16 သေနတ်တစ်လက်၊ ပွိုင့် ၂၂ သေနတ်တစ်လက်၊ ပစ္စတိုနှစ်လက် စုစုပေါင်း သေနတ်ငါးလက်နှင့် ကျည်အိမ် အတိုအရှည် ၁၁ ခု၊ ကျည်ဆန်မျိုးစုံ အတောင့် ၃၀၀ ကျော်၊ လက်ပစ်ဗုံးတစ်လုံး၊ ငွေကျပ်ခြောက်သိန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၄၄ ပြား(တန်ဖိုး ငွေကျပ် ၁၈ သိန်းခန့်)တို့ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဦးကြည်စိုး၊ ဦးကျော်ငွေနှင့် မအိအိဖြူတို့အား ကျိုက်မရောမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# အမျိုးသမီးတစ်ဦးပိုင်ဝါးများကို ခိုးယူရောင်းစားခဲ့သည်ဆိုကာ ကျေးရွာအုပ်ချုပ်ရေးမှူးအား အမှုဖွင့်ထားပြီး အခြားတစ်ဦးကလည်း ပြန်လှန်အမှုဖွင့်ထား

**ဆော အောက်တိုဘာ ၃၀**

ဂန့်ဂေါခရိုင် ဆောမြို့နယ်နေ အမျိုးသမီးတစ်ဦးက ၎င်းပိုင်ဝါးများကို ၎င်းမသိဘဲ ရောင်းစားခဲ့သည်ဟုဆိုကာ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးအား ကျောက်ထုနယ်မြေရဲစခန်း၌ အောက်တိုဘာ ၂၇ ရက်က အမှုဖွင့်ထားကြောင်းနှင့် အဆိုပါကိစ္စနှင့် ပတ်သက်၍ ဝါးများ၏ ပိုင်ရှင်အမှန်ဖြစ်သည်ဆိုသူ အမျိုးသားတစ်ဦးကလည်း ထိုအမျိုးသမီး အမှုဖွင့်တိုင်ကြားထားမှုမှာ ဖြစ်စဉ်အမှန်မဟုတ်ဘဲ ပြောင်းပြန်တိုင်ကြားခြင်းဖြစ်သည်ဆိုကာ ပြန်လှန်အမှုဖွင့်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆောမြို့နယ် နှောကျေးရွာတွင်နေသူ ဒေါ်သန်းမေ (၄၃ နှစ်)သည် ဆောမြို့နယ် မိအယ်ကျေးရွာနေ တောင်သူများထံမှ ဝါးအလုံး ၂၆၀၀ ကို တစ်လုံးလျှင် ၂၀၀ ကျပ်နှုန်းဖြင့် ငွေ ၅၂၀၀၀၀ ဖိုး ဝယ်ယူထားပြီး မိအယ်ကျေးရွာအနီး တောလမ်းဘေးတွင် စုပုံထားခဲ့ကာ စက်တင်ဘာ ၄ ရက်တွင် စုပုံထားသောဝါးများကို သွားရောက် ကြည့်ရှုရာ ဝါးများမရှိတော့သဖြင့် မိအယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းကြိုင်အား မေးမြန်းသောအခါ ၎င်းက ရန်ပုံငွေလို၍ ရောင်းစားလိုက်ပြီဟုပြောခဲ့ကြောင်း တရားလို ဒေါ်သန်းမေ၏ တိုင်ကြားချက်အရ သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းပိုင်ဝါးများကို ခိုးယူရောင်းစားသူ မိအယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းကြိုင်အား အရေးယူပေးရန် ဒေါ်သန်းမေက ကျောက်ထုနယ်မြေရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ တိုင်ကြားထားသည့်ဖြစ်စဉ်မှာ ပြောင်းပြန်တိုင်ကြားထားခြင်းဖြစ်သည်ဟုဆိုကာ မိအယ်ကျေးရွာနေ ဦးမောင်ဆန်း(၄၁ နှစ်)ကလည်း ဒေါ်သန်းမေအား ကျောက်ထုနယ်မြေရဲစခန်း၌ပင် အောက်တိုဘာ ၂၉ ရက်က ပြန်လှန်အမှုဖွင့်ထားကြောင်း သိရသည်။

မိအယ်ရွာနေ ဦးမောင်ဆန်းသည် ဩဂုတ် ၁၆ ရက်က ၎င်းပိုင် ဘိုးဘွားပိုင်မြေပေါ်တွင် စိုက်ပျိုးပြုပြင်ထားသောဝါးများကို ဒေါ်သန်းမေက ခိုး၍ခုတ်ယူနေသဖြင့် မိအယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းကြိုင်မှတစ်ဆင့် သစ်တောဦးစီးဌာနသို့ တိုင်ကြားခဲ့ကြောင်း၊ ကျောက်ထုသစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးသောင်းညွန့်နှင့်အဖွဲ့က လာရောက်ဖမ်းဆီးရာတွင် ၂၈/--- ခြောက်ဘီးယာဉ်ပေါ်တွင် ဝါးအလုံးရေ ၇၀၀ (တန်ဖိုး ကျပ် ၁၄၀၀၀၀)ကိုတင်ဆောင်လျက် တွေ့ရှိရသဖြင့် ယာဉ်မောင်းသူနှင့် ဝါးခုတ်သူ ဒေါ်သန်းမေတို့အား ဖမ်းဆီးပြီး တောထဲတွင်ကျန်သောဝါးများကို ဝါးပိုင်ရှင် ဦးမောင်ဆန်း၏ သဘောအတိုင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် ဦးမောင်ဆန်းက ဝါးအလုံးရေ ၁၃၀၀ ကို ကျေးရွာတွင်အသုံးပြုရန် လှူဒါန်းခဲ့ကြောင်း၊ ယခု ဒေါ်သန်းမေက ၎င်းဝယ်ယူထားသောဝါးများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းကြိုင်က ခိုးယူရောင်းစားခဲ့သည်ဟု တိုင်ကြားခြင်းမှာပြောင်းပြန်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ဦးမောင်ဆန်း၏ ပြန်လှန်အမှုဖွင့်တိုင်ကြားထားချက်အရ သိရသည်။

**ကျော်ဇေယျ**





**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 5H/9140 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**အမြန်ရောင်းမည်**
ရန်ကုန်မြို့တွင်းနှင့်နီးပြီး အနီးဝန်းကျင်တွင် ကန်ထရိုက်တိုက်များဆောက်လုပ်နေသော ဒေါပုံမြို့နယ်၊ ယမုံနာ (၁)ရပ်ကွက်၊ အောင်ဇေယျာလမ်း (အလယ်)ရှိ မြေ ပေ (၁၄×၅၀) နှင့် အိမ်။ (ညှိနှိုင်းဈေး)
**Ph : 09 972725674**

**GoSafe, Co.,Ltd.**
(၁) **ရုံးဝန်ထမ်း** **ကျား ၄ ဦး**
Computer အခြေခံရှိရမည်။
(Marketing နားလည်ပြီး ကားမောင်းနိုင်ရမည်။)
(၂) **ယာဉ်မောင်း** **ကျား ၃ ဦး**
ကားလျှပ်စစ်ဝိုင်ယာစနစ် နားလည်ရမည်။
(မြို့တွင်း/မြို့ပြင်လမ်းများသိရမည်။)
**(၇၉)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၁၅၈၈၅၂**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
**သိန်း ၂၃၀၀**
MAC Tower(1) ကုန်သည်လမ်းနှင့် ဘားလမ်းထောင့်၊ ပေ(၂၈×၅၅)၊ ဖုန်း(၄)လိုင်း၊ ADSL Air Con(၄)လုံး၊Furnitureပါ၊ ရှုခင်းကောင်း၊ ဓာတ်လှေကားပါ
**ဖုန်း-၀၉-၉၇၅၀၂၃၃၅၄၊ ၀၉-၅၀၂၃၃၅၄**

**သွင်းကုန်ကြေညာလွှာပျောက်ဆုံးခြင်း**
VAKS TRADING Co.,Ltd. သွင်းကုန်ကြေညာလွှာ ID-127735 နှင့် ပူးတွဲပါစာရွက်စာတမ်းများ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်တထောင်ဈေးလမ်း၊ ပုဇွန်တောင်မြို့နယ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
**ဦးမျိုးမင်း ၁၂/ပဇတ(နိုင်)၀၂၆၂၉၄**
**ဖုန်း-၀၉-၂၅၄၃၅၁၁၇၉**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 9E/4928 Howo Sino Truck D/T (8x4)L T/S ယာဉ်လက်ဝယ်ရှိသူ ကောင်းစုဝေလျှံကျောက်မျက်ကုမ္ပဏီလီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ရန်ကုန်မြို့**

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာဝင်း အိမ်အမှတ်(အီး-၁၈)ကွင်း၊ ရုံးခန်းဖွင့်လှစ်ထားသော မြန်မာနိုင်ငံအုပ်စု သတ္တုတူးဖော်ရေးကုမ္ပဏီ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(၁၈၅၉-၂၀၁၀/၂၀၁၁)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရသူများအနေဖြင့် ဆက်သွယ်ပါရန်။
**ဦးထွန်းနိုင် ဖုန်း-၀၁-၆၅၂၁၅၁**

# အငှားယာဉ်နှင့် ကုန်တင်ယာဉ် မျက်နှာချင်းဆိုင်တိုက်၊ တစ်ဦးသေဆုံး

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်ကားလမ်း တိုက်ကြီးဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသည့် ကင်တာ(အငှား) မော်တော်ယာဉ်သည် တိုက်ကြီးမြို့နယ် တာခွကျေးရွာ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၄၆/၀၂-၀၁)ကြား အရောက် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင် ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းသည့် ခြောက်ဘီးဖွဲ့တင်ယာဉ်တို့သည် အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက လမ်းအလယ်တွင် တိုက်မိခဲ့ကြောင်း သိရသည်။



အဆိုပါ ခြောက်ဘီးယာဉ်ပေါ်ပါ အိုးစည်(၂၂နှစ်)တွင် ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။ လှမိုးသိန်း (၃၀နှစ်)တွင်လည်း ဒဏ်ရာများရရှိခဲ့သဖြင့် တိုက်ကြီးဆေးရုံ၌ အတွင်းလူနာအဖြစ် တင်ပို့ကုသခဲ့သည်။

ဖြစ်စဉ်မှ ယာဉ်ကို မဆင်မခြင် မောင်းနှင်သူ ကင်တာ(အငှား) မော်တော်ယာဉ်မောင်း (စုံစမ်းဆဲ)နှင့် ခြောက်ဘီးယာဉ် (စုံစမ်းဆဲ)တို့အား တိုက်ကြီးရဲစခန်းတွင် အရေးယူထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ငွေဆောင်၌ ချောင်းထဲမျောပါနေသော လူသေအလောင်းတွေ့

**ငွေဆောင် အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ သလပ်ခွာကျေးရွာအနီး ချောင်းအတွင်း အောက်တိုဘာ ၂၉ ရက်က လူသေအလောင်းတစ်လောင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် သလပ်ခွာကျေးရွာနေ ဦးသိန်းလွင်သည် သလပ်ခွာချောင်းအတွင်း ငါးပိုက်ထောင်နေစဉ် ပီနံအိတ်ဖြင့် ပတ်ထားသော လူသေအလောင်းတစ်လောင်း ချောင်းထဲမျောပါနေသည်ကို တွေ့ရှိ၍ အကြောင်းကြားခဲ့ရာ သလပ်ခွာရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အတူ ချောင်းအတွင်း လိုက်လံရှာဖွေရာ သေဆုံးသူမှာ ဦးကြီးနန်း(ခ)ဦးခင်ထွေးဖြစ်ကြောင်းသိရပြီး ၎င်းမှာ လွန်ခဲ့သော စက်တင်ဘာ ၁၆ ရက်မှစ၍ သလပ်ခွာကျေးရွာနေ ဦးတင်အောင်ထံတွင် လယ်သူရင်းငှား လုပ်ကိုင်နေသူဖြစ်ပြီး အောက်တိုဘာ ၂၈ ရက်ကတည်းက ပျောက်ဆုံးနေကြောင်း သိရသည်။

သေဆုံးသူတွင် ပြတ်ရှဒဏ်ရာများတွေ့ရ၍ ၎င်း၏ ညီဝမ်းကွဲတော်သူ ဦးစိုးဝင်းက သလပ်ခွာရဲစခန်းသို့ တိုင်တန်းခဲ့သဖြင့် ရဲအုပ် ဇော်ထက်အောင်က ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မှုမှု (ပြန်/ဆက်)**

# မိုးညှင်း၌ စွန့်ပစ်မြေစာပုံပြိုကျရာမှ ကျောက်တုံးလွင့်စဉ် ထိခိုက်မှုကြောင့် လုပ်သားတစ်ဦးသေဆုံး

**မိုးညှင်း အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နမ္မချီမော်သစ်ကျောက်စိမ်းကုမ္ပဏီ လုပ်ကွက်အတွင်း စွန့်ပစ်မြေစာပုံပြိုကျရာမှ ကျောက်တုံးလွင့်စဉ် ထိခိုက်မှုကြောင့် လုပ်သားတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီခန့်က နမ္မချီမော်သစ် မြန်မာ့စိမ်းလဲ့အောင်ကုမ္ပဏီမှ ကျောက်ရှာလုပ်သားတစ်ဦးသည် ရေမဆေးကျောက်ရှာဖွေစဉ် မိုးရွာသွန်းမှုကြောင့် ပေ ၅၀ အကွာမှ စွန့်ပစ်မြေစာပုံပြိုကျရာ ကျောက်တုံးလွင့်စဉ် ထိခိုက်ခဲ့သဖြင့် မိုးညှင်းဆေးရုံသို့ ရောက်ရှိနေကြောင်း သတင်းအရ ရဲအုပ် စောအောင်ဝင်းဝင်း၊ မြို့မအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ လင်းထိုက်(ခ)လင်းလင်း(၃၂နှစ်)မှာ ဒဏ်ရာများဖြင့် သေဆုံးခဲ့သောကြောင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် သိရှိနိုင်ရန် မိုးညှင်းရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၀၆၇)**

# အရှိန်လွန်ယာဉ်က လမ်းဖြတ်ကူးသူအား ဝင်တိုက်

**နေပြည်တော် အောက်တိုဘာ ၃၀**

မွန်ပြည်နယ် သထုံမြို့ ဘင်လှိုင်ရပ်ကွက် သထုံ-ဘားအံကားလမ်း မိုင်တိုင်အမှတ် (၂/၀-၁)ကြားတွင် အောက်တိုဘာ ၂၉ ရက် ညနေ ၄ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါကားလမ်းအတိုင်း ဘားအံမှ ရန်ကုန်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ ချစ်မင်းဆက် (၃၅နှစ်) မောင်းနှင်လာသည့် 3M/----Sunlong ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဖြတ်ကူးသူ သထုံမြို့ အောက်ကျင်းရပ်ကွက်နေ မသဇင်ဦး(ခ)မနီမဂလေး(၁၁နှစ်)အား ဝင်ရောက်တိုက်မိခဲ့ရာဒဏ်ရာများရရှိခဲ့ပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် ယာဉ်မောင်း ချစ်မင်းဆက်အား သထုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# မိုးညှင်း၌ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံးများ ဖမ်းဆီးရမိ

**မိုးညှင်း အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စု ကားလမ်းမကြီးပေါ်တွင် တရားမဝင် သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံးများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အောက်တိုဘာ ၃၀ ရက် ညနေ ၅ နာရီခွဲခန့်က ခရိုင်ရဲတပ်ဖွဲ့ ရဲအုပ် အောင်ကျော်မိုးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စု ကားလမ်းမကြီးပေါ်ရှိ မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာ အုပ်စု ညောင်ကိုင်းကျေးရွာအရှေ့ ကားလမ်းမပေါ်တွင် တရားမဝင်ကျောက်စိမ်း အရိုင်းတုံးများ သယ်ဆောင်လာကြောင်း သတင်းအရ စောင့်ဆိုင်းစဉ် ဖားကန့်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဘိုဘိုအေး(၅၁ နှစ်) မိုးညှင်းမြို့နယ်နှင့် ယာဉ်ခေါင်းခန်းတွင် လိုက်ပါသူ ရိန်းအောင်ရှန်း(၂၂နှစ်) မိုးညှင်းမြို့နယ်နေသူတို့ စီးနင်းလာသော ယာဉ်အမှတ် 1H/---- SKAT ယာဉ်အား သက်သေများနှင့်အတူ စစ်ဆေးရှာဖွေရာ ကျောက်စိမ်းအရိုင်းတုံး အမျိုးအစား အရွယ်စုံ ၂၄ တုံး အလေးချိန် ၂၀၁ ကီလိုဂရမ်ခန့်၊ ကျောက်ဖြတ်စဆိုဒ်စုံ ၅၁ ခြမ်း အလေးချိန် ၅၂၂ ကီလိုဂရမ်ခန့်၊ ကျောက်အပိုင်းအစရောရာ အခြမ်း ၂၀၀၊ အလေးချိန် ၉၇ ကီလိုဂရမ်ခန့်၊ ကျောက်အကြေတစ်အိတ် အလေးချိန် ၇ ကီလိုဂရမ်၊ ကျောက်လက်ကောက်ကွင်း အချောကွင်း ၂၀၊ အကြမ်းနှစ်ကွင်း စုစုပေါင်း ၂၂ ကွင်း အလေးချိန် တစ်ကီလိုဂရမ်ခန့်၊ သွေးပြီးသား ကျောက်စိမ်းစေ့တစ်စေ့ အလေးချိန် ၂ ဂရမ်ခန့် စုစုပေါင်းအလေးချိန် ၈၂၈ ဒသမ ၀၀၂ ကီလိုဂရမ်ခန့်အား တွေ့ရှိရသဖြင့် ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်လာသူ ဘိုဘိုအေးနှင့် အောင်ရှန်းတို့အား မိုးညှင်းရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်ရှိကြောင်း သိရသည်။



**နီတိုး**

# ဝရိန်ဆော်ရာမှ လူတစ်ဦး လျှပ်စစ်ဓာတ်လိုက်သေဆုံး

**မလှိုင် အောက်တိုဘာ ၃၀**

မလှိုင်မြို့နယ် သိမ်ကုန်းကျေးရွာ၌ အောက်တိုဘာ ၂၉ ရက် မွန်းလွဲပိုင်းက လူတစ်ဦး ဝရိန်ဆော်ရာမှ လျှပ်စစ်ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မလှိုင်မြို့မရဲစခန်းမှ ဒုရဲအုပ်ဝင်းဇာနည်သည် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် မလှိုင်မြို့နယ် ဆရာဝန်ကြီးက လျှပ်စစ်ဓာတ်လိုက် သေဆုံးသူတစ်ဦး ဆေးရုံသို့ရောက်ရှိနေကြောင်း ဆက်သွယ်အကြောင်းကြားချက်အရ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ မြင့်သူ(၃၃နှစ်) မလှိုင်မြို့နယ် ကျင်းသာအရှေ့ရွာ၌ နေထိုင်သူဖြစ်ပြီး ၎င်းသည် မလှိုင်မြို့နယ် သိမ်ကုန်းကျေးရွာနေ ဦးသောင်းရှိန်၏ နေအိမ်၌ ကားဂိုဒေါင်ဆောက်လုပ်ရာ၌ ဝရိန်ဆော်ရာမှ လျှပ်စစ်ဓာတ်လိုက် သေဆုံးခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် မလှိုင်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9E/4927 Howo Sino TruckD/T (8x4)L T/S ယာဉ်လက်ဝယ်ရှိသူ ကောင်းစုဝေလျှံ ကျောက်မျက် ကုမ္ပဏီလီမိတက်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ရွာသာကြီး)၊ ရန်ကုန်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1I-6750 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3D/7710 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7F/9648၊ 7E/9650 ယာဉ်လက်ဝယ်ရှိသူ ကောင်းထက်ခိုက် ကျောက်မျက်ကုမ္ပဏီက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ အမှတ်(၃၅၂/ခ)၊ ဦးပိုင်အမှတ်(က/၂၅)၊ ဧရိယာ (အလျားပေ၆၀×အနံပေ ၄၀) မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် လက်ရှိပိုင်ဆိုင်သူ ဦးအောင်သူမြင့် ၁၂/ပဇတ(နိုင်)၀၀၀၅၂၁မှ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းရာ ဒေါ်စန်းစန်းအေး ၁၂/ကတတ(နိုင်)၀၁၁၄၀၃ က အထက်ဖော်ပြပါ မြေကွက်အား ၂၅-၁၀-၂၀၁၆ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူလက်ဝယ်ရရှိပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ဒေါ်စန်းစန်းအေး၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ အမည်ပြောင်းခြင်းတို့ မပြုလုပ်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်ဇော်**

**LL.B, D.B.L**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၇၈)**

**ဖုန်း-၀၉-၂၆၄၂၄၃၂၉၇**

" ဝါရွှေစင် " ပိုးထည်

(BIG SALES)

(Up to 50% Discount Off)

ဝါရွှေစင် ပိုးထည် ၏ (Up to 50% Dscount Off) အထူးဈေးရောင်းပွဲတော်ကြီးကို (အောက်တိုဘာလ ၃၀ ရက်နေ့မှ နိုဝင်ဘာလ ၃ ရက်) နေ့အထိ (၅)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

(အထူးကံစမ်းမဲအစီအစဉ်များလည်း ပါရှိပါသည်)

အမှတ်(၁၇၁)၊ သစ္စာလမ်းမကြီး၊မိုးကောင်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်။

Ph: 09 5112506, 09 400028877, 09 420006525, 09 49307549

# ပထမတန်း လူငယ်အမှတ်ပေး ချန်ပီယံဆု MFF Youth အသင်း ဂိုးကွာခြားချက်အသာဖြင့် ဗိုလ်စွဲ



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ပထမဆုရ MFF Youth အသင်းအား ဆုဖလားချီးမြှင့်စဉ်

**ရန်ကုန် အောက်တိုဘာ ၃၀**

၂၀၁၆ ရာသီ MNL-2 (ပထမတန်း)လူငယ်အမှတ်ပေး ပြိုင်ပွဲနောက်ဆုံးပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ MFF Youth အသင်း နိုင်ပွဲရပြီး ချန်ပီယံဆုရယူနိုင်ခဲ့သည်။

MFF Youth အသင်းသည် ထိပ်ဆုံးမှဦးဆောင်နေသည့် အား/ကာသိပ္ပံ(က)အသင်းနှင့် ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲကစားခဲ့ရပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။ MFF Youth အသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် အား/ကာ သိပ္ပံ(က)အသင်းနှင့် ၈၄ မှတ်စီ တူညီခဲ့သော်လည်း ဂိုးကွာခြားချက်အသာဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် အပြန်အလှန် သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

အား/ကာသိပ္ပံ(က)အသင်းသည် သရေကျရုံဖြင့် ဗိုလ်စွဲမည်ဖြစ်သော်လည်း နှစ်သင်းစလုံး အနိုင်ရရေးအတွက် တိုက်စစ်ဖွင့် ကစားခဲ့သည်။ ပွဲအစ ခြောက်မိနစ်တွင် ဝင်းနိုင်ထွန်းက MFF Youth အသင်းအတွက် ဦးဆောင်ဂိုးစတင်သွင်းယူခဲ့သော်လည်း ၂၈ မိနစ်တွင် ညီညီဖြိုးက အား/ကာသိပ္ပံ(က)အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၂၉ မိနစ်တွင် ဝင်းနိုင်ထွန်းက ဒုတိယဂိုးထပ်သွင်းသောကြောင့် ပထမပိုင်းအပြီးတွင် MFF Youth အသင်းကနှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်လျက်ရှိသည်။ ဒုတိယပိုင်းတွင် MFF Youth အသင်းက အနိုင်ရလဒ်ကိုထိန်းရန် ကြိုးပမ်းခဲ့ရာ အား/ကာသိပ္ပံ(က)ပြန်ဖိလာနိုင်ပြီး ၇၅ မိနစ်တွင် ကျော်မျိုးနိုင်က ဒုတိယချေပဂိုးသွင်းယူခဲ့သည်။

ချန်ပီယံဆုအတွက် မဖြစ်မနေ နိုင်ပွဲရယူနိုင်ရန် လိုအပ်နေသည့် MFF Youth အသင်းသည်တိုက်စစ်ကို ပြန်မြှင့်လာပြီး ခြေစွမ်းပြနေသည့် ဝင်းနိုင်ထွန်းက ၈၃ မိနစ်တွင် အနိုင်ဂိုးနှင့် ဟက်ထရစ်ရစေမည့်ဂိုးတို့ကို သွင်းယူခဲ့သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဂိုးသွင်းအများဆုံးဆုရ သက်ဝေမိုး (မြဝတီ) ကို ဆုတံဆိပ်နှင့် ငွေကျပ်သုံးသိန်း၊ တတိယဆုရ မြဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ၂၅ သိန်း၊ ဒုတိယဆုရအား/ကာသိပ္ပံ(က)အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၅၀၊ ပထမဆုရ MFF Youth အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် သိန်း ၁၀၀ နှင့် ချန်ပီယံဆုဖလားကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

❖ *ကျော့ဖုံးမှ*

ရုံးဖွင့်ရက်ဖြစ်ပေမယ့်လည်း ရိုးရာလက်ဝှေ့ကို သူတို့တော်တော်လေး စိတ်ဝင်တစားနဲ့ ကြည့်ရှုအားပေးခဲ့ပါတယ်။ ပထမအကြိမ် သွားရောက်ကျင်းပတာဆိုတော့ ပရိသတ် ဒီလောက်များမယ်လို့ ကျွန်တော်မထင်ခဲ့ဘူး။ တချို့ပရိသတ်တွေဆို ကြည့်လို့ကောင်းလို့ နောက်ထပ်လာရောက်ကျင်းပဖို့တောင် ဖိတ်ခေါ်ကြတယ်။ ဒါကြောင့် ဒုတိယအကြိမ် Lethwei Grand Prix 2017 ကို လာမယ့် ၂၀၁၇ ဖေဖော်ဝါရီ ၁၆ ရက်ကျရင် တိုကျိုမြို့မှာကျင်းပဖို့ စီစဉ်ထားပါတယ်။ တွဲဆိုင်းတွေကိုတော့ အဲဒီမှ ကြည့်စီစဉ်ဖြစ်မှာပါ”ဟု ပွဲစီစဉ်သူ ဦးဝဏ္ဏက ပြောကြားသည်။

ဂျပန်နိုင်ငံ၌ ပထမဆုံးအကြိမ် သွားရောက်ကျင်းပသည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ပြီးခဲ့သည့် အောက်တိုဘာ ၂၇ ရက် ညနေ ၆ နာရီက ဂျပန်နိုင်ငံ တိုကျိုမြို့ ခိုလဂုအန်ခန်းမ၌ Lethwei Grand Prix Japan 2016 ပြိုင်ပွဲကြီးကို ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ငါးချိုပွဲစဉ် တွဲဆိုင်း ငါးဆိုင်း သွားရောက်ယှဉ်ပြိုင် ထိုးသတ်ခဲ့ရာ ထွန်းလွင်မိုးနှင့် စောထူးအောင်၊ သားအသည်းတစ်ပွင့်နှင့် ကြယ်စင်ဖြိုး၊ တူးတူး နှင့် စိုးလင်းဦးတို့ တွဲဆိုင်းပွဲစဉ်များ အရှုံး၊ အနိုင်မပေါ်ဘဲ သရေကျခဲ့ပြီး စောထူးဇော်နှင့် စောအယ်လေးတို့ပွဲတွင် တတိယအချီ၌ စောထူးဇော်က အလဲထိုးဖြင့် အနိုင်ရခဲ့ကာ ထွန်းထွန်းမင်းနှင့် ဩစတြေးလျနိုင်ငံသား အဒမ်တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် လေးချီပြည့်သည်အထိ ရေကုန် ရေခန်းယှဉ်ပြိုင်ကစားခဲ့ပြီး နောက်ဆုံးအချီတွင် ထွန်းထွန်းမင်းက အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ယခုကျင်းပခဲ့သော ပထမအကြိမ် ရိုးရာလက်ဝှေ့ Lethwei Grand Prix Japan 2016 ပြိုင်ပွဲကို ပွဲအစအဆုံး ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ ဂျပန်လွှတ်တော် ပြည်သူ့လုံခြုံရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ နာကာယာမတို့ တက်ရောက်အားပေးကာ ဆုများချီးမြှင့်ပေးခဲ့သည်။ ယခုကျင်းပခဲ့သော ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မင်္ဂလာဒုံးမြန်မာဆိုင်းအဖွဲ့နှင့် မြန်မာလုပ်ပျိုဖြူများပါ အစုံအလင် သွားရောက်ပြသခဲ့သောကြောင့် ဂျပန်ပြည်သူများ အထူးစိတ်ဝင်တစားရှိခဲ့ကာ တစ်မူထူးခြားသော အားကစားအသွင်တစ်ရပ်အဖြစ် တအံ့တဩ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

## မြန်မာ့ရုပ်မြင်သံကြား

**၃၁-၁၀-၂၀၁၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - ပြည်သူတို့ရဲ့စကားသံများ
- ၇း၅၀ - ခြင်မှကူးစက် ဇီကာဗိုင်းရပ်စ်
- ၁၀း၅၀ - ရိုးရာဝလေ့ အောက်ကကယန်း အမျိုးသမီးတွေရဲ့ အကြောင်း
- ၁၁း၁၅ - ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၃း၁၀ - တစ်ခါက အနုပညာ မှတ်တမ်းများ“လက်ဆင့်သွယ်ပေး တေးမေတ္တာ” (ကြည်ကြည်ဌေး၊ မာမာအေး)
- ၁၃း၃၅ - နိုင်ငံခြား ဇာတ်လမ်းတွဲ **ဘုရင်မရဲ့ ပန်းရွှေကြာ** (အပိုင်း-၂၉)
- ၁၄း၂၀ - ''KARAOKE World Championship (K- WC)Myanmar 2016" (Final ,Part -1)

**ညပိုင်း**

- ၁၅း၃၅ - Tasty Trip
- ၁၆း၁၀ - အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ
- - ပထမနှစ် (အင်္ဂလိပ်စာ အထူးပြု)(အင်္ဂလိပ်စာ)
- ၁၆း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၇း၁၅ - This Weeks Special Interest
- ၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ **လက်ဖြစ်တယ်** ဦးစံပေါ်၊ ကိုရဲဦး၊ ဟိန်းထွဋ်ဝင်း၊ ဝင်းကို၊ ဇန်၊ စိုးပြည့် ဒါရိုက်တာ-ဝေဠု(ဝဿန်)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **တုံ့မယူလို** (အပိုင်း-၃၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊
- ၂၀း၃၅ - “နိုင်ငံတကာ အဆင့်မီတည်ဆောက်ထား မန္တလေးမြို့သာ စက်မှုဥယျာဉ်နှင့် ဆီမီးခုံဆိပ်ခံတံတား”
- - လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- - နိုင်ငံခြားဇာတ်လမ်းတွဲ **ဘုရင်မရဲ့ ပန်းရွှေကြာ** (အပိုင်း-၃၀)
- - မျက်မှောက်ရေးရာ သုံးသပ်စရာ

**မှတ်ချက် ။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## ဥရောပလိဂ်ပွဲများ အနိုင်အရှုံး

၃၀-၁၀-၂၀၁၆

| | | | |
|---|---|---|---|
| အဲဗာတန် | - | ၂-၀ | ဝက်စ်ဟမ်း |
| ခရစ္စတယ်ပဲလေ့စ် | - | ၂-၄ | လီဗာပူး |
| အတ္တလန္တာ | - | ၃-၀ | ဂျီနိုအာ |
| ခရိုတုန်း | - | ၂-၀ | ချီယေဗို |
| အမ်ပိုလီ | - | ၀-၀ | ရိုးမား |
| လာဇီယို | - | ၂-၁ | ဆက်ဆူအိုလို |
| အေစီမီလန် | - | ၁-၀ | ပက်စ်ကာရာ |
| အီဘာ | - | ၂-၁ | ဗီလာရီးရဲ |
| အက်သလက်တီကို | - | ၄-၂ | မာလာဂါ |
| ဘာစီလိုနာ | | ၁-၀ | ဂရင်နာဒါ |

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဦးတိုးစိန် ၁၂/မဂတ(နိုင်) ၀၁၂၃၆၉၏ ပထမတန်း စက်ခန်းအုပ်လက်မှတ် (ဓမပ-၆၆/၉၆)နှင့် မော်ဒီဖိုင်းလက်မှတ် ($\frac{P-413}{4/12(MMEA)}$)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၁၀၇၅၉

**ပျောက်ဆုံးကြောင်း**

Soe TAW WUN SERVICES CO.,LTD အမည်ဖြင့် မော်တော်ယဉ်ထုတ်/သွင်း ID NO-725719 (၁၀-၆-၁၃) မူရင်းစာရွက် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက ဖုန်း ၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7E/9636, 7E/9638 Howo Sinc Truck, Dump Truck ယာဉ်လက်ဝယ်ရှိသူ စမ်းတောင်တန်းမြေ ကျောက်မျက်ရတနာ ကုမ္ပဏီက(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8B/9687 Shwe Kyar Pan LT.PU(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြင့်(ခ)ဒမာရီ ၁၂/စခန(နိုင်) ၀၂၃၈၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6H/9641 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5D/1843 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ရှိသေစွာလျှောက်ထားအပ်ပါသည်-**

ကထိန်ခင်းရန် လျှောက်ထားသော ဒါယကာမရှိသေးခြင်း၊ ကထိန်ခင်းရန် အစီအစဉ်မရှိသေးခြင်းဖြစ်ပါက ပဲခူးမြို့အနီးအနားရှိ ဘုန်းတော်ကြီးကျောင်းတွင် ကထိန်ခင်းလိုပါသည်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ရန် အကြောင်းကြား လျှောက်ထားအပ်ပါသည်။

ဖုန်း- ၀၉- ၇၉၈၅၃၁၄၇၇

**ကန့်ကွက်နိုင်ပါကြောင်း**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၇၉၁၊ မြေကွက်တည်နေရာအမှတ် ၇၉၁၊ ယင်းမာလမ်းသွယ်၊ (၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဗိုလ်မှူးအောင်သွင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဦးအောင်သွင် ၁၂/အစန(နိုင်)၀၀၆၅၂၇၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၁၇၂/၁၆ ၁-၈-၂၀၁၆ရက်ဖြင့် ရရှိသူ GP ဒေါ်နီနီဦး ၁၂/တမန(နိုင်)၀၀၈၅၂၈က ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ကတိဝန်ခံချက်၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေကွက်အမှတ် (ပ-၂၃၄၅၇)၊ ဧရိယာ ဝဒသမ ၁၁၀ဧကရှိ နှစ် ၃၀မြေငှားဂရန်စာချုပ်မြေကွက်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် မြေကွက်အမည်ပေါက် ဒေါ်အေးအေးဝင်း ၁၂/စခန(နိုင်)၀၁၆၉၄၆ (ဘ) ဦးအေးက လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း

**နိုင်ငံတကာသတင်းဂျာနယ်**

2016 OCTOBER 31 TO NOVEMBER 6 MONDAY | 1084 |

အတွေးအမြင် ဆောင်းပါးအမြင်

**လူသားအရင်းအနီး နိုင်ငံတိုင်းအတွက်အရေးကြီး**

အမေရိကန်သမ္မတသစ် ရင်ဆိုင်ရမယ့် ကြီးထွားလာတဲ့ မြောက်ကိုရီးယားပြဿနာ

ဗိုဒ္ဓဟူးထိုးစစ်ဆင်မှုနောက်ပိုင်း အိုင်အက်စ်များနှင့် ရင်ဆိုင်ရဖွယ်ရှိသည့် ဥရောပ

သန်းနှင့်ချီသည့် နေရပ်စွန့်ခွာ အာဖဂန်ပြည်သူများ အနာဂတ်မျှော်လင့်ချက် မှုန်ဝါးနေဆဲ

အမေရိကန်သမ္မတအသစ်နှင့် ရုရှား-အမေရိကန်ဆက်ဆံရေး အလားအလာ

တရုတ်၏ ဆိုက်ဘာပါဝါကို အကဲဖြတ်ခြင်း

ဘာသာပြန်စာပေ ဖွံ့ဖြိုးရေး လူငယ်များထံမှ စာမူကောင်းများ ဖိတ်ခေါ်လျှာ

**တနင်္လာနေ့တိုင်း ထွက်ပြီ**

နယ်စာဖတ်ပရိသတ်များကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေးကျပ် ၃၀၀/-

ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။

ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇

E-mail:internationaljournalmm@gmail.com

**အခမဲ့ကုပေးမည်**

**ဆေးမတိုး/ကုရခက်ကင်ဆာ TB နှင့်ရောဂါစုံဖြစ်နေလျှင်**

**သစ္စာရှင်ဆေးခန်း**

ဖုန်း-09 261186511 သို့ဆက်သွယ်ပါ။

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမှုပိုင်ဆိုင်ကြောင်း အသိပေး ကြေညာချက်**

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၁၁၊ စက်မှုဇုန်ဖလမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပစက်မှုဇုန်တွင်တည်ရှိသော abc IT Solution Company Limited သည် အောက်တွင်ဖော်ပြပါရှိသည့် ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင်တစ်ဦးတည်း မှုပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

abc IT Solution

**မှတ်ပုံတင်စာအမှတ်(၄/၁၂၉၉၅)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးဖြင့် ပြုလုပ်မည်ဖြစ်ပြီး မြွက်ဟကြေညာချက် စာချုပ်တွင်ပါရှိသည့် မြန်မာနိုင်ငံအရပ်ရပ်၌ရှိသော မြို့နယ်တိုင်းတွင် တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ သတင်းအချက်အလက်များ၊ နည်းပညာနှင့်ဆက်စပ်ပစ္စည်း လုပ်ငန်းများနှင့် ဖြန့်ဖြူးရောင်းချခြင်း၊ အနာဂတ်လူငယ်များ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သင်တန်းပို့ချခြင်း လုပ်ငန်းများ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို မည်သူမဆို abc IT Solution Company Limited ၏တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ဆင်တူရိုးမှား ပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ အတုပြုလုပ်ခြင်း၊ အခြားသော နည်းပညာတစ်ရပ်ရပ်ဖြင့် တုပပြုလုပ်သုံးစွဲခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့်တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးနောင်နောင်လှိုင်မိုးညို** | **ဒေါ်ခိုင်သဥ္ဇာအောင်** |
| LL.B, M.B.L, D.B.L, | LL.B, D.B.L, D.I.L, |
| D.M.L, D.I.L | D.M.L,D.A.Psy |
| **အထက်တန်းရှေ့နေ(စဥ်-၃၂၁၄၈)** | **အထက်တန်းရှေ့နေ(စဥ်-၄၀၉၃၂)** |
| **ဖုန်း-၀၉-၉၇၀၆၅၂၁၄၇** | **ဖုန်း-၀၉-၂၅၀၈၀၅၅၂၄** |

**ကိုယ်စားလှယ်ရုပ်သိမ်းကြောင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊အနော်မာ(၂)လမ်း၊ အမှတ်(၈၄/ခ)နေ ဦးစိုးမြင့် ၁၂/ဥကတ(နိုင်) ၀၅၉၀၆၃က စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၆-၉-၂၀၁၄ စာချုပ်အမှတ် ၃၀၆၃၇/၂၀၁၄-ချုပ်ဆို၍ ဦးမောင်မောင်ဦး ၁၂/စခန(နိုင်)၀၄၇၀၆၉အားပေးအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအား ၂၇-၁၀-၂၀၁၆ရက်မှစ၍ ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးမြင့် ၁၂/ဥကတ(နိုင်) ၀၅၉၀၆၃**

# ကျွန်တော်နဲ့ပြည်သူ့ဝန်ထမ်းများ



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**ကျွန်တော်ဟာ လွန်ခဲ့တဲ့နှစ် ၅၀ ကတည်းက ဝန်ထမ်းတစ်ဦးဖြစ်ခဲ့တယ်။ ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများမှာလည်း ဝန်ထမ်းတစ်ဦးအနေနဲ့ တာဝန်ယူခဲ့တယ်။ အခုထိလည်း ပုံစံအမျိုးမျိုးနဲ့ တာဝန်ယူဆဲဖြစ်တယ်။ ဝန်ထမ်းတစ်ဦးဖြစ်တာကိုလည်း ဂုဏ်ယူမိတယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက ရွေးချယ်စရာက သိပ်မရှိလှဘူး။ ဘွဲ့ရပြီး အစိုးရအလုပ်ကိုဝင်ကြရတာ။ မိဘလက်ငုတ်လက်ရင်းရှိကြသူတွေက ကိုယ်ပိုင်အလုပ်လုပ်ကြတယ်။ ဒါပေမယ့် ဒါကအနည်းစု။ ခေတ်ကာလကလည်း စီးပွားရေးလုပ်ငန်းတွေအားပေးမှုနည်းပါးတာမို့လည်း ဖြစ်တယ်။**

မိဘမျိုးရိုးကလည်း ဝန်ထမ်းတွေဖြစ်ကြတယ်။ အဖေဘက်ကရော အမေဘက်ကပါ အစိုးရဝန်ထမ်းတွေဖြစ်ကြတယ်။ ကိုယ်ပိုင်စီးပွားရေးလုပ်တဲ့သူတွေ နည်းကြတယ်။ ဒါကြောင့် ဝန်ထမ်းစိတ်က သွေးထဲကပါသလိုပါပဲ။ ကျွန်တော်က စီးပွားရေးပညာကို သင်ယူနေသူဖြစ်ပေမယ့် ကိုယ်တိုင်ကတော့ မလုပ်ဖြစ်ပါဘူး။

တလောက အခွင့်အရေးရလို့ နေပြည်တော် ဝန်ကြီးဌာနနှစ်ခုမှာ ဝန်ထမ်းတွေအတွက် ဟောပြောခွင့်ရခဲ့တယ်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးကိုယ်တိုင် သူ့ရဲ့ဌာနဝန်ထမ်းတွေအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုဆောင်ရွက်ချိန်မှာ ကျွန်တော်နဲ့ ဆရာမသန်းမြင့်အောင်တို့ နှစ်ဦးကိုဖိတ်ကြားပြီး ဝန်ထမ်းတွေကို ခွန်အားပေးဖို့၊ ကျွန်တော်ကလည်း အခုလိုဆောင်ရွက်ခွင့်ရတာကို ကျေးဇူးတင်မိတယ်။ ဝန်ကြီးကိုယ်တိုင် တောင်းဆိုတာမို့လည်း လေးစားမိပါတယ်။ တစ်ဆက်တည်းမှာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်ကလည်း သူ့ရဲ့ဝန်ထမ်းတွေကို ဟောပြောပေးဖို့ တောင်းဆိုခဲ့တာမို့ တစ်ရက်တည်းမှာ ဝန်ကြီးဌာနနှစ်ခုမှာ လုပ်ခွင့်ရခဲ့တယ်။

ကျွန်တော်စီးပွားရေးတက္ကသိုလ်မှာ စာသင်နေပေမယ့် ဝန်ကြီးဌာနတွေမှာ သွားရောက်ပြီး သင်တန်းတွေ၊ ဟောပြောပွဲတွေ လုပ်ခွင့်ရခဲ့တယ်။ သမဝါယမဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနတွေမှာ အကြိမ်ကြိမ်လုပ်ပေးခွင့်ရခဲ့တယ်။ တစ်ဖက်ကလည်း ရာထူးကြီးဝန်ထမ်းတွေကို ဒီအမ်အေသင်တန်းမှာ သင်ခွင့်ရခဲ့တယ်။ ဒီတုန်းက အခုခေတ်မှာခေတ်စားတဲ့ အမ်ဘီအေသင်တန်းက မရှိသေးဘူး။ နောက်ပိုင်း ကုလသမဂ္ဂဝန်ထမ်းတက္ကသိုလ်မှာ တာဝန်ယူစဉ် ကုလသမဂ္ဂဝန်ထမ်းတွေကို သင်ကြားခွင့်ရခဲ့ပြန်တယ်။

၂၀၁၅ ရွေးကောက်ပွဲအပြီး ပြည်သူအများစုရွေးချယ်တဲ့ အစိုးရအာဏာရပြီးချိန်မှာ ပြောင်းလဲလာတဲ့ နိုင်ငံရေးအခင်းအကျင်းနဲ့ လိုက်လျောညီထွေရှိတဲ့ အုပ်ချုပ်ရေးစနစ်ကို ဖော်ထုတ်ဖို့လိုအပ်လာတယ်။ အုပ်ချုပ်ရေးစနစ်ဟာ လွတ်လပ်ရေးရပြီးချိန်ကစပြီး ပုံစံအမျိုးမျိုးနဲ့ ပြောင်းလဲလာခဲ့တယ်။ ပါလီမန်အစိုးရခေတ်မှာရှိတဲ့ ပြည်သူ့ဝန်ထမ်းတွေဟာ စစ်မဖြစ်မီကာလက ကျင့်သုံးခဲ့တာကို လက်ဆင့်ကမ်းမှုဖြစ်တယ်။ အုပ်ချုပ်ရေးစနစ်ကို စနစ်တကျ သင်တန်းပေးထားတဲ့ ပြည်သူ့ဝန်ထမ်းတွေကို အတွင်းဝန်စနစ်နဲ့စီမံခဲ့တာ အမြဲတမ်းအတွင်းဝန်တွေဟာ ဝန်ကြီးဌာနတွေကို စီမံပြီး တိုင်းမင်းကြီးတွေက နယ်တွေကို ဦးစီးခဲ့တယ်။ လွတ်လပ်ရေးရပြီးချိန်မှာ အုပ်ချုပ်စီမံတဲ့လူကြီးတွေဟာ အင်္ဂလိပ်လက်ထက်က အိုင်စီအက်စ်တွေဖြစ်ကြတယ်။ ဝန်ထမ်းတွေဟာ နိုင်ငံရေးနဲ့ကင်းရှင်းရပြီး နိုင်ငံရေးခေါင်းဆောင်တွေအပေါ် တာဝန်ခံယူပြီး မိမိရဲ့ပညာ၊ မိမိရဲ့အတွေ့အကြုံကို အသုံးချပြီး အကြံပေးကြတယ်။ အကောင်အထည်ဖော်ကြတယ်။ အုပ်ချုပ်ရေးပညာ၊ အတွေ့အကြုံကို အခြေခံပြီး သိက္ခာ သမာဓိရှိကြတယ်။ ဘယ်သူ့ရဲ့လွှမ်းမိုးမှုကိုမှ မကြည့်ဘဲ မိမိကျွမ်းကျင်လိမ္မာမှုကို အခြေခံပြီး ပြည်သူ့ဝန်ထမ်းပီသစွာ လှုပ်ရှားခဲ့ကြတယ်။ ပြည်သူတွေအနေနဲ့ကလည်း ပြည်သူ့ဝန်ထမ်းတွေအပေါ် ယုံကြည်အားကိုးကြတယ်။ တစ်ခုတော့ရှိပါတယ်။ ဒီအချိန်က အိုင်စီအက်စ်တွေကို ဗျူရိုကရက်တွေဖြစ်တယ်လို့ ဝေဖန်ကြတယ်။ လွတ်လပ်ရေးရပြီးချိန်မှာ အိုင်စီအက်စ်ကို ဘီစီအက်စ်အဖြစ် အခြေအနေနဲ့ညီအောင် ပြောင်းလဲခေါ်ကြတယ်။ အတွင်းဝန်စနစ်ကြောင့်လည်း အတွင်းဝန်များရုံးလို့ သတ်မှတ်ခဲ့ကြတယ်။ နောက်ပိုင်းမှာ ဝန်ကြီးများရုံးလို့ခေါ်ခဲ့တာ။ နိုင်ငံရေးလွှမ်းမိုးမှုကိုမခံတဲ့ ပြည်သူ့ဝန်ထမ်းစနစ်ဟာ အင်္ဂလိပ်နိုင်ငံတွေမှာ ကျင့်သုံးခဲ့တာတွေ့ရတယ်။ ရွေးကောက်ပွဲကြောင့် ခေါင်းဆောင်အပြောင်းအလဲဖြစ်ပေမယ့် ဝန်ထမ်းတွေဟာ ပြည်သူတွေအပေါ် သစ္စာခံခဲ့ကြတယ်။ အရပ်သားဝန်ထမ်းတွေမှာ အခုလို ဖြစ်သလို တပ်မတော်မှာလည်း ဒီအတိုင်းပဲရှိခဲ့တယ်။ နိုင်ငံရေးမှာ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ စစ်ရေးကိစ္စတွေမှာသာ အာရုံပြုခဲ့တယ်။ ဒီအခြေခံတွေအားလုံးဟာ ၁၉၆၂ ခုနှစ် နောက်ပိုင်းမှာ ပြောင်းလဲခဲ့တယ်။ အတွင်းဝန်စနစ်ဟာ ဗျူရိုကရက်တစ်စနစ်ဖြစ်တယ်လို့စွပ်စွဲပြီး ဘီစီအက်စ်တွေကို ဖျက်ခဲ့တယ်။ မြန်မာ့ဆိုရှယ်လစ်စနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး အုပ်ချုပ်ရေးစနစ်ကို ပါတီရဲ့သြဇာခံအဖြစ် ပြောင်းခဲ့တယ်။ ဘာသာရပ်ကျွမ်းကျင်လိမ္မာမှုကိုဦးစားမပေးဘဲ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကိုသာ အလေးထားခဲ့တာ။ တစ်ဖက်မှာလည်း အရပ်ဘက်ဌာနတွေမှာ တပ်မတော်က အငြိမ်းစားယူခဲ့တဲ့ ပုဂ္ဂိုလ်တွေကို တာဝန်ပေးခဲ့ပြန်တယ်။ ဒီလိုဆောင်ရွက်ချက်ဟာ နဝတ၊ နအဖ ခေတ်မှာ အရှိန်အဟုန်ပိုမြင့်မားလာတယ်။ ပြည်သူ့ဝန်ထမ်းတွေကို ဖောင်ကြီးသင်တန်းတွေနဲ့ စိတ်ဓာတ်ရေးရာ ပြင်ဆင်ပေးခဲ့တယ်။ နိုင်ငံရေးအာဏာကို သြဇာအပြည့်အဝယုံကြည်တဲ့ ဝန်ထမ်းတွေကို မွေးထုတ်ခဲ့တယ်။ အမိန့်နဲ့အုပ်ချုပ်တဲ့အုပ်ချုပ်မှုစနစ်ကို အကောင်အထည်ဖော်ခဲ့တာ။ ဒါကြောင့်လည်း ဝန်ထမ်းများဟာ စွန့်ဦးတီထွင်မှုမရှိတော့ဘဲ အမိန့်နာခံမှုကိုသာ အာရုံပြုကြတယ်။

**အခုခေတ်မှာတော့ ပြည်သူ့ဝန်ထမ်းတွေနဲ့ပတ်သက်ပြီး အခြေခံကျကျစဉ်းစားဖို့လိုအပ်တယ်။ ဝန်ထမ်းတစ်ဦးရဲ့ အနာဂတ်ကို ဖော်ထုတ်နိုင်ဖို့ လိုအပ်တယ်။ ကြိုးစားတဲ့သူ၊ အောင်မြင်တဲ့သူကို အခွင့်အရေးပိုပေးရမှာ ဖြစ်တယ်။ လုပ်သက်တစ်ခုတည်းနဲ့ ဆုံးဖြတ်နေရင် စိတ်ဓာတ်မြှင့်တင်ဖို့ ခက်ခဲမှာဖြစ်တယ်။ လုပ်ရည်ကိုင်ရည်ရှိမှုကိုသာ အာရုံပြုသင့်တာ**

"မလုပ် မရှုပ် မပြုတ်" ဆိုတဲ့ မသုံးလုံးကိုကျင့်ကြံခဲ့ကြတယ်။ ရလဒ်ကို အခြေပြုတဲ့ စီမံခန့်ခွဲမှုမရှိတော့ဘဲ အလုပ်လုပ်နေတာကိုသာ အာရုံပြုလာခဲ့ကြတယ်။ အလုပ်များတာကို ဂုဏ်ယူခဲ့တယ်။ ပင်ပန်းတာကို အသိအမှတ်ပြုတယ်။ အလုပ်မှာအချိန်ကုန်တာကို ကျေနပ်စရာတစ်ခုအဖြစ် ယူဆလာကြတယ်။ ဝန်ထမ်းအဆင့်ဆင့်က ယုံကြည်မှုလျော့နည်းပြီး အနုစိတ်၊ အသေးစိတ်တွေနဲ့ အချိန်ကုန်ခဲ့ကြတယ်။

နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှုပုံစံတွေမလေ့လာဘဲ ကိုယ်လုပ်နေတာပဲ ကောင်းနေတယ်လို့ လက်ခံခဲ့ကြတယ်။ ပကတိအခြေအနေကို လူကြီးတွေသိအောင် တင်ပြဖို့မစဉ်းစားနိုင်ဘဲ မိမိရာထူးမြဲရေးအတွက် အာရုံပြုပြီး ဖြစ်သမျှကိုဖုံးဖိခဲ့တယ်။ သကာရည်လောင်းခဲ့ကြတယ်။ လူကြီးတွေခရီးထွက်တဲ့ အချိန်မှာလည်း အဖြစ်မှန်တွေမတင်ပြဘဲ လူကြီးအကြိုက်လုပ်ကြတယ်။ အရည်အချင်း၊ လုပ်ရည်ကိုင်ရည်ကိုအခြေခံပြီး ရာထူးတိုးတာမဟုတ်ဘဲ အဆက်အသွယ်၊ ပေးနိုင်ကမ်းနိုင်နဲ့ သစ္စာရှိတဲ့ပေတံနဲ့ ဆုံးဖြတ်ခဲ့ကြတယ်။

တစ်ချိန်က ပြည်သူ့ဝန်ထမ်းတွေဟာ အဂတိလိုက်စားမှုနဲ့ ကင်းကြတယ်။ သိက္ခာရှိတယ်။ လာဘ်ပေးလာဘ်ယူမှုကို လက်မခံဘူး။ နောက်ပိုင်းမှာ ဒီအကျင့်စာရိတ္တတွေပျက်လာပြီး ပြည်သူ့အကျိုးထက် ကိုယ်ကျိုးကိုသာ ဦးထိပ်ထားကြတယ်။

ဒီဖြစ်ရပ်တွေအားလုံးကို နိုင်ငံ့ဘောဂရှုထောင့်နဲ့ သုံးသပ်လို့ရပါတယ်။ နိုင်ငံရေးစနစ်ဟာ စီးပွားရေးဘဝအပေါ် လွှမ်းမိုးသလို စီးပွားရေးစနစ်ဟာလည်း နိုင်ငံရေးဘဝအပေါ် သြဇာသက်ရောက်တယ်။ ၂၀၁၀ နောက်ပိုင်း မြန်မာနိုင်ငံရဲ့ စီးပွားရေးအနေအထား ပြောင်းလဲခဲ့တယ်။ ပုဂ္ဂလိကကဏ္ဍက စတင်ပြီး အသက်ဝင်လာတယ်။ ဒီပြောင်းလဲမှုတွေကြောင့် နိုင်ငံ့ဝန်ထမ်းများရဲ့ အခွင့်အရေးနဲ့ ပုဂ္ဂလိကကုမ္ပဏီမှာ အလုပ်လုပ်ကြတဲ့ဝန်ထမ်းတွေရဲ့ အနေအထားက သိသိသာသာ ကွာဟလာတယ်။ ဒါကြောင့်လည်း အစိုးရဝန်ထမ်းတွေ စိတ်ဓာတ်ကျတယ်။ လုပ်ချင်ကိုင်ချင်စိတ်မရှိလှဘူး။ လစာအကြိမ်ကြိမ်တိုးပေးခဲ့ပေမယ့် သိသိသာသာ ပြောင်းလဲတာမတွေ့ရပါဘူး။ အခုခေတ်မှာတော့ ပြည်သူ့ဝန်ထမ်းတွေနဲ့ပတ်သက်ပြီး အခြေခံကျကျစဉ်းစားဖို့လိုအပ်တယ်။ ဝန်ထမ်းတစ်ဦးရဲ့ အနာဂတ်ကိုဖော်ထုတ်နိုင်ဖို့ လိုအပ်တယ်။ ကြိုးစားတဲ့သူ၊ အောင်မြင်တဲ့သူကို အခွင့်အရေးပိုပေးရမှာဖြစ်တယ်။ လုပ်သက်တစ်ခုတည်းနဲ့ ဆုံးဖြတ်နေရင် စိတ်ဓာတ်မြှင့်တင်ဖို့ ခက်ခဲမှာဖြစ်တယ်။ လုပ်ရည်ကိုင်ရည်ရှိမှုကိုသာ အာရုံပြုသင့်တာ။ နှစ်စဉ်ရန်ကုန်မြို့မှာ စင်ကာပူနိုင်ငံက ဝန်ထမ်းတွေကို ကျွန်တော်သင်တန်းပေးခွင့်ရတယ်။ ဒုတိယအတွင်းဝန်တွေ -အသက်က ၂၀ ပတ်ဝန်းကျင်၊ ခပ်ငယ်ငယ်နဲ့ ရာထူးကြီးကြီးတာဝန်ယူထားကြတာ။ အတွင်းဝန်တွေလည်း အသက် ၄၀ မပြည့်ကြသေးဘူး။ ဒါကြောင့်လည်း သူတို့မှာ လုပ်အားရှိတယ်။ ကျွန်တော်တို့ဆီမှာတော့ ၅၀ ကျော် ၆၀ နီးမှ အတွင်းဝန်တို့၊ ညွှန်ချုပ်တို့ဖြစ်ကြတာ။

လူကယ်ပြန်လို့ အတိုကောက်ခေါ်တဲ့ ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဝင်းမြတ်အေးတာဝန်ယူတဲ့ ဝန်ကြီးဌာနမှာ ကျွန်တော်က အရင်ဟောပြောခဲ့တယ်။ အထူးသဖြင့်ဝန်ထမ်းတစ်ဦးမှာရှိထားသင့်တဲ့ စိတ်ထားကို ဦးစားပေးပြီးပြောခဲ့ပါတယ်။ ကျွန်တော်ဖြစ်စေချင်တာကတော့ ဝန်ထမ်းတိုင်းဟာ မိမိပညာနဲ့ လုပ်စားတဲ့သူတွေဖြစ်စေချင်တယ်။ မိမိတတ်ထားတဲ့ပညာကို စဉ်ဆက်မပြတ်လေ့လာပြီး ခေတ်မီနိုင်အောင် ကြိုးစားဖို့ လိုအပ်တယ်။ အထူးသဖြင့် ငါနဲ့မဆိုင်ဘူး။ သူများလုပ်လို့ မစဉ်းစားဘဲ လုပ်သင့်လုပ်ထိုက်တာကို လုပ်နိုင်ဖို့လိုအပ်တယ်။ တာဝန်ရှိကြတဲ့ ပြည်သူ့ဝန်ထမ်းတွေဟာ တာဝန်သိရမယ်၊ တာဝန်ခံရမယ်၊ တာဝန်ယူရမယ်၊ တာဝန်ကျေရမယ်၊ အထူးသဖြင့် အဂတိ လိုက်စားမှု ကင်းရှင်းရမယ်။ ဝင်ငွေမလုံလောက်လို့ ဆိုတဲ့ဆင်ခြေဟာ မပြည့်စုံဘူး။ ကျွန်တော်ပြောနေကျအတိုင်း "မပေးမယူ" ဆိုတဲ့ စကားနှစ်လုံးကိုစိတ်ဝယ်ထားရင် လုံလောက်ပါတယ်။

ကျွန်တော်ပြောပြီးတဲ့အချိန်မှာ မေးခွန်းတွေမေးကြတယ်။ အစုံပါပဲ။ စိတ်ဝင်စားစရာကောင်းလှတယ်။ ကျွန်တော်ကတော့ မိမိလေ့လာထားမှုတွေအပေါ် အခြေခံပြီးပြောခဲ့တာ။ ကျွန်တော့်ဟောပြောပွဲအပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုလက်ဆောင်ပေးခဲ့တယ်။ ဆရာမကြီးဒေါ်သန်းမြင့်အောင် ဟောပြောတာကို နားမထောင်နိုင်တော့ဘဲ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်ထံ သွားခဲ့တယ်။ ဝန်ကြီးနဲ့ကျွန်တော်က အရင်ကတည်းက ရင်းနှီးတာ။ သူ့ရဲ့အိမ်မှာနေ့လယ်စာကို ရှမ်းအစားအသောက်နဲ့ ညှော့ခံတယ်။ ဝန်ကြီးနဲ့အတူ ဟောပြောမယ့် ခန်းမကိုသွားပြီး ဟောပြောခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ အနေအထားအရ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲ့ အလားအလာဟာ အလွန်ကောင်းလှတယ်။ သွားစရာ၊ ပြစရာတွေအပြည့်။ ဒါကြောင့်လည်း ဝန်ကြီးဌာနရဲ့တာဝန်က ကြီးတယ်။ ပြောင်းလဲလာတဲ့ နိုင်ငံရေးအခြေအနေတွေကြောင့် မြန်မာနိုင်ငံကို စိတ်ဝင်စားတဲ့သူတွေများလာတယ်။ ဒီအခွင့်အရေးကို ရယူဖို့လိုအပ်ပါတယ်။ ကျွန်တော်က ဝန်ထမ်းတွေကို ခွန်အားပေးခဲ့တယ်။ ဟောပြောပွဲအပြီးမှာ မေးခွန်းတွေမေးခဲ့တယ်။ ဝန်ကြီးဌာနတစ်ခုနဲ့တစ်ခု မတူကြပါဘူး။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်တယ်။

နိုင်ငံတော်အစိုးရအသစ်မှာ လုပ်စရာတွေအများကြီး။ များလွန်းတာမို့ ဦးစားပေးမှုဟာ အရေးပါ ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့ဝန်ထမ်းတွေနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုဟာ အရေးပါလှတယ်လို့ ယုံကြည်မိပါတယ်။ ဝန်ထမ်းတွေကို ကိုယ်လိုချင်တဲ့ ပုံစံရအောင် သွင်းနိုင်မယ်လို့လည်း လက်ခံတယ်။ အရေးကြီးတာက ဦးဆောင်မှုဖြစ်တယ်။ နမူနာ ပြနိုင်ဖို့လိုတယ်။ လူကြီးတွေက အခုလို ဦးဆောင်နိုင်ရင် လူငယ်တွေ ကိုယ့်နောက်ပါလာမှာ သေချာလှပါတယ်။

# ကျောက်ပန်းတောင်းမြို့နယ်တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးဖွင့်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်ဆူတောကျေးရွာအုပ်စု ကြက်ဆူတောကျေးရွာတွင် ဂျပန်နိုင်ငံပြည်သူများမှ ပံ့ပိုးကူညီသောရန်ပုံငွေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော နေရောင်ခြည်စွမ်းအင်သုံး အသေးစားလျှပ်စစ်မီးလင်းရေးစနစ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက်က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက အစိုးရသစ်လက်ထက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဆိုလာမီးလင်းရေးစတင်ခြင်းလုပ်ငန်းကို တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းကျေးရွာတွင် အိမ်ခြေ ၁၀၃ အိမ်ရှိရာ တစ်အိမ်လျှင် 80W ထိ သုံးစွဲနိုင်ကြောင်း၊ ဖုန်းအားသွင်းနိုင်ပြီး 20W မှ 30W ရှိ LED TV တစ်လုံး ကြည့်ရှုနိုင်ကြောင်း တစ်ယူနစ်လျှင် ၅၀ နှုန်းဖြင့် တစ်အိမ်လျှင် တစ်လပျမ်းမျှ ယူနစ် ၄၀ ခန့် သုံးစွဲ နိုင်ကြောင်း သိရသည်။ အဆိုပါ အသေးစားမီးလင်းရေးစနစ်အတွက် ကျေးရွာမှ ၂၀ ရာခိုင်နှုန်းသာ ထည့်ဝင်ဆောင်ရွက်ခဲ့ရပြီး တစ်အိမ်ထောင်လျှင် ပလပ်ခုံတစ်ခု၊ 9W မီးချောင်းနှစ်ချောင်း၊ Power Limiter တစ်ခုနှင့် Pre-payment တစ်ခုတို့ တပ်ဆင်ပေးထားရာ ကျေးရွာနေပြည်သူ ၄၀၄ ဦးတို့မှာ လျှပ်စစ်အန္တရာယ်ကင်းရှင်း စွာဖြင့် မီးအလင်းရောင် ရယူသုံးစွဲနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။



အမှတ်(၂) လုံခြုံရေးကွပ်ကဲမှုရုံးနှင့် ကွပ်ကဲမှုအောက်လုံခြုံရေးရဲကွပ်ကဲမှုဖွဲ့ခွဲများ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၇ ရက်က မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ သဃ်န်းကျွန်းစံပြဆေးရုံကြီးနှင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတို့တွင် (၁၇) ကြိမ်မြောက်စုပေါင်းသွေးလှူဒါန်းကြစဉ် ကျော်စိုးမိုး(မင်္ဂလာတောင်ညွှန့်)

# ယခု တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဖြိုးလွင်အောင်(AMIA)၊ ဓာတ်ပုံ-သိခ်**

ယခု တစ်ပတ်အတွင်းမှာ လယ်ယာထွက်ကုန်သီးနှံတွေ ဈေးနှုန်း အလှုပ်၊ အခတ် သိပ်မရှိဘဲ ငြိမ်သက်နေတာကို တွေ့ရပါတယ်။ ပြည်ပကို အဓိကတင်ပို့နေတဲ့ ပဲစင်းငုံနီ(RC) နဲ့ မတ်ပဲ(FAQ/RC) ကတော့ တစ်တန်ကို ကျပ်ထောင်ဂဏန်း ဝန်းကျင်လောက် အနည်းငယ် မြင့်တက်လာတာကို တွေ့ရပါတယ်။ နှမ်းရောင်စုံ ဈေးတွေကတော့ ဈေးအနည်းငယ် ကျဆင်းနေပါတယ်။ ဒီတစ်ပတ်မှာ ထူးထူးခြားခြား ဘုရင့်နောင် ကြက်သွန်နီဈေးကွက်မှာ ဈေးနှုန်းထက်ဝက်လောက် မြင့်တက်လာတာကို တွေ့ရပါတယ်။ ဆန်ဈေးတွေကတော့ ဒီတစ်ပတ်လုံးမှာ တည်ငြိမ်နေပါတယ်။

**ပဲစင်းငုံနီ (RC) ဈေး အနည်းငယ်မြင့်တက်**

ယခုအပတ်မှာ တနင်္လာနေ့က ပဲစင်းငုံနီ (RC) တစ်တန်ကို ငွေကျပ်ဆယ်သိန်း တစ်သောင်းတစ်ထောင်ခန့်နဲ့ အရောင်းအဝယ် ဖြစ်နေရာကနေ သောကြာနေ့မှာတော့



တစ်တန်ကို ငွေကျပ် ဆယ်သိန်း တစ်သောင်းငါးထောင်အထိ အနည်းငယ်မြင့်တက်လာတာကို တွေ့ရပါတယ်။ တစ်ပတ်အတွင်းမှာတစ်တန်ကို ငွေကျပ် လေးထောင်ခန့် မြင့်တက်လာတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လကတော့ ပဲစင်းငုံနီ (RC) တစ်တန်ကို ငွေကျပ်တစ်ဆယ့်ငါးသိန်းအထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

**မတ်ပဲ (FAQ/RC) တစ်တန် ငွေကျပ် တစ်သောင်းဝန်းကျင် မြင့်တက်လာ**

အလားတူ ပြည်ပတင်ပို့တဲ့ ပဲအမျိုးအစားတစ်ခုဖြစ်တဲ့ မတ်ပဲ(FAQ/RC) ကတော့ ယခုအပတ် တနင်္လာနေ့က ငွေကျပ် ဆယ့်လေးသိန်းတစ်သောင်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ဆယ့်လေးသိန်း တစ်သောင်းကိုးထောင်အထိ မြင့်တက်လာပါတယ်။ တစ်ပတ်အတွင်း တစ်တန်ကို ငွေကျပ် ကိုးထောင်ဝန်းကျင် မြင့်တက်လာတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ အတွင်းကတော့ မတ်ပဲ(FAQ/RC) တစ်တန်ကို ငွေကျပ် တစ်ဆယ့်ခြောက်သိန်း လေးသောင်းနှစ်ထောင်အထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

**ပဲတီစိမ်းဈေး တည်ငြိမ်**

ပဲတီစိမ်းကတော့ ယခု တစ်ပတ်လုံး ဈေးနှုန်းအပြောင်းအလဲ ကြီးကြီးမားမားမရှိဘဲ ပိဿာချိန် ၆၀ ကို ငွေကျပ်ကိုးသောင်းရှစ်ထောင်နဲ့ တစ်သိန်းငါးထောင်ကြားမှာ အရောင်းအဝယ် ဖြစ်နေပါတယ်။

**နှမ်းရောင်စုံ ဈေးကျ**

နှမ်းရောင်စုံဈေးတွေကတော့ အခုအပတ်အတွင်းမှာ အနည်းငယ် ကျဆင်းသွားတာကို တွေ့ရပါတယ်။ တနင်္လာနေ့ ဈေးအဖွင့်မှာ နှမ်းနက်(စမုံ) တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် တစ်သိန်းခြောက်သောင်းရှိရာကနေ ယခုတစ်ပတ်ရဲ့ နောက်ဆုံးရက်ဖြစ်တဲ့ သောကြာနေ့မှာတော့ ငွေကျပ်တစ်သိန်းငါးသောင်းငါးထောင်ကို ကျဆင်းသွားပါတယ်။ နှမ်းနက်ကတော့ ယခု တစ်ပတ်လုံး တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် တစ်သိန်းသုံးသောင်း နဲ့ ဈေးတည်ငြိမ်နေတာကို တွေ့ရပါတယ်။

နှမ်းညိုလည်း ယခုတစ်ပတ်လုံး တစ်အိတ်ကို အမြင့်ဆုံးငွေကျပ် ရှစ်သောင်း နှစ်ထောင်နဲ့ တည်ငြိမ်နေပါတယ်။ နှမ်းဖြူကတော့ တနင်္လာနေ့မှာ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ကိုးသောင်းရှစ်ထောင်ကနေ သောကြာနေ့မှာတော့ ငွေကျပ် ကိုးသောင်း ခြောက်ထောင်ကို ကျဆင်းသွားတာ တွေ့ရပါတယ်။ ပန်းနှမ်းလည်း တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ရှစ်သောင်းနှစ်ထောင်ကနေ သောကြာနေ့မှာတော့ ခုနစ်သောင်းကိုးထောင်ကို ကျဆင်းသွားတာ တွေ့ရပါတယ်။

**ဆန်ဈေးနှုန်း တည်ငြိမ်**

ယခုတစ်ပတ်မှာ ပေါ်ဆန်းမွှေးဆန် တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် လေးသောင်း ငါးထောင့်ငါးရာ၊ ညှော့မထဆန် တစ်အိတ် ငွေကျပ် တစ်သောင်းကိုးထောင်၊ ငစိန်ဆန် တစ်အိတ် ငွေကျပ် တစ်သောင်းကိုးထောင့်ငါးရာ၊ မြီးတိုးဆန် တစ်အိတ် ငွေကျပ် နှစ်သောင်းနှစ်ထောင်၊ မိုးသုခဆန် တစ်အိတ် ငွေကျပ် နှစ်သောင်း လေးထောင်၊ နွေသီးထပ်ဆန် တစ်အိတ် ငွေကျပ် တစ်သောင်းခုနစ်ထောင့်ငါးရာနဲ့ တစ်ပတ်လုံး အပြောင်းအလဲမရှိ အရောင်းအဝယ်ဖြစ်နေပါတယ်။

**ကြက်သွန်နီဈေး ရုတ်တရက်မြင့်တက်**

ယခုရက်ပိုင်း တိုက်ခတ်ခဲ့သည့် မုန်တိုင်းအရှိန်ကြောင့် ရာသီဥတု မငြိမ်မသက် ဖြစ်ပေါ်ခဲ့တဲ့ ယခုအောက်တိုဘာ ၂၀ ရက်က ဆိပ်ဖြူ၊ မုံရွာ၊ မိတ္ထီလာ၊ မြင်းခြံ၊ မင်းဘူးနယ်တွေက ထွက်ရှိတဲ့ ကြက်သွန်နီ တစ်ပိဿာကို အနိမ့်ဆုံး ၁၇၅ ကျပ် ကနေ အမြင့်ဆုံး ၈၇၅ ကျပ် ဈေးနှုန်းကနေ ယခုတစ်ပတ်အစ တနင်္လာနေ့မှာတော့ ကြက်သွန်နီ တစ်ပိဿာကို အနိမ့်ဆုံး ၈၀၀ ကျပ်ကနေ အမြင့်ဆုံးဈေး ၁၆၀၀ အထိ မြင့်တက်ခဲ့ပြီးတော့ ယခုတစ်ပတ်ရဲ့ ဈေးပိတ်ချိန်ဖြစ်တဲ့ သောကြာနေ့မှာတော့ ကြက်သွန်နီ တစ်ပိဿာကို အနိမ့်ဆုံးဈေး ၂၂၅ ကျပ်ကနေ အမြင့်ဆုံးဈေး ၁၆၀၀ နဲ့ အရောင်းအဝယ် ရှိနေပါတယ်။ တစ်ပတ်အတွင်းမှာ ကြက်သွန်နီတစ်ပိဿာကို ငွေကျပ် ၅၀၀ ကနေ ၁၀၀၀ ကြားအထိ မြင့်တက်လာတာ ဖြစ်ပါတယ်။

## တောင်သူပညာပေး မိုးစပါးစိုက်စနစ် ကွင်းသရုပ်ပြ

**ပွင့်ဖြူ အောက်တိုဘာ ၃၀**

ကျေးလက်နေတောင်သူများ မိုးစပါးစိုက်ပျိုးစရိတ် တစ်ဧက ကုန်ကျစရိတ်နှင့် ပြန် လည်ရရှိမှုအပေါ် အကျိုးအမြတ် သိရှိနိုင်ရန်နှင့် အထွက်တိုး မျိုးစပါးများအား စိုက်နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်စေရန်ရည်ရွယ်၍ တောင်သူ ပညာပေး မိုးစပါးစိုက်စနစ် ယှဉ်ပြိုင် စမ်းသပ်ကွက် ပညာပေး ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၂၈ ရက်က မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၊ ကန်ပြည့် ကျေးရွာ အုပ်စု မကျီးရုံကျေးရွာ တောင်သူ ဦးထွန်းထွန်း၏ကွင်းအမှတ် (၇၀၁)ရှိ စပါးစိုက် ခင်း၌ ဆောင်ရွက်ခဲ့သည်။

ပညာပေးသရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန၊ ဦးစီးမှူး ဦးကျော်ဝင်းက တက်ရောက်လာသော တောင်သူများအား မိုးစပါးစိုက်နည်းစနစ် ယှဉ်ပြိုင် စမ်းသပ် စိုက်ပျိုးရခြင်းအကြောင်း ရှင်းလင်းဟောပြောခဲ့ပြီး စမ်းသပ်စိုက်ကွက်များတွင်စိုက်ပျိုးထားရှိသော ကြဲခင်းစနစ်၊ Seeder စနစ်၊ SRI စနစ်၊ GAP စနစ်၊ ဇလာကွက်တို့ဖြင့် မနောသုခ မျိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေ အနေတို့ကို လက်တွေ့ကွင်းဆင်း ပြသခဲ့သည်။ ထို့နောက် မနောသုခ မျိုးသန့်၊ မျိုးပွား စံပြကွက် ၁၀ ဧကတွင် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကွင်းဆင်း ပြသခဲ့သည်။

ဆက်လက်၍ သရက်အုပ်ကျေးရွာအုပ်စု ကွင်းအမှတ် (၉၀၇)ရှိ စိုက်ပျိုးရေး သိပ္ပံကွင်း၌ အရည်အသွေးကောင်း သက်လျင် အထွက်ကောင်း မျိုးစပါးယှဉ်ပြိုင် စမ်းသပ်ကွက်နှင့် ရောမင်းမျိုးစပါးနှင့် ရတနာတိုးမျိုးစပါး မျိုးစပ်ထားသည့် မျိုးယှဉ်ပြိုင် စမ်းသပ်ကွက်တို့တွင် စပ်မျိုးစပါးများ အောင်မြင်နေမှုကို လက်တွေ့ ကွင်းဆင်း ပညာပေးပြသခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မြင့်က စပ်မျိုးစပါးယှဉ်ပြိုင် စမ်းသပ်ကွက် ဆောင်ရွက်ရခြင်းအကြောင်း ရှင်းလင်းခဲ့ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

## ရွှေရင်အေးစပါးမျိုးသန့် မျိုးကွဲနုတ်ပယ်ခြင်း သရုပ်ပြ

**ကလော အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့နယ်တွင် မျိုးသန့်မျိုးစေ့ထုတ်လုပ်ရန် အတွက် (ဒုတိယအကြိမ်) မျိုးသန့်မျိုးကွဲနုတ်ပယ်ခြင်းကို အောက်တိုဘာလ နောက်ဆုံးပတ်က ဟဲဟိုးကျေးရွာအုပ်စု ပုန်းအင်းမျိုးသန့်စံပြရွာတွင် ရွှေရင်အေး စပါးမျိုးသန့် ဧက ၄၀ စိုက်ခင်း၌ လက်တွေ့ပြသခဲ့သည်။

အဆိုပါလက်တွေ့ပြသရာတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့တာဝန်ခံ ဒေါ်မြင့်မြင့်နှင့် တာဝန်ရှိသူများက မျိုးစေ့ထုတ် တောင်သူများအား မျိုးကွဲနုတ်ပယ် ခြင်းကို လက်တွေ့ပြသခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်၍ တောင်ကြီး ခရိုင်အတွင်း မျိုးသန့်မျိုးစေ့ပွားဧက ၂၂၀ စိုက်ပျိုးခဲ့ရာ ကလော မြို့နယ်မှ ထွက်ရှိသည့် စီးပွားဖြစ် မျိုးသန့်မျိုးစေ့များကို မြို့နယ်အတွင်းရှိ တောင်သူများအား ဖြန့်ဖြူးပေး သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နယ်ကုန်အဝင်နည်းခြင်းနှင့် ရာသီဥတုအခြေအနေကြောင့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ နီးပါး မြင့်တက်

**ဖြိုးလွင်အောင်(AMIA)၊ ဓာတ်ပုံ-သိခ်**

ဘုရင့်နောင်ဈေးကွက်အတွင်း ကြက်သွန်နီဈေးနှုန်းများ ရုတ်တရက်မြင့်တက်လာခြင်းကြောင့် ကုန်သည်များကို ခေါ်ယူကာ ဈေးကစားခြင်း မပြုရန် သတိပေးထားပြီး ပုံမှန်ဈေးနှုန်းများအတိုင်း ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးခင်ဟန်က AMIA ကို ပြောသည်။

ယခုရက်ပိုင်းအတွင်း ရန်ကုန်ဘုရင့်နောင်ဈေးကွက်အတွင်းသို့ နယ်ကုန်အဝင်နည်းခြင်းနှင့် ရာသီဥတုအခြေအနေကြောင့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ်၁၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းမြင့်တက်လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

ဦးခင်ဟန်က "တစ်ရက်ကို ၃၀၀ လောက် နှစ်ရက် တက်လိုက်လို့ အခု ၃၀၀ ပြန်ချနေတယ်။ ဒီနေ့အစည်းအဝေးခေါ်ပြီးတော့ ပွဲရုံတွေကို ခေါ်ပြီး အဖြေရှာနေတယ်။ သူတို့က ဟိုရက်တွေက ရာသီဥတုကြောင့်တို့၊ အသစ်တွေက ရာသီဥတုကြောင့် ကားဝင်နည်းသွားတော့ အဲဒီလိုဆွဲကုန်တာ"ဟု ပြောသည်။

ယခုရက်ပိုင်း တိုက်ခတ်ခဲ့သည့် မုန်တိုင်းအရှိန်ကြောင့် ရာသီဥတု မငြိမ်မသက်ဖြစ်ပေါ်ခဲ့သည့် ယခုအောက်တိုဘာ ၂၀ ရက်က ဆိပ်ဖြူ၊ မုံရွာ၊ မိတ္ထီလာ၊ မြင်းခြံ၊ မင်းဘူး နယ်များမှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် အနိမ့်ဆုံး ငွေကျပ် ၁၇၅ ကျပ်မှ အမြင့်ဆုံး ၈၇၅ ကျပ်သို့ ဈေးနှုန်းများ ရုတ်တရက် မြင့်တက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ကြက်သွန်နီ တစ်ပိဿာလျှင် အနိမ့်ဆုံးဈေး ၅၀၀ကျပ်မှ အမြင့်ဆုံးဈေး ၁၆၀၀ အထိ မြင့်တက်လျက်ရှိသည်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIA)၏ နေ့စဉ် ဈေးနှုန်း လေ့လာချက်များအရ သိရသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ပြည်ပသို့ ကြက်သွန်နီ တန်ချိန် ၃၅၀၀၀ ခန့် တင်ပို့ထားပြီး လက်ရှိ ပြည်ပသို့ ကြက်သွန်နီ တန်ချိန် သုံးသောင်းခန့် တင်ပို့ထားသည်။ ကြက်သွန်နီ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀ မှ ၂၂၅ ဒေါ်လာ ဝန်းကျင်ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ကြက်သွန်နီများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တရုတ်နှင့် ထိုင်းနိုင်ငံတို့ကို တင်ပို့ပြီး ပင်လယ်ရေကြောင်းမှ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများကို တင်ပို့ကာ လက်ရှိ နယ်ကြက်သွန် အဝင်နည်းခြင်းကြောင့် ပြည်ပသို့ တင်ပို့မှု ရပ်နားထားကြောင်း ဦးခင်ဟန်က ပြောသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ပြည်တွင်းကြက်သွန်နီဈေးများ အဆမတန် မြင့်တက်လာမှုကြောင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံများမှ တင်သွင်းရောင်းချခွင့်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ခွင့်ပြုခဲ့သည်။

လက်ရှိတွင် ဘုရင့်နောင်ပွဲရုံသို့ ကြက်သွန်နီ ကုန်ကားစီးရေ ၃၀ ဝန်းကျင် ပိဿာချိန် နှစ် သိန်းနီးပါး ဝင်နေကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်မှ သိရသည်။



# ပွင့်ဖြူမြို့နယ်တွင် စီးပွားရေးဈေးကွက်အရ မတ်ပဲကိုတိုးချဲ့စိုက်ပျိုးမှုများလာ

ဇူလိုင်မိုး၊ ဓာတ်ပုံ- ကိုတင့် .....



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အတွင်းရှိ ဒေသခံအများစု၏ အဓိက အသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေး ပင်ဖြစ်သည်။ ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာအုပ်စုရှိ ကျေးရွာများသည် လယ်မြေများ၌ စပါး၊ နှမ်းနှင့် ကုလားပဲတို့ကို စိုက်ပျိုးကြပြီး ကိုင်းမြေများတွင် ရာသီအလိုက် နှမ်း၊ ကုလားပဲ၊ ပဲထောပတ်၊ ပြောင်း၊ ငရုတ် စသည်တို့ကို အဓိက စိုက်ပျိုးကြကြောင်း သိရသည်။

ယခုအခါ ကျောင်းတော်ရာအုပ်စု မုန်းချောင်းတစ်လျှောက် ကျေးရွာများရှိ တောင်သူများသည် ဈေးကွက်စီးပွားရေးအရ ပဲထောပတ်နေရာတွင် မတ်ပဲကို စမ်းသပ်စိုက်ပျိုးလာကြောင်း ဒေသခံ တောင်သူများထံမှ သိရသည်။

“မနှစ်ကစပြီး ဒီဘက်မှာမတ်ပဲကို စစိုက်ကြတာ။ ဒါပေမယ့် သုံးလေးဦးလောက်ပဲစိုက်တယ်။ အရင်က ကုလားပဲနဲ့ ပဲထောပတ်ကိုပဲ အဓိကထားစိုက်ကြတယ်။ မြေပဲကိုလည်း အချို့တော့စိုက်ကြပါတယ်။ မနှစ်က မတ်ပဲက ဈေးကောင်းရတော့ ဒီနှစ်မတ်ပဲကို တော်တော်များများ စိုက်လာကြတယ်။ ပဲပေါ် ချိန်မှာ မတ်ပဲနဲ့ ပဲထောပတ်ဈေးယှဉ်လိုက်တဲ့အခါ မတ်ပဲဈေးကပိုရတယ်။ အဲဒီမှာ တောင်သူတွေက နောက်နှစ်ကျ မတ်ပဲစိုက်မယ်ဆိုပြီး ဖြစ်ကုန်ကြတယ်။ ဒီနှစ်တော့ ဒီဘက်မှာ တောင်သူတော်တော်များများ မတ်ပဲကို စိုက်လာတာတွေ့ရတယ်။ ဒီနှစ်မတ်ပဲစိုက်ကြတဲ့ရာခိုင်နှုန်းကတော့ ဆယ်ကေရှိတဲ့သူကမတ်ပဲကို ခုနစ်ကေ၊ ငါးကေရှိတဲ့သူက သုံးကေလောက်အထိ စိုက်လာတာတွေ့ရတယ်။စိုက်တဲ့ဦးရေကလည်း ဆယ်ဦးကို ရှစ်ဦးလောက်က မတ်ပဲကိုပဲစိုက်ကြတယ်။

မတ်ပဲက အရင်နှစ်ကဈေးကောင်း ရခဲ့တဲ့အတွက် ဒီနှစ် ပိုစိုက်ကြတာလည်းဖြစ်ပါတယ်။ ရာသီဥတုမဖောက်ပြန်ဘူး။ အပင်တွေ ကောင်းမယ်ဆိုရင် တောင်သူတွေအတွက် တွက်ခြေကိုက်ပါတယ်။ ဒါပေမယ့် ဒီနှစ်ဈေးက ဘယ်လိုလာမယ်တော့မသိသေးဘူး။ ပဲဈေးကောင်းဖို့ပဲ ကျွန်တော်တို့တောင်သူတွေမျှော်လင့်ရမှာပါ”ဟု မတ်ပဲကို ယခုနှစ်တွင် စမ်းသပ် စိုက်ပျိုးထားသည့် ဝဲဒေါင့်ကျေးရွာမှ တောင်သူ ဦးတင်ထွန်းဝေက ပြောပြသည်။

ယခုနှစ် မတ်ပဲကို ပွင့်ဖြူမြို့နယ် အတွင်းရှိ ဖလံတော၊ နှောကျင်း၊ ဝဲဒေါင့်၊ ကျွန်းပင်စင်၊ ရွာသစ်၊ အနောက်ကိုင်း၊ ပင်းတုန်း၊ ပေတော၊ ရွာသာညွန့်စသည့် ကျေးရွာများတွင် တိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။

ယခင်နှစ်ပဲပေါ်ချိန်တွင် မတ်ပဲ တစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀ မှ ၄၈၀၀၀ အထိရှိပြီး ပဲထောပတ် တစ်တင်းလျှင် ငွေကျပ်တစ်သောင်းကျော်သာ ရှိခဲ့သည်။ ယခုလက်ရှိ ပွဲရုံကောက်ဈေးအနေဖြင့် မတ်ပဲဈေးမှာ ငွေကျပ် ၆၀၀၀၀ နှင့် ၇၀၀၀၀ ကြားရှိကြောင်း သိရသည်။

ပဲထောပတ်ဈေးမှာ လက်ရှိအချိန်ထိ ဈေးကောင်းမရရှိကြောင်း သိရသည်။

အဆိုပါဒေသများတွင် မတ်ပဲကို မြေညံ့လျှင် တော်သလင်းလတွင် စိုက်ပျိုးကြပြီး မြေကောင်းလျှင် သီတင်းကျွတ်လတွင်စိုက်ပျိုးကြကြောင်း၊ ပြာသိုလနှင့် တပို့တွဲလတို့တွင် မတ်ပဲများ ရိတ်သိမ်းရကြောင်း သိရသည်။

ယခုအခါ မတ်ပဲမျိုးကို တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် ဝယ်၍ကြဲရပြီး ပဲထောပတ်ကို တစ်တင်းလျှင် ငွေကျပ် ၉၀၀၀ ကျော်ဖြင့် ဝယ်၍စိုက်ပျိုးရကြောင်း သိရသည်။

တောင်သူအများစုမှာ မတ်ပဲခင်းများထဲတွင် ပြောင်းများကိုပါ ညှပ်၍ စိုက်ပျိုးရခြင်းကြောင့် ပို၍အဆင်ပြေကြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ တောင်သူများသည် မတ်ပဲကိုတိုးချဲ့စိုက်ပျိုးလာကြပြီး ပဲပေါ်ချိန်တွင် ပဲဈေးနှုန်းကောင်းရန် မျှော်လင့် လျက်ရှိကြသည်။ ၎င်းတို့၏ ဒေသ ထွက်ကုန်သီးနှံများကို မကွေးနှင့် မင်းဘူးမြို့များသို့ သွားရောက်ရောင်းချရကြောင်း သိရသည်။

# အစိုးရမှ လယ်ယာသုံး စက်ကိရိယာများကို ၃ နှစ် အရစ်ကျ ငွေချေစနစ်ဖြင့် တောင်သူများကို ရောင်းချပေးမည်

ဖြိုးလွင်အောင်(AMIA) ....

လယ်ယာသုံးစက်ကိရိယာများကို သုံးနှစ်အတွင်း ခုနစ်ကြိမ် အရစ်ကျပေးသွင်းရမည့်စနစ်ဖြင့် ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်းရောင်းချပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုမောင်က ပြောသည်။

တောင်သူများ ဝယ်ယူလိုသည့် လယ်ယာသုံးစက်ကိရိယာများကို ရောင်းချပေးနိုင်ရန် လက်ရှိတွင် Sonalika ကုမ္ပဏီ၊ New Holland ကုမ္ပဏီ၊ Kubota ကုမ္ပဏီ၊ Daedong ကုမ္ပဏီများနှင့် ချိတ်ဆက်ထားပြီး တောင်သူများအနေဖြင့် အခြားကုမ္ပဏီထုတ် လယ်ယာသုံးစက်ကိရိယာအမျိုးအစားစက်များ ဝယ်ယူလိုပါကလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဦးကိုကိုမောင်က “တောင်သူကနေ ကြိုက်ပါတယ်ဆိုတဲ့ အမျိုးအစားရှိရင် ပြော၊ အဲ့ဒီအမျိုးအစားကို ကျွန်တော်တို့က ကုမ္ပဏီကို တစ်ဆင့်ပြောပေးမယ်။ အတိုးနှုန်းကို ကျွန်တော်တို့ မသတ်မှတ်ဘူး။ ကုမ္ပဏီက ကျွန်တော်တို့ဆီကို သူတို့သတ်မှတ်တဲ့ အတိုးနှုန်းတင်ရမယ်။ အဲ့ဒီအတိုးနှုန်းကလည်း လက်ရှိရောင်းနေတာထက်တော့ မများရဘူး။ သူ့ထက်နည်းရမယ်။ တောင်သူတွေ သက်သာအောင်”ဟု ပြောသည်။

စက်ကိရိယာဝယ်ယူလိုသူ တောင်သူများအနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်၊ လယ်ယာပိုင်ဆိုင်မှုစာရွက်၊ စာတမ်းများနှင့် ဝယ်ယူလိုသည့် စက်အမျိုးအစားကို မိမိမြို့နယ်ရှိ စက်မှုလယ်ယာဦးစီးဌာနများတွင် ယခုလမှစတင်ကာ လျှောက်ထားနိုင်ပြီဖြစ်သည်။

တောင်သူများအနေဖြင့် လယ်ယာသုံးစက်ပစ္စည်း၏ တန်ဖိုး ၁၀ ရာခိုင်နှုန်းကို ကနဦးပေးသွင်းရမည်ဖြစ်ပြီး ကျန်ငွေကို ခြောက်လတစ်ကြိမ် ၁၅ ရာခိုင်နှုန်းစီဖြင့် သုံးနှစ် အရစ်ကျ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်း မအူပင်ခရိုင် ရေနံ့ချောင်းကျေးရွာမှ လယ်သမား ဦးလှဌေးက“အစိုးရက အရင်ရောင်းပေးတဲ့ အရစ်ကျစနစ်က တစ်ရာသီ တစ်နှစ်ပေါ်တဲ့ တောင်သူတွေအဖို့ ဒီစက်တစ်စက်အတွက် ငွေကြေးပေးလိုက်ရသလို ဖြစ်နေတော့ ဝယ်ဖို့မတတ်နိုင်သလို စက်တွေကလည်း ခဏခဏပျက်တော့ နောက်ကနေ လိုက်ပြင်နေရတာကို မပြီးတော့ဘူး”ဟု ပြောသည်။

ယခင်နှစ်များတွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ လယ်ယာသုံးစက်ကိရိယာတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကျော်ကို ကနဦးပေးသွင်းစေပြီး ကျန်ငွေကို နှစ်နှစ်အတွင်း သုံးကြိမ်ခွဲသွင်းရသည့်စနစ်ဖြင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ရောင်းချခဲ့ကြောင်း သိရသည်။

**ကျေးရွာသစ်တော၊ ထင်းမျှောအိမ်တိုင်၊ လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့။**

# မတ်ပဲစိုက်ခင်းများ၌ဘက်တီးရီးယားမှိုရောဂါနှင့် ရွက်စားပိုးကျရောက်သဖြင့် တောင်သူများအခက်ကြုံ

မောင်ငြိမ်းဝင့် .....



အထက်အညာဒေသတွင် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများကစ၍ သီးနှံများစိုက်ပျိုးရန်အတွက် ယာခင်းများကို ထွန်ရေးပြင်ခြင်း၊ မြေနုပ်ခြင်း၊ မြေဩဇာထည့်ခြင်း အစရှိသည့်တို့ ဆောင်ရွက်လျက် စိုက်ထယ်ရေးရအောင်အဆင့်ဆင့် ပြုလုပ်ကာ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် အခြားဆီထွက်သီးနှံများ စိုက်ပျိုးကြကြောင်း ဒေသခံတောင်တစ်ဦးက ပြောသည်။

ယခင်နှစ်က မတ်ပဲစိုက်ပျိုးသူ နည်းပါးခဲ့သော်လည်း ယခုနှစ်တွင် မတ်ပဲစိုက်ပျိုးသူ များပြားလာသည်ဟု ၎င်းကပြောသည်။ ယခင်နှစ် စိုက်ပျိုးချိန်ရာသီတွင် မတ်ပဲမျိုးတစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဝန်းကျင်ခန့်သာ ဝယ်ယူစိုက်ပျိုးခဲ့ရသော်လည်း ယခုနှစ် စိုက်ပျိုးချိန်ရာသီ၌ ငွေကျပ် ၈၀၀၀၀ နှုန်းခန့်အထိဝယ်ယူစိုက်ပျိုးခဲ့ရကြောင်း တောင်သူတစ်ဦးကပြောသည်။

ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ငါးတဲလေး၊ ဆင်ဆင်း၊ ကျွဲကြုံ၊ ပျဉ်ထောင်လေး၊ ဘွက်၊ ကင်မွန်းချုံ၊ ဆင်ကုန်း၊ ကျောက်ထုံးကြီး၊ ရွှေလမ်းဆင်း၊ ရွာသာယာနှင့် အင်းဒရန့်ကျေးရွာတို့ရှိ မတ်ပဲစိုက်ခင်းများ၊ ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ် ငါးအိုး၊ ခတ်ခုံ၊ ကုန်းမနနှင့် မနားကျေးရွာတို့ရှိ မတ်ပဲစိုက်ခင်းများ၌ ဘက်တီးရီးယားမှိုရောဂါတစ်မျိုးဟုယူဆရသည့် အရွက်ဝါရောဂါမှာ မတ်ပဲစိုက်ပျိုးထားသည့် ယာခင်းအများအပြားတွင် ကျရောက်လျက်ရှိကြောင်းသိရသည်။ ထို့ပြင် ရွက်စားပိုးဟုယူဆရသည့် သီးနှံဖျက်ပိုးတစ်မျိုးမှာလည်း မတ်ပဲစိုက်ပျိုးထားသောယာခင်းများအတွင်း ကျရောက်ဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

တောင်သူတစ်ဦးက “မတ်ပဲခင်းတစ်ခုလုံးအရွက်တွေဝါပြီး ပွင့်ကင်းတွေက ထပ်မပွင့်တော့တာနဲ့ ဘာဆေးဖျန်းရမလဲလို့ စိုက်ပျိုးရေးပစ္စည်းရောင်းတဲ့ဆိုင်ကိုမေးတော့ မှိုရောဂါကာကွယ်ဆေးနဲ့ အသီးအပွင့်ပြန်ပြီး အားကောင်းစေတဲ့ဆေးတွေလိုအပ်တယ်ဆိုလို့ ဝယ်ဖျန်းလိုက်တယ်။ ဆေးဖိုးကိုက သုံးသိန်း နီးနီးကပ်နေပြီ။ တချို့ကပြောတာတော့ အဲ့ဒီ ဝါနေတဲ့ အပင်တွေကိုနုတ်ပြီး အဝေးတစ်နေရာကိုပစ်လိုက်ရင် ရောဂါပျောက်တတ်တယ်ဆိုတာနဲ့ နုတ်ပစ်တော့လည်းမရပါဘူး”ဟု ပြောသည်။

“အစကတော့ ငမြှောင်တောင်လို အကောင်တွေကျတာ။ အဲ့ဒါနဲ့ ကျွန်တော်က ကြွက်ပြေးမြေအောင်းပိုးသတ်ဆေးကို တစ်ခင်းလုံးလိုက်ပြီး ပက်ကျဲလိုက်တော့ အဲ့ဒီ အကောင်တွေ ပျောက်သွားတယ်။ ခု အဲ့ဒီအကောင်တွေ ပျောက်သွားလို့ ရက်ပိုင်းလောက်ပဲရှိသေးတယ်။

ခုထပ်ပြီး ရွက်စားပိုးတွေ ထပ်ကျနေပြန်တယ်။ စိုက်ပျိုးရေးဆေးဆိုင်သွားပြီး ဘာပိုးသတ်ဆေးဝယ်ဖျန်းရင်ကောင်းမလဲလို့မေးတော့ ဆေးတန်ဖိုးတွေကလည်းမနည်းဘူး။ ခုတော့ နှစ်သိန်းဖိုးလောက် ဆေးတွေဝယ်ပြီး နေ့စားတွေနဲ့ ဆေးဖျန်းလို့ကတော့ပြီးပြီ”ဟုပြောပြသည်။

တစ်ဖန် ယခုအခါတွင် မတ်ပဲစိုက်ပျိုးသူတောင်သူများသည် ယင်းမတ်ပဲ စိုက်ခင်းများအတွင်း ကျရောက်လျက်ရှိသည့် ဘက်တီးရီးယား မှိုရောဂါဖြစ်ပေါ်နေသော အရွက်ဝါအပင်များအား နေ့စားလုပ်သားအင်အားများစွာ အသုံးပြုလျက် သီးသန့်နုတ်ပစ်ဖယ်ရှားလျက်ရှိပြီး ဒေသခံနေ့စားလုပ်သားများအနေဖြင့် ဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

# ဈေးကွက်အခွင့်အလမ်းကောင်းများရရှိမည့် ကောင်းမွန်သောရေနေသတ္တဝါမွေးမြူရေးကျင့်စဉ်

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ဓာတ်ပုံ-သိန်း၊ ငါးလုပ်ငန်းဦးစီးဌာန**



ရေသတ္တဝါမွေးမြူထုတ်လုပ်ရာတွင် နိုင်ငံအဆင့်နှင့် နိုင်ငံတကာအစားအစာဘေးအန္တရာယ်ကင်းစင်မှု စံချိန်စံနှုန်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော ကောင်းမွန်သော ရေနေသတ္တဝါမွေးမြူရေးကျင့်စဉ် Good Aquaculture Pracitices (GAqP) သင်တန်းများကို မြန်မာနိုင်ငံမှ ငါးမွေးမြူရေးလုပ်ကိုင်သူများအား ဥရောပသမဂ္ဂ၏ Trade Development Programme(TDP)အရ တိုင်းဒေသကြီးများတွင် သင်ကြားပို့ချပေးလျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျင့်စဉ်ဆောင်ရွက်ခြင်းအားဖြင့် ဈေးကွက်အခွင့်အလမ်းပေါများပြီး EU နိုင်ငံများအပါအဝင် နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်းနှင့် စားသုံးသူများအနေဖြင့် အစားအစာ ဘေးအန္တရာယ်ကင်းစွာဖြင့် ယုံကြည်စိတ်ချစွာ စားသုံးနိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် GAqP ကျင့်စဉ်အတိုင်း မွေးမြူရာတွင် အခြေခံမူလေးရပ်ကို လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။



"GAqP ကျင့်စဉ်အတိုင်းမွေးမြူရာမှာ လိုက်နာရမယ့် အခြေခံမူလေးရပ်ရှိပြီး နံပါတ်တစ်အချက်ကတော့ အစားအသောက် ဘေးကင်းလုံခြုံမှုပဲ ဖြစ်ပါတယ်။ ငါးမွေးမြူထုတ်လုပ်ရာမှာ နိုင်ငံအဆင့် သို့မဟုတ် FAO/ WHO Codex Alimentarius တို့က အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ထားတဲ့ နိုင်ငံတကာဆိုင်ရာ အစားအစာ ဘေးအန္တရာယ်ကင်းစင်မှု စံချိန်စံညွှန်းများ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အစားအစာ ဘေးကင်းလုံခြုံမှုသေချာစေဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နံပါတ်နှစ်အချက်ကတော့ မွေးမြူတဲ့ ရေသတ္တဝါတွေရဲ့ ကျန်းမာရေးနဲ့ ကောင်းမွန်စွာ နေထိုင်ရှင်သန်ရေးပဲဖြစ်ပါတယ်။ မွေးမြူထုတ်လုပ်တဲ့ ရေသတ္တဝါတွေ ကျန်းမာရှင်သန်အောင်၊ မွေးမြူထုတ်လုပ်မှုအဆင့်တိုင်းမှာ ဖိစီးမှုအနည်းဆုံးဖြစ်စေဖို့နဲ့ ရောဂါဘေးအန္တရာယ်ကျရောက်မှုလျှော့ချခြင်း၊ ကျန်းမာတဲ့ပတ်ဝန်းကျင်မှာ ထိန်းသိမ်းမွေးမြူခြင်းတို့နဲ့ မွေးမြူရမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေခြင်းပဲ ဖြစ်ပါတယ်။ ငါး၊ ပုစွန်တွေမွေးမြူထုတ်လုပ်ရာမှာ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေတဲ့ တာဝန်သိမှုအပြုအမူနဲ့ အမျိုးသားအဆင့်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတွေ၊ စည်းမျဉ်း စည်းကမ်းတွေနဲ့အညီ သေချာစွာ စီမံချက်ချပြီးမွေးမြူရမှာဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ လူမှုစီးပွားရေးကဏ္ဍတွေ ညီညွတ်မျှတတိုးတက်မှု ဖြစ်ပါတယ်။ ငါးပုစွန် မွေးမြူထုတ်လုပ်ရာမှာ လူမှုရေးဆိုင်ရာတာဝန်သိမှုတစ်ရပ်အဖြစ် အမျိုးသားအဆင့် စည်းမျဉ်းဥပဒေဘောင်အတွင်းမှ ဒေသခံလူထုနဲ့ မွေးမြူရေးလုပ်သားတွေရဲ့ လူနေမှုဘဝကို မထိခိုက်စေဘဲ အလုပ်သမားတွေရဲ့ လုပ်ပိုင်ခွင့်ကို လေးစားလိုက်ခြင်းနဲ့ မွေးမြူထုတ်လုပ်ရမှာ ဖြစ်ပါတယ်"ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညွှန့်ခင်က ပြောပြသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အာဆီယံနိုင်ငံများနည်းတူ GAqP စနစ်ကို ၂၀၁၁ ခုနှစ်မှစတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC) မှုအရလည်း အဖွဲ့ဝင်နိုင်ငံတိုင်း GAqP စနစ်ကို ကျင့်သုံးနေပြီဖြစ်ကြောင်း၊ နောင်တွင် မြန်မာနိုင်ငံ၏ ရေသတ္တဝါမွေးမြူထုတ်ကုန်များသည် GAqP ကျင့်စဉ်နှင့် အညီမွေးမြူထုတ်လုပ်မှသာ အာဆီယံနိုင်ငံများအပါအဝင် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ ငါးလုပ်ငန်းဦးစီးဌာနမှ GAqP ကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရေးလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်လာနိုင်စေရန် နည်းပညာတိုးချဲ့ ပညာပေးရေးအဖွဲ့ (GAqP Extension Team) ဖွဲ့စည်းပေးပြီး ဒေသအရောက် ကွင်းဆင်းပညာပေးခြင်းနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ GAqP အသိအမှတ်ပြုလက်မှတ်ရယူလိုသော မွေးမြူကန်များသို့ ကွင်းဆင်းစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ၄င်းက ဆက်လက်ပြောပြသည်။

လက်ရှိတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် GAqP သင်တန်းများ ပို့ချပေးခဲ့ပြီး ဆက်လက်၍လည်း သင်တန်းများပို့ချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

# မန္တလေး-မူဆယ် ကုန်သွယ်ရေးလမ်းပိုင်းကို ပြုပြင်ချဲ့ထွင်ခြင်းလုပ်ငန်း အချိန်ဆွဲနေဟု ကုန်သည်များဝေဖန်

**ဖြိုးလွင်အောင်(AMIA)**

ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားနေသည့် မန္တလေး-မူဆယ် ပြည်ထောင်စု ကုန်သွယ်ရေးလမ်းပိုင်းကို လေးလမ်းသွားအဖြစ် BOD စနစ်ဖြင့် လုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီမှ ချဲ့ထွင်ပြုပြင်ရာတွင် အချိန်ဆွဲနေသည်ဟု မူဆယ်ကုန်စည်ဒိုင်မှ ကုန်သည်များက ဝေဖန်ပြောဆိုလိုက်သည်။

ယခု အောက်တိုဘာ ၁၆ ရက်မှ ၁၉ ရက်အထိ မန္တလေး-မူဆယ် ကုန်သွယ်ရေးလမ်းပိုင်း နောင်ချိုနှင့်ကျောက်မဲမြို့ကြားရှိ ဂုတ်တွင်းလမ်းပိုင်းတွင် သုံးရက်ခန့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ပြီး လမ်းပြုပြင်ခြင်းလုပ်ငန်းများ နှောင့်နှေးနေခြင်းကြောင့် လာမည့်ပွင့်လင်းရာသီတွင် လည်း အဆိုပါလမ်းပိုင်းတွင် ယာဉ်ကြောပိတ်ဆို့မှုများ ယခုထက်အချိန်ပိုမိုကြာမြင့်စွာ ထပ်မံဖြစ်ပွားဦးမည်ဟုလည်း မူဆယ် ခွာညိုသစ်သီးပွဲရုံမှ ကုန်သည် ဦးစိုင်းခင် မောင်က ပြောသည်။

ဦးစိုင်းခင်မောင်က "သူတို့လမ်းချဲ့ထွင်မှု လုပ်ငန်းက နှစ်နှစ်လောက် ရှိပြီထင်တယ်။ ဘာမှမပြီးသေးဘူး။ တော်တော်ကြန့်ကြာနေတယ်။ ကားလမ်းပိတ်တယ်ဆိုရင်တော့ အသီးအရည်အသွေးကျမှာပဲ။ အရည်အသွေးကျရင်တော့ ဈေးလည်းကျတာပေါ့။ ဆိုလိုတာက သစ်သီးတွေ အိတ်စိပ်ပို့လုပ်တဲ့လမ်းမှာ အခုလမ်းကွာလတီနဲ့ ဘယ်လိုမှ မအပ်စပ်ဘူး"ဟု ပြောသည်။

အဆိုပါလမ်းမကြီးကို လေးလမ်းသွားအဖြစ်ချဲ့ထွင်ရန် ၂၀၁၅ ခုနှစ်မှ စတင်ကာ Oriental Highway ကုမ္ပဏီမှ ငါးနှစ်စီမံကိန်း BOD စနစ်ဖြင့် ပြုပြင်လုပ်ကိုင်ခွင့်ရရှိထားခြင်းဖြစ်ပြီး လက်ရှိတွင် လမ်းမြေသားချဲ့ထွင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်နေကြောင်း သိရသည်။

မူဆယ်ကုန်စည်ဒိုင်အဖွဲ့ဝင် ကုန်သည်တစ်ဦးက "အခုက မြေသားချဲ့တာတောင် မပြီးသေးဘူး။ တော်တော်နဲ့လည်းပြီးနိုင်မှာမဟုတ်ဘူး။ ကျွန်တော်တို့ဆီက ရေထွက်ကုန်ရော၊ အသီးအနှံတွေပါ များသောအားဖြင့် ဒီလမ်းကပဲ သွားတာ။ လမ်းမှာ ကားလမ်းပိတ်လို့ကြာသွားပြီဆို ပစ္စည်းအရည်အသွေး ကျပြီး ဈေးနှိမ်ခံရတယ်။ နောက်လာမယ့် ပွင့်လင်းရာ သီဆို ဒီထက်ပိုပြီး ဆိုးဖို့ရှိတယ်"ဟု ပြောသည်။

လက်ရှိ အဆိုပါလမ်းတွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားပါက အရည်အသွေးကျဆင်းကာ ပျက်စီးလွယ်သည့် သရက်သီးတင်ဆောင်လာသော ကုန်တင်ကားများနှင့် ကဏန်း၊ ပုစွန် စသည့် ရေထွက်ကုန်တင်ကားများကို ဦးစားပေးဖြတ်သန်းခွင့်ပေးရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားထားကြောင်း သိရသည်။

မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတွင် လက်ရှိ မိုးတွင်းကာလ၌ ယာဉ်အစီးရေ ၈၀၀၊ ၁၀၀၀ ခန့် နေ့စဉ်ဖြတ်သန်းသွားလာနေပြီး ဖရဲ၊ သခွား စသည့် သစ်သီးဝလံများ လှိုင်လှိုင်ပေါသည့် ပွင့်လင်းရာသီတွင် နေ့စဉ်ဖြတ်သန်းသွားလာသော ယာဉ်အစီးရေ ၃၀၀၀ ကျော်အထိရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရသည်။

# ဇီးကုန်း၌ မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွက်များအား မျိုးကွဲနုတ်ပယ်

**ဇီးကုန်း အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ဆိတ်ဖူးကျင်းအုပ်စု ကံကြီးကျေးရွာ၌ အောက်တိုဘာ ၄ ရက်က ကွင်းအမှတ် (၃၄၉) တောင်သူဦးမျိုးသူ၏ ရတနာတိုးမျိုးထုတ်စိုက်ခင်းခြောက်ဧကအား မျိုးကွဲနုတ်ပယ်ခြင်း သရုပ်ပြပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အဆင့်တာဝန်ရှိသူများက မျိုးစေ့ထုတ်ခြင်းနည်းပညာများနှင့် မျိုးကွဲနုတ်ပယ်ခြင်း၊ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဒေသခံတောင်သူများအား လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# စိုက်ပျိုးရေး ၊ မွေးမြူရေး နည်းစနစ်ပိုင်းဆိုင်ရာ အောင်မြင်ဖြစ်ထွန်းမှုများလေ့လာ

**အမ်း အောက်တိုဘာ ၃၀**

ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေး တစ်ဖက်တစ်လမ်းမှ ဝင်ငွေအခွင့်အလမ်းများရရှိစေရေးအတွက် အမ်းမြို့နယ်လုံးဆိုင်ရာ လူငယ်ဆွမ်းလောင်းအသင်းက ဦးဆောင်စည်းရုံးမှုဖြင့် ကျောက်ဖြူ ခရိုင်၊ အမ်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၈ ရွာမှ တောင်သူကိုယ်စားလှယ် ၈၅ ဦးပါဝင်သော လေ့လာရေးအဖွဲ့သည် အောက်တိုဘာ၂၈ ရက်က အမ်းမြို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၊ စိုက်ပျိုးရေး ၊ မွေးမြူရေးဘက်စုံခြံသို့ သွားရောက်လေ့လာခဲ့ကြသည်။ အဆိုပါလေ့လာရေးအဖွဲ့အား ဘက်စုံခြံတွင် သိပ္ပံနည်းကျ စိုက်ပျိုးရေး ၊ မွေးမြူရေး အောင်မြင်ဖြစ်ထွန်းမှုနှင့် အချက်အလက်ဆိုင်ရာများအား ဒုတိယဗိုလ်မှူးကြီး မင်းမင်းဦးနှင့် တပ်ရင်း၊တပ်ဖွဲ့အရာရှိများက ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ်ရှင်းလင်းပေးခဲ့သည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးလုံးမောင်သိန်းက တောင်သူလေ့လာရေးအဖွဲ့များအား နယ်မြေဒေသရာသီနှင့်လိုက်ဖက်သော သီးနှံပင်များကို ဖြည့်စွက်ရှင်းလင်းပေးခဲ့သည်။

ယခုလို အောင်မြင်ဖြစ်ထွန်းနေသော စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းစနစ်များအား လေ့လာသိရှိခွင့်ရသည့်အတွက် များစွာအကျိုးရှိပြီး လက်တွေ့အသုံးချ စိုက်ပျိုး၊ မွေးမြူသွားမည်ဖြစ်ကြောင်း အဆိုပါတောင်သူများက ပြောသည်။ **(မြို့နယ် ပြန်/ဆက်)**



# ကယားပြည်နယ် ဒေသခံတိုင်းရင်းသားများ၏ ရိုးရာဓလေ့ မြေယာစီမံခန့်ခွဲမှုစနစ်များ သုတေသနပြုလုပ်ထားပြီး ယခုနှစ်အတွင်း လွှတ်တော်သို့တင်သွင်းမည်

**ဖြိုးလွင်အောင်(AMIA)**

ကယားပြည်နယ်အတွင်းရှိ ဒေသခံဌာနေတိုင်းရင်းသားများ၏ ဘိုးစဉ်ဘောင်ဆက်အသုံးပြုခဲ့သော ရိုးရာဓလေ့ မြေယာစီမံခန့်ခွဲမှုစနစ်များကို သုတေသနပြုလုပ်ထားပြီး ယခုနှစ်အတွင်း လွှတ်တော်သို့ တင်သွင်းသွားမည်ဖြစ်ကြောင်း ကယားပြည်နယ် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ရက် (KEAN) မှ ကိုစောအယ်စေးက ပြောသည်။

အစိုးရအဆက်ဆက်၏ မြေယာအသုံးချ စီမံခန့်ခွဲမှုဥပဒေများသည် ဒေသခံဌာနေတိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ နိုင်ငံရေး၊ လူမှုစီးပွားရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုများကို ခြိမ်းခြောက်နေခြင်းကြောင့် ယခုကဲ့သို့ သုတေသနစစ်တမ်းပြုလုပ်ကာ တင်သွင်းရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ကိုစောအယ်စေးက“ကျွန်တော်တို့ဆီမှာ မြေယာပိုင်ဆိုင်မှုကို စာနဲ့မှတ်တမ်းတင်ထားတာမရှိပေမယ့် ရိုးရာဓလေ့တွေအရ ကိုယ့်ပိုင်ဆိုင်မှုတွေကို အသိမှတ်ပြုလုပ်ကိုင်စားသောက်လာကြတာဖြစ်တဲ့အတွက် လုံခြုံမှုရှိပါတယ်။ ဒီနယ်တွေကအစိုးရရဲ့အုပ်ချုပ်မှုအောက်မှာရှိပေမယ့် မြေယာစီမံခန့်ခွဲမှုတွေကတော့ ရိုးရာဓလေ့တွေအတိုင်း၊ မျိုးနွယ်စုခေါင်းဆောင်တွေရဲ့ဓလေ့တွေအတိုင်းပဲ ကျင့်သုံးနေဆဲဖြစ်ပါတယ်”ဟု ပြောသည်။

ကယားပြည်နယ်အတွင်းရှိ ဒေသများတွင် ရိုးရာဓလေ့အရ စိုက်ပျိုးမြေများကို တစ်ဦးတည်းပိုင်မြေ၊ အများပိုင်စိုက်ပျိုးမြေ၊ မျိုးနွယ်စုပိုင်မြေစသဖြင့် ခွဲခြားထားပြီး ပြောင်းလွှဲရောင်းချခွင့်ကိုလည်း ဓလေ့ထုံးတမ်းများအရ မျိုးနွယ်စုမတူ သူများနှင့် ကျေးရွာသားမဟုတ်သူ ပြင်ပလူများကို ရောင်းချခွင့်မပြုကြောင်း ကိုစောအယ်စေးက ပြောသည်။

“ကျွန်တော်တို့ ဒေသတွေမှာ မြေကို ပြင်ပကိုရောင်းခွင့်မရှိဘူး။ ကိုယ့် ကျေးရွာသားကိုပဲ ရောင်းခွင့်ရှိတယ်။ ဘုံမြေဆိုရင်လည်း ဘယ်သူမှမထိရဘူး။ တစ်ခုခုချိုးဖောက်သူရှိရင် သူ့ကို ကိုယ့်ဓလေ့တွေအတိုင်း ရွာကနေ နှင်ထုတ်လိုက်တယ်။ ဒါအခုထိ ကျင့်သုံးနေတုန်းပဲ။ အစိုးရရဲ့မြေပိုင်ဆိုင်ခွင့် ပုံစံ ၇ တို့၊ ပုံစံ ၅ တို့က ဒီဓလေ့တွေနဲ့ဆန့်ကျင်သွားပြီ။ အဲ့ဒါကြောင့် မြေယာစီမံခန့်ခွဲမှုဥပဒေတွေကို ဒေသခံတိုင်းရင်းသားတွေရဲ့ဓလေ့စရိုက်၊ ဂုဏ်သိက္ခာတွေနဲ့လိုက်ရောညီထွေဖြစ်အောင် ကုလသမဂ္ဂရဲ့ ဌာနေမျိုးနွယ်စုဆိုင်ရာ သဘောတူညီချက်အမှတ် (ILO.169) ပါအချက်တွေအတိုင်း ပြင်ဆင်ရေးဆွဲသင့်တယ်”ဟု ၎င်းက ပြောသည်။

အဆိုပါ သုတေသနစစ်တမ်းကို ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းမှ စတင်ကာ ကယားပြည်နယ်ထဲရှိ မယ်စဲ့မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်များအတွင်းရှိ ကျေးရွာအုပ်စု ၁၅ စုမှ ရွာပေါင်း ၅၂ ရွာကို အခြေခံကာ စစ်တမ်းကောက်ယူထားခြင်းဖြစ်ကြောင်း သိရသည်။

# ငွေချည် (၉)ချည်မျှင်ရှည်ဝါစိုက်ခင်းတောင်သူပညာပေးကွင်းသရုပ်ပြ

**ဖေထွဋ်းဇော်(ရေစကြို)**



**ရေစကြို အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဂွေးချိုရေလှောင်တမံဧရိယာတွင် ဌာနနှင့် အကျိုးတူတောင်သူများစိုက်ပျိုးထားရှိသည့် ငွေချည်(၉)ချည်မျှင်ရှည်ဝါစိုက်ခင်း တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၂၈ ရက်က တောင်သူ ဒေါ်နု၏ တစ်ဧကစိုက်ခင်းတွင် ပြုလုပ်သည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရန်နောင်ကျော်စွာနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ဝင်းတို့က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်က ဝါမျိုးများ၏ ထူးခြားကောင်းမွန်သော အချက်အလက်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်မောင်က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အကြောင်းကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) ကွင်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်ရီမြင့်က ဝါအထွက်တိုးရေး၊ သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်များ အကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

## ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ အချိန်မီ၊ အချိန်ကိုက် စိုက်ပျိုးနိုင်ရေးအတွက်

## စိုက်ပျိုးသင့်သည့် သီးနှံပုံစံများ နှိုးဆော်ချက်

စိုက်ပျိုးရေးဦးစီးဌာနသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေပြီး အကျိုးအမြတ်များသည့် လယ်ယာသီးနှံများနှင့် အာဟာရပြည့်ဝသော လယ်ယာထွက်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိရာ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုနိုင်စေရေး၊ ပြောင်းလဲဖြစ်ပေါ်နေသော ရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံပုံစံများကို အောက်ဖော်ပြပါ အခြေခံအချက်များဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါသည်-

၁။ ရေရရှိမှုသေချာသည့် ဆည်ရေသောက်ဧရိယာများတွင် စပါးအခြေခံသီးနှံပုံစံများကို နှစ်သီး (သို့မဟုတ်) သုံးသီးစိုက်ပျိုးသွားရန်၊ ဆည်ရေလုံလောက်မှု မရှိသော ဧရိယာများတွင် စပါးအပြီး သီးထပ်သီးနှံများအဖြစ် ရေလိုအပ်ချက်နည်းသော (ပဲမျိုးစုံ၊ ဆီထွက်သီးနှံ)၊ သက်တမ်းတိုမျိုးများ ရွေးချယ်စိုက်ပျိုးရန်။

၂။ မိုးကောင်းသောက် ဧရိယာများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှု လျော့နည်းသောဒေသများရှိ လယ်မြေဧရိယာဖြစ်ပါက သက်တမ်းတိုအထွက်ကောင်းမျိုးများဖြင့် နှစ်သီးပုံစံဖြင့် စိုက်ပျိုးသွားရန်။

၃။ မိုးကောင်းသောက် ဧရိယာများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှု လျော့နည်းသော ဒေသများရှိ ယာမြေဧရိယာဖြစ်ပါက သက်တမ်းတိုအထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်၍ သီးညှပ်ပုံစံဖြင့် စိုက်ပျိုးသွားရန်။

၄။ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုများသောဒေသများရှိ ရေလွှမ်းမိုးမှု၊ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်သော ဧရိယာများ၌ ရေမြုပ်ခံစပါးမျိုး ပြောင်းလဲစိုက်ပျိုး၍ ရေကျသွားပါက သက်တမ်းတို အထွက်ကောင်းသော စပါးမျိုးများ (ရက် ၉၀၊ ရွှေသွယ်ရင်၊ သီးထပ်ရင်၊ ဆင်းနွယ်ရင်၊ ရွှေမြန်မာ၊ ရတနာအောင်၊ ရတနာတိုး၊ IR-747၊ MR-9၊ ထွန်းသီရိ၊ ရွှေမနော်၊ ရေဆင်း-၃) စသည့်မျိုးများ ဦးစားပေးစိုက်ပျိုးရန်။

၅။ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုများသော ဒေသများရှိ ရေလွှမ်းမိုးမှု၊ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်သော ဧရိယာများ၌ ရေကျသွားပါက စပါးစိုက်ရန်အချိန်မမီပါက ပြောင်းသီးနှံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင်သီးနှံများကို အကျိုးအမြတ်ရှိပြီး ဒေသ ရေမြေနှင့်ကိုက်ညီသော သီးနှံများကို ရွေးချယ်စိုက်ပျိုးသွားရန်။

၆။ ယာမြေဧရိယာတွင် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ပါက သီးညှပ်ပုံစံ (သို့မဟုတ်) သီးနှံသစ်တောပုံစံ စိုက်ပျိုးသွားရန်။

၇။ သီးနှံများရွေးချယ်ရာတွင် သက်တမ်းတိုသော သီးနှံမျိုးကွဲနှင့် ရေလိုအပ်ချက်နည်းသော သီးနှံများကို ဦးစားပေးရွေးချယ်ရန်။

၈။ ဖြစ်ပေါ်နေသော ရာသီဥတုနှင့် ကိုက်ညီသည့် စိုက်ပျိုးသင့်သည့် သီးနှံပုံစံများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများ၊ ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ငါ့သရောက်မြို့နယ်တွင် ပင်ပြန့်မြေပဲများ ဖြိုင်ဖြိုင်ပေါ်ချိန် မိုးများရွာသွန်းနေ၍ မြေပဲစိုက်တောင်သူများလုပ်ကိုင်ရအခက်ကြုံ

**ရဲဝင်းနိုင်(ညောင်ဦး)**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ယခုအချိန်သည် တောင်သူများ မိုးဦးမိုးဖြင့် စိုက်ပျိုးထားသည့် ပင်ပြန့်မြေပဲ စိုက်ခင်းများကို မနားမနေ ဝင်ရောက်သိမ်းဆည်းနေရသည့်အချိန်ဖြစ်ပြီး မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်သူများအနေဖြင့် ပင်ပြန့်မြေပဲခင်းများ သိမ်းဆည်းရန်အတွက် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ငါ့သရောက်မြို့နယ် တောင်တောကျေးရွာမှ မြေပဲစိုက်တောင်သူများထံမှ သိရသည်။

“ငါ့သရောက်မြို့နယ်မှာဒီနှစ် မိုးရွာသွန်းမှုတွေက ပြီးခဲ့တဲ့နှစ်တွေထက်ပိုပြီး ကောင်းနေပါတယ်။ ဒါပေမယ့် ခုအချိန် မိုးရွာ သွန်းတာဟာ ကျွန်တော်တို့ တောင်သူတွေအတွက် အခက်အခဲဖြစ်ရပါတယ်။ ဒီအချိန်က ကျွန်တော်တို့မြို့နယ်မှာ တောင်သူတွေ မိုးဦးမိုးနဲ့ စိုက်ပျိုးထားတဲ့ ပင်ပြန့်မြေပဲခင်းတွေ သိမ်းဆည်းနေရတဲ့ အချိန်ပါ။ ကျွန်တော်တို့ ရွာမှာဆိုရင် ပင်ပြန့်မြေပဲ စိုက်ပျိုးထားတဲ့ တောင်သူတချို့ဆိုရင် မိုးမရွာလောက်ဘူးဆိုပြီးမြေပဲခင်းတွေ ခားခုတ်ကြတာ။ မိုးကအဆက်မပြတ်ရွာသွန်းနေတော့ မြေကအစိုဓာတ်များပြီး ဘာမှကိုဆက်လုပ်လို့မရတော့ပါဘူး။ နောက်ပြီးလုံးဝမလုပ်ရသေးတဲ့ မြေပဲစိုက်တောင်သူတွေလည်း မိုးကကောင်းနေတော့ မြေပဲဥတွေ အောက်ကျမှာကိုစိုးရိမ်နေကြပါတယ်။ မြေပဲဥတွေ အောက်ကျကုန်ရင် တောင်သူတွေအတွက် ငှားရမ်းခစရိတ်တွေ အကုန်အကျများပြီးလုပ်ရကိုင်ရတာတွေလည်း အခက်အခဲဖြစ်ရပါတယ်။ ဒါ့အပြင် မြေပဲဈေးနှုန်းကမကောင်း အလုပ်သမားငှားရမ်းခစရိတ်က မြေပဲပုတ်တဲ့သူတစ်ယောက်ကိုငွေကျပ် ၅၀၀၀ ခန့်၊ မြေပဲဖက်သယ်ယူတဲ့ အငှားလိုက်အမျိုးသမီးတစ်ဦးကိုငွေကျပ် ၃၀၀၀ ခန့် ပေးငှားနေရတာကြောင့် တောင်သူတွေအတွက် တွက်ခြေမကိုက်ပါဘူး”ဟု ငါ့သရောက်မြို့နယ် တောင်တောကျေးရွာမှ ပင်ပြန့်မြေပဲစိုက်တောင်သူတစ်ဦးက ပြောပြသည်။



# ကိုရီးယားဆရာဝန်များအဖွဲ့က မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လှိုင်သာယာမှပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ရန်ကုန် အောက်တိုဘာ ၃၀**

ကိုရီးယားနိုင်ငံ ဝမ်ကျူးမြို့မှ ဆရာဝန်များနှင့် သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများ ပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့တစ်ဖွဲ့ဖြစ်သည့် ကမ္ဘာမြေကို ဆက်သွယ်ပေးမည့် ကြိုးလေးတစ်မျှင် အဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ အောက်တိုဘာ ၂၈ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကိုရီးယားဆေးပညာရှင်များအဖွဲ့သည် လှိုင်သာယာမြို့နယ်ပြည်သူ့ဆေးရုံကြီး၌ အခြေပြု၍ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား အထွေထွေရောဂါ၊ အရိုးအကြော၊ မျက်စေ့စမ်းသပ်ခြင်းနှင့် မျက်မှန်တပ်ဆင်ပေးခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူ ၂၀၀ ကျော်အား စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

"မြန်မာပြည်သူတွေက ဖော်ရွေတယ်၊ ရိုးသားပွင့်လင်းတယ်လို့ ဟိုမှာကြားထားတဲ့စကားအတိုင်း မြင်တွေ့ရတယ်။ ဆေးရုံက ဆေးရုံအုပ်နဲ့ ဆရာ ဆရာမတွေ ဝိုင်းဝန်းကူညီတာမြင်ရတော့ အခြားနိုင်ငံတွေလို မဟုတ်တဲ့အတွက် အားလုံးလည်း ပီတိဖြစ်ရတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၆၀၊ ၁၉၇၀ ပြည့်နှစ်တွေနဲ့ မြန်မာနိုင်ငံဟာ အခုအချိန်မှာ တူညီနေတာတွေ့ရတယ်။ တစ်ချိန်က ကိုရီးယားနိုင်ငံ အခက်အခဲဖြစ်နေချိန်မှာ ကူညီခဲ့တာတွေကိုလည်း မမေ့ပါဘူး။ ကျောင်းသားတွေဟာ နိုင်ငံရဲ့အုတ်မြစ်ဖြစ်တဲ့အတွက် ကျန်းမာသန်စွမ်းဖို့လိုတယ်။ ဒါကြောင့် ကျောင်းသားတွေကို အဓိကထားပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးပါတယ်"ဟု အဆိုပါ ကိုရီးယားအဖွဲ့မှ ဆေးဘက်ဆိုင်ရာဆရာဝန်ကြီး Mr. Kim Yun Soo က ပြောသည်။

အဖွဲ့ခေါင်းဆောင်ဖြစ်သူ Mr.Kim Soong Cheol ကလည်း "ကလေးတွေကဖြူစင်တယ်၊ ပွင့်လင်းတယ်။ ပထမအကြိမ် လာရောက်တာဖြစ်တဲ့အတွက် လိုအပ်ချက်တွေသိလာရတော့ နောက်တစ်ကြိမ်မှာ ပိုပြီးဆောင်ရွက်ပေးနိုင်မှာပါ။ ကျောင်းသားတွေဟာ ခေါင်းမူးတာများတဲ့အတွက် ဗီတာမင်ဓာတ်တွေလိုတယ်။ အားဆေးတွေပေးတယ်။ သံချဆေးတွေပေးတယ်။ မျက်မှန်လိုအပ်သူကို စမ်းသပ်တပ်ဆင်ပေးတယ်။ ဒီအဖွဲ့လေးက နှစ် ၂၀၊ ၃၀ စီမံကိန်းနဲ့ ကိုယ်ကျိုးမဖက်လုပ်ဆောင်တဲ့ ဂွမ်ဂျူးစက်မှုမြို့က ဆရာဝန်တွေနဲ့ လူမှုအဖွဲ့တွေ ပေါင်းစည်းထားတဲ့အဖွဲ့ပါ။ အနာဂတ်ရည်မှန်းချက်ကိုယ်စီရှိတဲ့ ကျောင်းသားတွေရဲ့ ကျန်းမာရေးကို အဓိကထားပြီး ကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ပြောသည်။

အဆိုပါ ဆရာဝန်များအဖွဲ့သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ၂၀၁၃ ခုနှစ်တွင် တက်ရောက်၍ ဂွမ်ဂျူးဂုဏ်ထူးဆောင်နိုင်ငံသားလက်မှတ် ချီးမြှင့်ခဲ့သောမြို့မှဖြစ်ပြီး ယခုဆေးကုသပေးရာတွင် ဒေါ်အောင်ဆန်းစုကြည် ကူညီထောက်ပံ့မှုဖြင့် ဖွင့်လှစ်ထားသော Mother Home School မှ ကျောင်းသားများအား အဓိကထား၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင်ပါဝင်သော ဆရာဝန်များက ကျန်းမာရေးစောင့်ရှောက်မှုများကို နှစ်ရက်ကြာဆောင်ရွက်ပေးခဲ့သည့်အပြင် အဖွဲ့တွင် စက်မှုပညာရှင်နှင့် စီးပွားရေးပညာရှင်များလည်း ပါဝင်ကြောင်း၊ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် လာရောက်၍ ဆေးဝါးထောက်ပံ့ခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်းနှင့် ကျောင်းသားများအတွက် ပညာရေးထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကာ သုံးနှစ်ဆက်တိုက် လာရောက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်**

# ဂေါ်ရခါးရိုးရာယဉ်ကျေးမှု ဒီပဝါလီပွဲတော် တာချီလိတ်မြို့၌ ကျင်းပ

**တာချီလိတ် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ်၏ တာချီလိတ်အဖွဲ့ခွဲနှင့် ဂေါ်ရခါးလူမှုကူညီရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဒီပဝါလီပွဲတော် အထိမ်းအမှတ်ပွဲတော်ကို အောက်တိုဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားကို တာချီလိတ်မြို့ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဆူရာပါချ်က ဆီမီးထွန်းညှိဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က ဂေါ်ရခါးလူမျိုးတို့၏ သမိုင်းအကျဉ်းကို အမှာစကားပြောကြားပြီး ဂေါ်ရခါးယဉ်ကျေးမှုအဖွဲ့ဝင်တစ်ဦးက ဒီပဝါလီပွဲတော်ကျင်းပခြင်း သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။




ထို့နောက် တာချီလိတ်မြို့ ဂေါ်ရခါးယဉ်ကျေးမှုအဖွဲ့က အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ကာ ရိုးရာအစားအစာများဖြင့် ဧည့်ခံခဲ့သည်။

ဂေါ်ရခါးလူမျိုးတို့၏ ၁၂ ရာသီပွဲတော်များအနက် ဒီပဝါလီပွဲတော်သည် မြန်မာလူမျိုးတို့၏ သီတင်းကျွတ်မီးထွန်းပွဲတော်ကဲ့သို့ဖြစ်ပြီး ပါဠိဘာသာ ဒီပ"အလင်းရောင်"နှင့် ဝါလီ"အများအပြား"ကို ပေါင်း၍ ခေါ်ဝေါ်ခြင်းဖြစ်ကာ အမှောင်ထုအပေါ် အလင်းရောင်က ဖြိုခွင်းလင်းလက်ဖောက်ထွင်းနိုင်မှု၊ မကောင်းမှုအပေါ် ကောင်းမှုက အောင်ပွဲခံမှု၊ မသိတရားအပေါ် အသိတရားက ဩဇာသက်ရောက်မှုစသည့် ကောင်းခြင်းအဖြာဖြာကို ကိုယ်စားပြု ကျင်းပသည့်ပွဲဖြစ်ကြောင်း၊ တတိယမြောက်နေ့တွင် လက်လာဘ စည်းစိမ်ဥစ္စာများ ဖြည့်ဆည်းပေးသည်ဟု ဂေါ်ရခါးလူမျိုးများ ယုံကြည်ကိုးကွယ်ကြသည့် မယ်တော်လက်ချမီးကို ပူဇော်ပသကာ နောက်ဆုံးနေ့တွင် အဝေးရောက်နေသည့် မောင်နှမ၊ ဆွေမျိုးသားချင်းများ ပြန်လည်တွေ့ဆုံကြကြောင်း၊ ရိုးရာဓလေ့ထုံးတမ်းအရ အထူးမွန်မြတ်သည့်လဖြစ်ခြင်းကြောင့် အလှူအတန်းများ ရက်ရက်ရောရောပြုလုပ်လေ့ရှိကြောင်း၊ နေ့လယ်ပိုင်းတွင် မိသားစုများစုစည်း၍ ရိုးရာအစားအစာများ စုံလင်စွာချက်ပြုတ်စားသောက်ပြီး ညဘက်အချိန် လူငယ်လူရွယ်များစုပေါင်းကာ တစ်အိမ်ဝင် တစ်အိမ်ထွက် ရိုးရာတေးဂီတ၊ အကများဖြင့် ဖျော်ဖြေပြီး ဆုတောင်းမေတ္တာပို့သည့် ရိုးရာပွဲဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## မှုခင်းသတင်းတိုများ

### မိုးရွာနေချိန်တီဗွီအင်တာနာလှည့်စဉ် မိုးကြိုးပစ်၍ လူတစ်ဦးသေဆုံး

ချောက်မြို့နယ် ညောင်ဇင်ကျေးရွာ၌ အောက်တိုဘာ ၂၇ ရက်က မိုးရွာနေချိန်တွင် တီဗွီအင်တင်နာကိုလှည့်နေစဉ် မိုးကြိုးပစ်ခံရ၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ သေဆုံးသူမှာ ဖြိုးအောင်ဝေ (၂၉ နှစ်)ဖြစ်ပြီး နေအိမ်၌ တီဗွီကြည့်နေစဉ် မိုးရွာသွန်းပြီး တီဗွီလိုင်းမကြည်သဖြင့် နေအိမ်ရှေ့ရှိ တီဗွီအင်တာနာတိုင်နှင့်ဆက်သွယ်ထားသော ဝါးလုံးတိုင်ကိုလှည့်နေစဉ် မိုးကြိုးပစ်ခတ်မှုကြောင့် ဒဏ်ရာများရရှိသေဆုံးခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ချောက်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

### တောင်ကုတ်မြို့နယ်၌ ရေလုပ်သားတစ်ဦးရေနစ်သေဆုံး

တောင်ကုတ်မြို့နယ် ကျောက်ဆိပ်တောင်ကျေးရွာအနီး၌ အောက်တိုဘာ ၂၈ ရက်က ရေလုပ်သားတစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။ သေဆုံးသူမှာ ဆားပြင်ရွာနေ ဦးဇော်နိုင်ရွှေ(၃၀ နှစ်)ဖြစ်ပြီး ပိုက်ဖောင်ချထားသောပိုက်ကို ရေငုပ်၍ဖော်စဉ် ရေနစ်သေဆုံးရခြင်းဖြစ်ကြောင်း ပြည်သူ့ဆေးရုံတွင် စစ်ဆေးချက်အရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ဘားအံမြို့နယ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း အောက်တိုဘာ ၂၅ နှင့် ၂၆ ရက်ကစိတ်ကြွရူးသွပ်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိခဲ့ကြောင်း သိရသည်။ ကော့ခမိတ်ကျေးရွာနေ စောဝေလင်းအောင် (၂၄နှစ်)၏ နေအိမ်သို့ ပူးပေါင်းအဖွဲ့များက အောက်တိုဘာ ၂၅ ရက်က ဝင်ရောက်ရှာဖွေစဉ် စိတ်ကြွရူးသွပ်ဆေးပြား ၃၅ ပြားနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိ၍ အိန္ဒုရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကာ အောက်တိုဘာ နောက်ဆုံးပတ်က ဘားအံ-ထုံးအိုင်ကားလမ်းဘေး နောင်ထလုံးကျေးရွာနေ သန်းဝင်း (ခ) ဒါဒါ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၇ ပြားနှင့် ဆက် စပ်ပစ္စည်းများကို ထပ်မံ ဖမ်းမိသဖြင့် ထုံးအိုင်နယ်မြေရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

### မော်တော်ယာဉ်တစ်စီး လမ်းဘေးမြောင်းထဲထိုးကျ

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အနီး နားယကာရွာတွင် အောက်တိုဘာ ၂၇ ရက်က မော်တော်ယာဉ်တစ်စီး လမ်းဘေးမြောင်းထဲသို့ထိုးကျ၍ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ နန့်သောင်ရွာနေ ယာဉ်မောင်းဦးလှရွှေ(၄၄ နှစ်)မောင်းနှင်လာပြီး စားသောက်ကုန်များတင်ဆောင်ထားသော လိုက်ထရက်အဖြူရောင်ယာဉ်သည် ဗန်းမောက်-မံစီကားလမ်းအတိုင်း မောင်းနှင်လာစဉ် နားယကာရွာအနီးတွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြော လမ်းဘေးရေမြောင်းထဲထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကာ ယာဉ်ကို ပေါ့ဆစွာ မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းဦးလှရွှေအား ဗန်းမောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝ၆၉**

### ရွှေပြည်သာ၌ ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက် မဟာမြိုင်လမ်းပေါ် အောက်တိုဘာ ၂၇ ရက် ည ၇ နာရီခန့်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ပြီး ဆိုင်ကယ်မောင်းနှင်လာသူ အမျိုးသားနှစ်ဦးအနက် တစ်ဦးမှာ ဦးခေါင်း၊ လက်၊ ရင်ဘတ်တို့တွင် ပြင်းထန်ဒဏ်ရာများရရှိ၍ အင်းစိန်ဆေးရုံသို့တင်ပို့ထားရကြောင်းနှင့် ကျန်တစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

### လူငယ်နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ အသက် ၁၇ နှစ်အရွယ် လူငယ်နှစ်ဦးထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ အောက်တိုဘာ ၂၇ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ထားဝယ်မြို့မရဲစခန်းမှ ရဲအုပ်သိန်းဇော်ဦးနှင့်အဖွဲ့က သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ထားဝယ်မြို့ ရှမ္မလည်ဆွဲရပ် ဆေးရုံလမ်းနေ ဒေါ်သန်းမြင့်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေစစ်ဆေးစဉ် နေအိမ်အောက်ထပ်တွင် ထူးအောင်ကောင်း (၁၇ နှစ်) နှင့် အံ့သူ(၁၇ နှစ်)တို့ထံမှ စိတ်ကြွရူးကြွဆေးပြား ၁၄၁ ပြားကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ဆေးပြားများကို ထားဝယ်မြို့ ပိန္နဲတောရပ်နေ ကိုယုန်(ခ)မင်းသက်ဌေးထံမှရရှိကြောင်း သိရှိရသဖြင့် သွားရောက် ဖမ်းဆီးရာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ထူးအောင်ကောင်းနှင့် အံ့သူတို့အား ထားဝယ်မြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဝက်လက်မြို့ ဘုရားကြီးပွဲတော်တွင် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပမည်

**ဝက်လက် အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့၌ သမိုင်းဝင် အာယုဂဏန အဘယဆုတောင်းပြည့်စေတီ(ဘုရားကြီး)၏ ဘုရားပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ ထည့်သွင်းကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဝါသနာရှင်အသင်းများအနေဖြင့် မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အသင်းများအနေဖြင့် ဖုန်း-၀၉-၉၇၆၀၅၀၁၁၁ နှင့် ၀၉-၉၆၇၀၄၉၈၈၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

# မြို့နယ် အား/ကာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**မိတ္ထီလာ အောက်တိုဘာ ၃၀**

မိတ္ထီလာမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မိတ္ထီလာမြို့နယ်အားကစားကွင်း၌ အောက်တိုဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် ရန်မျိုးအောင်ရပ်ကွက်ဘောလုံးအသင်းက ချည်စက်ရပ်ကွက်ဘောလုံးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။ ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ ဆုရရှိသည့်ဘောလုံးအသင်းများနှင့် အားကစားသမားများအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ၊ ပွဲစဉ်တစ်လျှောက် အသန့်ရှင်းဆုံးအသင်းနှင့် နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမောင်ရွှေနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

မိတ္ထီလာမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ရပ်ကွက် ကျေးရွာများမှ ဘောလုံးအသင်း ၁၉ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲကို စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၂၈ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ခြင်းလုံးအလှခတ်ပွဲနှင့် မြန်မာ့သိုင်း သရုပ်ပြပွဲကျင်းပမည်

**ကျောင်းကုန်း အောက်တိုဘာ ၃၀**
မြန်မာ့ရိုးရာအမွေအနှစ် အားကစားနည်းများဖြစ်သော မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားနည်းနှင့် မြန်မာ့သိုင်းပညာရပ်များ တိမ်ကောပျောက်ပျက်မသွားစေရန် ရည်ရွယ်၍ ခြင်းလုံးအလှခတ်ပွဲနှင့် မြန်မာ့သိုင်း သရုပ်ပြပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ နိုဝင်ဘာ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ခြင်းလုံးအလှခတ်ပွဲတွင် ကျောင်းကုန်းမြို့ ရေကြည်မြို့ အသုတ်မြို့ ကျုံပျော်မြို့ ပန်းတနော်မြို့နှင့် ပုသိမ်မြို့များမှ ခြင်းလုံးဝါသနာရှင်များနှင့်အတူ မြန်မာ့လက်ရွေးစင် ခြင်းလုံးကစားသမားများဖြစ်သော သိဂ်ီမင်းမင်းစိုး၊ ဟသ်ာတအောင်အောင်၊ ခေတ္တရာအောင်အောင်(ရန်ကုန်)နှင့် ဝါသနာလုလင် အောင်စိုးမိုး(နေပြည်တော်)တို့က ရိုးရာခြင်းလုံးပညာများကို ပြသမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့သိုင်း သရုပ်ပြပွဲတွင် လက်ရွေးစင်အားကစားသမားများနှင့် ကျောင်းကုန်းမြို့နယ်မှ မျိုးဆက်သစ် မြန်မာ့သိုင်းကစားသမားများက လက်သိုင်းပညာစဉ်ပြ၊ ဓားတစ်လက်ပညာစဉ်ပြ၊ အဖွဲ့လိုက်လက်သိုင်း အခြေခံသရုပ်ပြ၊ လက်နက်ကိုင်လေးဦးနှင့် လက်နက်မဲ့တစ်ဦး ဝိုင်းထွက်သရုပ်ပြစသည့် သရုပ်ပြကွက်များကို ကစားပြသမည်ဖြစ်ပြီး မြန်မာ့သိုင်း လက်ရွေးစင်အဖွဲ့ကလည်း လက်နက်မဲ့တစ်ဦး လက်နက်ကိုင်သုံးဦး သရုပ်ပြ၊ လက်နက်မဲ့တစ်ဦး လက်နက်ကိုင်ငါးဦး သရုပ်ပြ၊ ဗန်တိုအချုပ်အဖြည် သရုပ်ပြ၊ ဓားနှစ်လက်ပညာစဉ်ပြ၊ ပြိုင်ပွဲဝင်ဗန်တိုအတိုက် သရုပ်ပြစသည်တို့ကို ပြသသွားမည်ဖြစ်ကြောင်း၊ ခြင်းလုံးအလှခတ်ပွဲနှင့် မြန်မာ့သိုင်း သရုပ်ပြပွဲကို နိုဝင်ဘာ ၃ ရက် တစ်ရက်တည်း နံနက် ၉ နာရီအချိန်မှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(မြန်/ဆက်)**

## မကွေးမြို့သာယာလှပရေး အကျိုးဆောင်ရန် မာဃအသင်းထူထောင်မည်

**မကွေး အောက်တိုဘာ ၃၀**
ပရဟိတအသင်းများ ဖွံ့ဖြိုးမှုအားကောင်းသော မကွေးမြို့၌ မြို့တော်သာယာလှပရေးလုပ်ငန်းများကို ပရဟိတအသွင်ဖြင့် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြို့အကျိုးဆောင် 'မာဃ'အမည်ရှိ အသင်းအဖွဲ့တစ်ခုကို နိုဝင်ဘာလဆန်းပိုင်းမှ စတင်ထူထောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

